
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသင်

## အသည်းကွဲလိပ်ပြာ


၂၀၁၄ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

အသင်

အသည်းကွဲလိပ်ပြာ၊ အသင် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၇၂-စာ၊ ၅×၇

(၁) အသည်းကွဲလိပ်ပြာ




# အသင်



## အသည်းကွဲလိပ်ပြာ


စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

**အသင်၏ထွက်ရှိပြီးစာအုပ်များ**


၁။ ညစ၏ရစ်ပတ်နှောင်ဖွဲ့တတ်သော
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၃။ ဝိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်
၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)
၆။ ပန်းနုရောင်သကော်တလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)
၇။ ရင်သို့ကြွေလင့်လတစ်စင်း
၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၉။ အကြင်နာတကယ်စစ်ရင်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယဉ်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၁၁။ ချစ်သူလက်နဲ့တောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး
(လပ်ကီးဘော့စ် ဗီဒီယိုမှဝယ်ယူပြီး)
၁၃။ ရင်ထဲက ဘောဘီ
(ဗီးနစ် ဗီဒီယိုမှဝယ်ယူပြီး)
၁၄။ ကိုုန်စာပြယ် ဒဏ္ဍာရီ
(ဗီးနစ် ဗီဒီယိုမှဝယ်ယူပြီး)
၁၅။ အမုန်းနယ်နိမိတ်က အချစ်သူရဲကောင်း
၁၆။ ချစ်သောကိုကြီး


**ယခုလ**


၁၇။ အသည်းကွဲလိပ်ပြာ




# ၁

သူ့ဆီ ပန်းသွေး ဖုန်းခေါ်နေတာ အကြိမ်ကြိမ်ရှိပြီ။ ဖုန်းလုံးဝမကိုင်တာမို့ ပန်းသွေး စိုးရိမ်စိတ်လေးတွေက ငယ်ထိပ်အထိ ဆောင့်တက်လာသည်။ နောက်တစ်ကြိမ်ခေါ်လို့မှ သူမကိုင်ရင် သူ့တိုက်ခန်းကို လိုက်သွားဖို့ သူမ ဆုံးဖြတ်ပြီးပြီဖြစ်သည်။

နောက်ဆုံး call အဖြစ် သတ်မှတ်ထားတဲ့ဖုန်းခေါ်ဆိုဆိုချင်း သူ ဖုန်းကိုင်တာမို့ သူမစိတ်က အတော်ကြီးကို အေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လျှံ ...ရှင့်ကိုခေါ်နေတာ ဘယ်နှ call တောင် ရှိနေပြီလဲ၊ ဘာလုပ်နေတာလဲ၊ ဘာဖြစ်နေတာလဲ၊ ဒီရက်တွေထဲ ရှင် ပန်းကို အဆက်အသွယ်ဖြတ်ထားပြီး ဘာတွေလုပ်နေတာလဲ၊ ပြောစမ်းပါဦး"

"ကိုယ် အလုပ်တစ်ခုလုပ်ဖို့ စီစဉ်နေလို့ပါ ပန်း"

"ဟင် ... တကယ်လား၊ ကောင်းလိုက်တာ၊ ဒါနဲ့ ဘာအလုပ်များလဲ"

သူစိတ်လေပြီး လွင့်နေတာကြာပြီမို့ ပန်းသွေး သူ့စကားကြားတော့ ထ,ခုန်မိမတတ် ဝမ်းသာမိပါသည်။ ပန်းမေးခွန်းကို သူ ချက်ချင်းအဖြေမပေးဘဲ အကြာကြီး ငြိမ်နေပြီးမှ ...

"ကိုယ့်ကို ခဏလောက် အဆက်အသွယ် ဖြတ်ပေးထားလို့ ရမလား ပန်း၊ ကိုယ် အလုပ်ကိစ္စပြီးရင် ပြန်ဆက်သွယ်ပါ့မယ်၊ ကမ္ဘာပေါ်မှာ ကိုယ်လက်တွဲရမယ့်တစ်ဦးတည်းသော မိန်းကလေးက ပန်းပါပဲ"

"ဘာ ... ဘာတွေပြောနေတာလဲ လျှံ၊ ပန်း နားမလည်ဘူး"





သူ့ဆီက ထူးထူးဆန်းဆန်း စကားတွေကြောင့် ပန်းစကားတွေ ထစ်ငေါ့မတတ် ဖြစ်ရပါသည်။ သူ အလုပ်လုပ်တာနဲ့ ပန်းကို အဆက်ဖြတ်ခိုင်းတာ သေချာတွေးကြည့်ရင် ဘာဆိုင်လို့လဲနော်။

"အခုအချိန်မှာ ကိုယ် ဘာမှမပြောနိုင်သေးဘူး ပန်းရယ်။ please ကိုယ့်ကို စွတ်အတင်းမေးဖို့ မကြိုးစားပါနဲ့။ နောက်နေ့တွေကစ,ပြီး ကိုယ့်ကို အဆက်အသွယ်မလုပ်ပါနဲ့၊ ကိုယ် ပန်းဆီ ပြန်လာမှာပါ၊ ကတိပေးပါတယ်"

သူ့စကားတွေကြောင့် ပန်းသွေး ရူးတောင်ရူးချင်လာနိုင်သည်။ ထပ်မေးဖို့ ပါးစပ်ပြင်တော့ သူ့ဘက်က ဖုန်းချသွားသည်။ ပြန်ခေါ်ရင် မကိုင်တော့မှာ သိထားတာမို့ ပန်းသွေး စိတ်ရှုပ်ရှုပ်နှင့် မျက်မှောင်ကြုတ်ရင်း ဖုန်းချလိုက်ရပါသည်။

လျှံတိုးဝေဆိုတဲ့ သူနဲ့ ပန်းသွေးနီဆိုတဲ့ သူမတို့က ငယ်ငယ်လေးတည်းက ခင်ခဲ့ရတဲ့ အရင်းအနှီးဆုံး သူငယ်ချင်းတွေလေ။ အရွယ်လေးရောက် စိတ်တွေပြောင်းလဲလာတဲ့အခါမှာလည်း ခေါင်းစဉ်အသစ်တစ်ခုရဲ့အောက် နှစ်ယောက်သား ခိုလှုံခဲ့ကြသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ ပျော်ရွှင်ချမ်းမြေ့စရာ၊ ကြေကွဲဝမ်းနည်းစရာတွေကို နှင့်ကိုယ်တစ်စိတ်လို အတူဝေမျှခံစားရင်း အမုန်းမရှိနေ့ရက်တွေကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြသည်လေ။ လျှံ ကံဆိုးမိုးမှောင်ကျခဲ့တဲ့ နေ့ရက်တွေမှာ သူမ လျှံ့ရဲ့လက်ကို မြဲမြဲကိုင်ပြီး အားပေးဖော်လေး ဖြစ်ခဲ့ဖူးသည်။ သို့ပါသော်လည်း ဒီကြေကွဲမှုကြီးကတော့ လျှံတိုးဝေဆိုတဲ့ လူသားရဲ့နှလုံးသားကို ရစရာမရှိအောင် ဖျက်ဆီးခြေမွသွားခဲ့သည်လေ။ နောက်ဆုံး သူ့ရဲ့မိသားစုဝင် သူ့မေမေဆုံးအပြီးမှာ လျှံ တော်တော်ကြီး စိတ်လေသွားခဲ့သည်။

"စိတ်ပူလိုက်တာ လျှံရယ်၊ ရှင် ဘာတွေများ လုပ်နေတာလဲ"

✤ ✧ ✤





# ( ၂ )

နို့နှစ်ရောင်လို ဖြူဖွေးသောအသား၊ ပိတုန်းရောင်လို မည်းမှောင်သောဆံသား၊ မပိန်လွန်း မဝလွန်းသော ကိုယ်လုံးလှလှလေးနှင့် ဘယ်ရောညာပါ ပါးချိုင့်ပါသော ရှင်မင်းညို ဆိုသော ကောင်မလေးရဲ့အနားမှာ ပုရိသတို့က ဝိုင်းဝိုင်းလည်လို့ပေါ့။

ချိုလွင်လွင် ရယ်သံလေး၊ မာယာပါတဲ့ မျက်လုံးအဝင့်နဲ့ သာယာနာပျော်ဖွယ် ဆွဲဆောင်မှုရှိတဲ့ စကားသံတွေကြားမှာ ချာချာလည်အောင် ရူးခဲ့တဲ့ ယောကျ်ားသားတွေ လက်ချိုး၊ ခြေချိုး ရေလို့တောင် မရလေ။ ဒီသာယာမှုကြားမှာ ရှင်းမင်းညိုတစ်ယောက် အကြီးအကျယ်ကို ဘဝင်ခိုက်ခဲ့တာပေါ့။ ဖြစ်နိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဉမ္မာဒန္တီလို တွေ့တွေ့သမျှ ပုရိသတို့ သူမအလှကိုအတွေ့ မူးမေ့တောင်လဲစေချင်ခဲ့တာ။

ဘယ်သူ့ကိုမှ အတည်မတွဲဘဲ၊ ငြင်းလည်းမငြင်းဘဲ၊ ကြိုးရှည်ရှည်နဲ့လှန်ရင်း အားလုံးကို မျှော်လင့်ချက်ပေးခဲ့တဲ့ သမိုင်းမေဂျာကွင်း ရှင်မင်းညိုဆိုတဲ့ သူမက ကွင်းတကာ့ကွင်းထဲမှာ နာမည်အကြီးဆုံးလို့တောင် ပြော၍ရသည်။

"ရှင်မင်း ... မနေ့က ဖုန်းဆက်တော့ ဖုန်း မအားတာဘာဖြစ်လို့လဲ"

အဆောင်ရှေ့မှာ အိမ်ကကားး ရှင်မင်းကိုချပြီး ပြန်ထွက်ထွက်ချင်း ကောင်လေးတစ်ယောက် အနားမှာ ကပ်ပါလာသည်။ မော့ကြည့်တော့ ဘူမိက ရှင်မင်းကို Propose လုပ်ထားတဲ့ ကောင်လေးတစ်ယောက်။

"ရှင်းနေတာပဲလေ၊ နင် ဖုန်းဆက်တဲ့အချိန် ငါ တခြားတစ်ယောက်နဲ့ စကားပြောနေလို့ပေါ့"

"အဲဒီကောင် ဘယ်ကကောင်လဲ၊ ရှင်မင်းနဲ့ ဘာပတ်သက်နေလဲ"





"ဟားဟား ... နင်နဲ့ဘာဆိုင်လို့လဲ၊ နင့်မှာ ဒီလိုပြောဖို့ ဘာအခွင့်ရေးများ ရှိနေလို့လဲ၊ သူလည်း နင့်လိုပဲ ငါ့ကို propse လုပ်ထားသူ တစ်ယောက်ပေါ့"

"ရှင်မင်း ... ပြတ်ပြတ်သားသား လုပ်ဖို့ကောင်းနေပြီနော်၊ တစ်ယောက်ကို ရှင်မင်းရွေးချယ်ပေးပါ၊ အားလုံးကို ဝေဒနာတွေ မပေးပါနဲ့"

အမိန့်တွေ လာပေးနေတဲ့ သူ့ကို ရှင်မင်း မော့ကြည့်ပြီး လှောင်ရယ်လေး တိုးတိုးရယ်လိုက်သည်။

"သင့်တော်တဲ့သူ ရှာမတွေ့သေးလို့ တို့ရွေးချယ်နေတာလေ၊ စိတ်မရှည်ရင် နုတ်ထွက်ခွင့် ရှိပါတယ်"

သူ့ဆီက အကြည့်စူးစူးနဲ့ သက်ပြင်းရှည်တစ်ချက်ကို ရှင်မင်း လက်ခံရရှိလိုက်ပါသည်။ ပြီးတော့ သူ ရှင်မင်းအနားက တိတ်တဆိတ်နဲ့ ထွက်ခွာသွားသည်။ နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ခု ရှင်မင်းရဲ့နှုတ်ခမ်းဖူးဖူးလေးပေါ် ရောက်ရှိလို့လာသည်။ ယောက်ျားတွေက ဒီလိုပါပဲ။ ဘာမှမဟုတ်တာတောင် ပေါက်စားက လုပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အားလုံးပဲ ရှင်မင်းရဲ့အလှမှာ ကြွေခဲ့ရသည်။ ရှင်မင်းက တကယ်ပဲ အားလုံးရဲ့အိပ်မက်နတ်သမီးပဲလေ။ အားလုံးရဲ့အိပ်မက်တွေကို လိုချင်လို့ ရှင်မင်း ဘယ်တစ်စုံတစ်ယောက်ကိုမှ မရွေးချယ်ခဲ့တာပေါ့။ အဆောင်ထဲဝင်ဖို့ တာဆူနေတဲ့ ရှင်မင်းရဲ့ခြေလှမ်းတွေက လူတစ်ယောက်ရဲ့ ဟန့်တားမှုကြောင့် တွန့်ဆုတ်သွားသည်။

"ဟိုင်း ... ရှင်မင်းညို၊ ကျွန်တော့်နာမည် ကျော်ဘုန်းသက်ပါ၊ Chemistry က"

"ဒီတော့ ..."

အရပ်ရှည်ရှည် အသားညိုညိုနဲ့ စကားလုံးများစွာ အပြည့်အသိပ်ပျော်ဝင်နေတဲ့ ရွှန်းတောက်နေတဲ့ မျက်ဝန်းတွေနဲ့ သူက တခြားကောင်လေးတွေထက်ပိုပြီး ထူးခြားသည်ဟု ရှင်မင်းရင်၌ တစ်ခဏလေးမှာပဲ ခံစားလိုက်ရပါသည်။

"စာရင်းသွင်းမလို့ပါ"

"ဘာရယ်"





ထုံးစံအတိုင်း မျက်နက်ဝန်းလေးထဲ မာယာလေးတွေထည့်ပြီး ရှင်မင်း သူ့ကိုမော့ကြည့်ပစ်လိုက်ပါသည်။

"နံပါတ်ဘယ်လောက်လဲလို့တော့ ကျွန်တော်လည်းမသိဘူး၊ ရှင်မင်းရဲ့ချစ်သူအဖြစ် ရွေးချယ်မယ့်စာရင်းထဲ ကျွန်တော့်က ထည့်ထားပေးပါ"

"မှတ်ထားပါ့မယ်"

"ဟား ဟား ... အဲဒီလိုပြောမယ့် ယောက်ျားလို့များထင်နေလို့လား"

ရှင်မင်းစကားကို သူက မထင်မှတ်ဘဲ ပြက်ရယ်ပြုလိုက်တာမို့ ရှင်မင်း ဆတ်ခနဲ ဖြစ်သွားသည်။ သူ့နှုတ်ခမ်းတွေမှာရော သူ့မျက်ဝန်းတွေကပါ ရှင်မင်းကို လှောင်ရယ်ရယ်နေကြသည်လေ။

"ကိုယ့်ကိုကိုယ် သိပ်ထင်မနေစမ်းပါနဲ့ ရှင်မင်းညို၊ ခင်ဗျားရဲ့အလှတရား၊ ခင်ဗျားရဲ့မာယာကြားထဲ ကျွန်တော်မျော မသွားတဲ့အကြောင်း လာအသိပေးပြီး စာရင်းမှတ်ခိုင်းထားမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ရှင် စော်ကားလှချည်လား"

သူက ဒေါသထွက်လို့ ရဲပဒေါင်းခတ်နေတဲ့ ရှင်မင်း မျက်နှာကို ပြုံးစိစိနဲ့ ကြည့်နေသည်။

"ဘာတွေများ စော်ကားလို့လဲ ခင်ဗျာ၊ ခင်ဗျားရဲ့အလှကို ခံစားလို့ရတဲ့သူ ရှိသလို၊ ခံစားလို့မရတဲ့လူလည်း ရှိမှာပေါ့၊ ဘာထူးဆန်းနေလို့လဲ၊ လာပြောတဲ့သူနဲ့ မပြောတဲ့သူပဲ ကွာမှာပါ၊ ကျွန်တော်လည်း တမင်တကာ လာပြောတာ တော့ မဟုတ်ဘူး၊ ဒီဘက်လာရင်းနဲ့ ခင်ဗျားကိုတွေ့လို့ လမ်းကြုံလို့ ဝင်အသိပေးတာပါ၊ မှတ်ထားပေးပါနော်၊ ကျွန်တော့်ကို ခင်ဗျားကို မကြွေတဲ့ယောကျ်ားစာရင်းထဲမှာ ဟက် ဟက်"

မခိုးမခန့်ရယ်သံက ရှင်မင်းနားထဲ ခါးလွန်းလှပါသည်။ ကျောပိုးအိတ်ပြင်လွယ်ရင်း ရှင်မင်းနားက ထွက်သွားတဲ့ သူ့ကို ရှင်မင်း အမုန်းမီးလျှံ တညီးညီးတောက်လောင်နေတဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့်ကျန်ခဲ့သည်။ တမင် ရှင်မင်း မခံချိ မခံသာဖြစ်အောင် သူလာလုပ်တာ။





အခန်းထဲဝင်လာတဲ့ ရှင်မင်းရုပ်က သုန်သုန်မှုန်မှုန်။ လှလိုက်တာ၊ ချောလိုက်တာ၊ နတ်သမီးနဲ့တောင် အနှိုင်းခံရတဲ့ အလှဋီကာတွေကြား ကြီးပြင်းလာရတာ ကြာပြီမို့ ဒီလို ကပ်အဖြူတ် ခံရတာ မျက်နှာဖြတ်အရိုက်ခံရသလိုပဲ စပ်ဖျဉ်းဖျဉ်း နိုင်လှသည်။

"ရှင်မင်း ... ဟိုတစ်ယောက် prpose လုပ်တာလား"

ရှင်မင်းက ခပ်တင်းတင်း မျက်နှာထားနှင့် ခေါင်း ခါယမ်းရင်းက ...

"ငါ့ကို စိတ်မဝင်စားဘူးလို့ လာပြောတာ နှယ်၊ ထူးဆန်း မနေဘူးလား ... ဟား ဟား၊ အခုမှ စဉ်းစားမိတယ်၊ သူ လည်း ငါ့ဆီက စိတ်ဝင်စားမှုကိုရဖို့ technique တစ်ခု သုံးလိုက်တာပဲ မဟုတ်လား"

"သူ့ကို ငါသိတယ် ရှင်မင်း၊ ငါတို့ကျောင်းလက်ရွေးစင် ဘောလုံးအသင်းက ရှေ့တန်းတိုက်စစ်မှူး ကျော်ဘုန်းသက် လေ"

"ဟြော် ... သူလား၊ ဒါကြောင့် ဒီနှာမည်ကြားဖူးနေတယ် ထင်တာ၊ ဒီအဆင့်လောက်နဲ့များ ဒီလောက်မာန်တန်စရာ လား"



www.burmeseclassic.com

www.burmeseclassic.com



"နင်မသိလို့၊ သူ့ကို ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ"

ရှင်မင်း နှုတ်ခမ်းလေး တွန့်ကွေးသွားသည်။ မာနရိပ်လေးတွေက ရှင်မင်းမျက်နှာပြင်ထက် တရိပ်ရိပ် တက်လာသည်။ သင်းက ရှင်မင်းကို ပေါ်တင်လာပြီး စစ်ကြေညာခဲ့တာပဲ။

"ဟင်းဟင်း ... ထားလိုက်ပါ၊ သူ့ကို ငါ သတိထားမိအောင် တမင်လာလုပ်တာ၊ သူထွင်တဲ့ အကွက်လောက်တော့ ငါကပျင်းသေးတယ်"

တကယ်ကိုပဲ ကျော်ဘုန်းသက်ဆိုတဲ့သူက ရှင်မင်းစိတ်ထဲ ရောက်ရှိလို့သွားပါသည်။ ရှင်မင်း ခေါင်းကိုခါယမ်းပစ်လိုက်ပြီး ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြန်သည်။ ကျော်ဘုန်းသက် ... ရှင်လှမ်းမယ့် ခြေလှမ်းကို ရှင်မင်း မြင်နေရသလိုပဲ။ ထောင်ချောက်ဆင်ချင်ရင် လူကြည့်ဆင်ပေါ့ကွယ်။ ရှင်မင်းညို ဆိုတာ ပေါ့သေးသေး မိန်းမမျိုးမှ မဟုတ်ဘဲ။

✤ ✧ ✤





## ( ၂ )

ရှင်မင်းညိုတစ်ယောက် သူ့မရှေ့မှာ လူသားကို ခြေဆုံး၊ ခေါင်းဆုံး အပြန်ပြန် အလှန်လှန် ကြည့်နေမိသည်။ ရုပ်ရော၊ ကိုယ်လုံးကိုယ်ထည်ရော၊ အရပ်အမောင်းပါ ပြောစရာမရှိအောင် သူကပြည့်စုံသည်။ တစ်ခုလေးပဲ ပြောစရာရှိသည်။ သူ့ရုပ်က ခင်မင်နှစ်လိုဖွယ်မရှိဘဲ တည်တင်းနေတာ။ ပိရိသေသပ်တဲ့နှုတ်ခမ်းတွေက တင်းတင်းစေ့လို့ အပြုံးတစ်စ,တောင် ခိုဝင်မခံနိုင်တဲ့ဟန်။

သူက ရှင်မင်းတို့ tour company "မှာ share ဝင်အသစ်၊ နာမည်က လျှံတိုးဝေ။ ရုပ်ရည်ကိုကြည့်လိုက်တာနဲ့ အဆင့်ခပ်မြင့်မြင့်ထဲကမှန်း သိသာနေသည်။ ဒီနေ့တော့ meeting



www.burmeseclassic.com

www.burmeseclassic.com



မှာ အားလုံးရဲ့မျက်ဝန်းတွေက သူ့ဆီမှာသာ။ သူက ဒယ်ဒီပြော နေတဲ့ စကားထဲ စိတ်ပါဝင်စားစွာ နားထောင်နေ၍ ပတ်ဝန်းကျင်ကို အမှုမထားဘဲ မေ့လျော့နေသည့်ဟန်။ သူ ရှင်မင်းတို့ထက် အလွန်ဆုံးကြီးမယ်ဆိုမှ သုံး၊လေးနှစ်ပေါ့။

ဒယ်ဒီက ရှယ်ယာဝင်တွေ အားလုံးနဲ့ သူ့ကိုမိတ်ဆက်ပေးတုန်း သူ့မျက်ဝန်းတွေက ရှင်မင်းဆီ ဖျတ်ခနဲ ရောက်လာသည်။ အသိအမှတ်ပြုရုံမျှ အပြုံးတစ်ခု သူပြုံးသော်လည်း ရုပ်တည်ကြီးနဲ့စာရင် တော်တော်ကြီး ကြည့်ကောင်းသွားတာမို့ ရယ်လိုက်ရင် ချောမွေ့သွားတတ်တဲ့ မျက်နှာပိုင်ရှင်ထဲမှာ သူပါမှန်း ရှင်မင်း ရိပ်စားမိလိုက်သည်။

သူ့အသားအရေက မဖြူလွန်း မညိုလွန်းဘဲ fresh ဖြစ်လွန်းနေသည်။ ရှင်မင်း သူ့ကို အကဲခတ်မျက်ဝန်းတွေနဲ့ ကြည့်နေရာက အသိဝင်ပြီး မျက်လုံးလွှဲလိုက်သည်။ ရှင်မင်းလိုမြင်သူတကာ လည်ပြန်ငေးလောက်အောင်လှတဲ့ မိန်းကလေးမျိုးတွေ့တာတောင် သူ တည်ကြည်လွန်းနေတာ ပိုင်ရှင်ရှိပြီးသားမို့လို့လား။





meeting ပြီးတော့ သူက ဒက်ဒီနဲ့ စကားကောင်းနေသေးသည်။ အနှောင့်အယှက်မပေးချင်တာနဲ့ ရှင်မင်း သူတို့နားက ထွက်လာခဲ့သည်။

"ဟုတ်ကဲ့ ... အန်ကယ်လ်တို့နဲ့လက်တွဲလို့ အကျိုးမယုတ်နိုင်ဘူးဆိုတာ ကျွန်တော် သိပါတယ်၊ sky blue tourism က နာမည်တစ်လုံးနဲ့ နေခဲ့တာပဲ၊ ခရီးစဉ်တွေနဲ့ ဝန်ဆောင်မှုပေးထားတဲ့ အစီအစဉ်တွေကလည်း စိတ်ကျေနပ်မှု အပြည့်အဝ ရှိတယ်လို့ customer တွေဆီက ကျွန်တော် ကြားနေရပါတယ်"

လှသာမက သူ့အသံကလည်း ချိုအေးပြီး ကြင်လင်နေတာမို့ နားထောင်လို့ တော်တော်ကောင်းလှပါသည်။ meeting room ကအထွက် အပေါက်ဝမှာ ဒက်ဒီ့ secretary မသွယ်နှင့် ဆုံသည်။

"ရှင်မင်း ... ယူ့ဒက်ဒီနဲ့ ဟိုတစ်ယောက် လေပေးတွေ ဖြောင့်နေကြပါလား၊ အဲဒီပုဂ္ဂိုလ် ဆွဲဆောင်မှုတော့ တော်တော်ရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... စိတ်ကူးတွေ ယဉ်မနေနဲ့ မသွယ်ရေ၊ ဒီလို perfect man မျိုး ဒီလောကကြီးထဲမှာ အကောင်း ပကတိ ရှိနိုင်ပါ့မလား၊ စဉ်းစားကြည့်ဦး"

"ခိ ခိ ... ယူကတော့လုပ်ပြီ ရှင်မင်း"

ရှင်မင်းက ပေါ့ပေါ့ပါးပါး ရယ်မောရင်း အလုပ်ခန်း ရှိရာသို့ ထွက်လာခဲ့သည်။ ဒီလိုသားမျိုးလေး မွေးထားတဲ့အမေနဲ့ ဒီလိုယောက်ျားမျိုး အပိုင်ရထားတဲ့ မိန်းမတို့ကို ရှင်မင်းအားကျ မိပါသည်။ သူ့ပုံစံကလည်း ကတိသစ္စာ တည်ကြည်မယ့်ပုံမျိုး လေ။ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း သူ့ကို အမှတ်တွေ ဖွတ်စက်ပေးနေတာ တစ်ရာနီးနီးတောင် ရှိတေတ်။

"Excuse me"

နောက်နားဆီမှ ထွက်လာတဲ့ အသံကြောင့် ရုတ်တရက်မို့ ရှင်မင်း လန့်ဖျပ်သွားမိသည်။ ဒီအသံကြားကတည်းက လှည့်ကြည့်စရာမလို၊ သူမှသူပဲ မဟုတ်လား။

"ဟုတ်ကဲ့"





သူ့ဘက်ကိုလှည့်ရင်း ရှင်မင်း ပုံမှန်လေသံနှင့်ပြန် ထူးလိုက်သည်။

"မရှင်မင်းညီ ဟုတ်ပါတယ်နော်"

"ဟုတ်ကဲ့"

"tour plan တွေဆွဲတာ ရှင်မင်းညီလို့ အန်ကယ်လ်ပြော တယ်"

"ကျွန်မတစ်ယောက်တည်းလုပ်တာ မဟုတ်ပါဘူး၊ team နဲ့လုပ်တာပါ"

"ဘာပဲဖြစ်ဖြစ် ချီးကျူးပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

"လမ်းတွေ့ရင်လည်းခေါ်ပါ မရှင်းမင်းညီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သူ့ကျောပြင်ကို ဘာရယ်မဟုတ် ရှင်မင်း လိုက် ကြည့်နေတာနှင့် အနားကို ဒက်ဒီရောက်လာတာတောင် သတိ မပြုမိခဲ့။ ဒက်ဒီ့ချောင်းဟန့်သံကြားတော့မှ ရှင်မင်း ရှက်သွေးဖြာ မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေး မဆိုးဘူး ရှင်မင်း၊ နယ်နယ်ရရတော့ မဟုတ်ဘူးနော၊ UK က university မှာ တက်လာတာ ကျောင်းမပြီးသေးခင် မိသားစုပြဿနာတစ်ခုကြောင့် ပြန်လာခဲ့ရတာတဲ့၊ နှမြောဖို့ကောင်းသား၊ လောလောဆယ်တော့ safety ဖြစ်မယ် ထင်ရတဲ့ company သုံးခုမှာ ရှယ်ယာဝင်ထားတယ်တဲ့၊ သူ့ကိုယ်ပိုင် company ထောင်ဖို့လည်း ကြိုးစားနေတယ်ဆိုပဲ၊ လူတော်လေး တစ်ယောက်ပါ"

"ဟုတ်ကဲ့ ဒက်ဒီ"

"ဒက်ဒီ ငွေနှင်းတို့အိမ် ခဏသွားလိုက်ဦးမယ်၊ ရှင်မင်း ဘာမှာဦးမလဲ"

"ဟင် ... ဘာလို့လဲ ဒက်ဒီ၊ အလုပ်ချိန်ကြီး"

"meeting မစခင်က ပီတိ ဖုန်းဆက်တယ်လေ၊ သူ နေမကောင်းလို့ ဘိုးဘိုးကို တွေ့ချင်တယ်ဆိုလို့"

"ဟွန်း ... ဒီကလေးမ ဒက်ဒီ့ကိုဆို သိပ်ချွဲတာပဲ၊ အင်း အင်း ... ရှင်မင်း ညနေရုံးဆင်း ဝင်လာခဲ့မယ်လို့ ပြောပေးပါ ဒက်ဒီ"





"အေး ... အေး၊ မသွယ်ကို ဒက်ဒီ ခေါ်မသွားတော့ဘူး၊ သူ့ခိုင်းစရာရှိတာလေးတွေ ခိုင်းထားတယ်၊ ဒက်ဒီ သွားပြီနော် ရှင်မင်း"

"ဟုတ်ကဲ့ ဒက်ဒီ"

အိမ်မှာက သမီးလေးနှစ်ယောက်ပဲ မွေးထားပြီး သမီးကြီး အိမ်ထောင်ကျပြီး ခွဲထွက်သွားတော့ မိသားစုသုံးယောက်လေးပဲ ကျန်ခဲ့သည်။ မမငွေနှင်းက ပီတိဆိုတဲ့ ကလေးမလေးကို မွေးဖွားတော့ မာမီရော ဒက်ဒီပါ သည်းသည်းလှုပ်တွေ ဖြစ်ကြပြီး ဟိုဘက် အဘိုးအဘွားနဲ့ အပြိုင်အဆိုင် ခေါ်မြှူကြသည်လေ။ အကဲပိုရန်ကောလို့ ရှင်မင်း မဲ့ရွဲ့တိုင်းလည်း ရှင်မင်းကို အိမ်ထောင်ပြုဖို့ တိုက်တွန်းကြသည်မို့ မဲ့ချင်တာတောင် မမဲ့ရဲတော့။ ရှင်မင်းကတော့ ယောကျ်ားတွေနဲ့ မပတ်သက်ဖို့ စိတ်ပိုင်းဖြတ်ထားသူမို့ အိမ်ထောင်ပြုဖို့ဆိုတာ အဝေးဆုံးမှာပါ။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



# ( ၄ )

"ကျစ်"

ကားပါကင်မှာ အနက်ရောင် insight ကို လှမ်းမြင်လိုက်တာနဲ့ လျှံတိုးဝေ စိတ်ညစ်မှုကို ဝါးစပ်က အသံထွက်ရေရွတ်မိသည်။ ဒီကားက ပန်းသွေးရဲ့ကား မဟုတ်ပါလား။ သူ့အပေါ်မှာ အစစအရာရာ နားလည်စာနာပေးတဲ့ ချစ်သူလေးဖြစ်ပေမယ့် ခေါင်းကျောမာတဲ့ နေရာမှတော့ နှစ်ယောက်မရှိသူ။ ပုံစံကိုကြည့်ခြင်းအားဖြင့် သူ့ဆီက ခိုင်လုံတဲ့ အကြောင်းပြချက်ကို ရအောင်တောင်းဖို့ စိုင်းပြင်းလာတဲ့ပုံ။





သူ ကားစက်သတ်ပြီး ကားပေါ်က ဆင်းဆင်းချင်း သူမက သူ့အပါး ရောက်လာသည်။ သူ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်တစ်ခုကိုချရင်း သူမကို လှည့်၍ရင်ဆိုင်လိုက်သည်။

"လျှံ ... ရှင် ပန်းသွေးနီအကြောင်း သိသိနဲ့ ဒီအချိုးမျိုး မချိုးပါနဲ့"

"ကိုယ် ပြောပြီးသားပဲ ပန်း"

"မရဘူး ... တိကျတဲ့ အကြောင်းပြချက်ပေး၊ ဘာကြောင့် ပန်းက လျှံနဲ့အဆက်ဖြတ်ပေးရမှာလဲ၊ ရှင် ဘာတွေလုပ်နေတာလဲ လျှံ"

သူမ မျက်နှာလေးမှာ ဒေါသငွေ့ငွေ့လေး သူတွေ့နေရသည်။ သူ မပြောမချင်း သူ့ကိုအလွတ်ပေးမည့်ပုံမပေါ်။

"ကောင်းပြီလေ ပန်း၊ သိရမှ ကျေနပ်မယ်ဆိုလည်း ကိုယ်ပြောပါ့မယ်၊ ကိုယ် ပန်းမဟုတ်တဲ့ ကောင်မလေးတစ်ယောက်နဲ့ ချစ်သူဖြစ်ဖို့ ကြိုးစားနေတယ်၊ စိတ်ပြေလက်ပျောက်အနေနဲ့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကိုယ့် history မှာ ပန်းရှိမနေမှ ဖြစ်မှာလေ"

"ဘာပြောတယ် ... ရှင် ဘာတွေ ပြောနေတာလဲ လျှံ"

"ကြားတဲ့အတိုင်းပဲ ပန်း၊ ဒီလောက်ဆို ရပြီလား"

"မဟုတ်ဘူး လျှံ ညာနေတာ၊ လျှံ ညာနေတာ"

ပြိုတော့မယ့်မိုးလို အုံ့မှိုင်းသွားတဲ့ မျက်နှာနဲ့ ငိုသံလို အသံအက်အက်ကြားမှာ သူ ပန်းဘေးက ရှောင်ထွက်လာခဲ့သည်။

"လျှံ"

ပန်းက သူ့လက်တစ်ဖက်ကို လှမ်းဆွဲတာမို့ သူ နေရာမှာပဲ ခြေစုံရပ်လိုက်ရသည်။ ဖြတ်သွားဖြတ်လာတချို့က စူးစူးစမ်းစမ်းနဲ့ ကြည့်လာကြပြီ မဟုတ်လား။

"ပန်းတို့ နှစ်ကိုယ့်တစ်စိတ်လို နေခဲ့ကြတာ လျှံ မေ့သွားပြီလား၊ ပြောပါ လျှံရယ်၊ အမှန်အတိုင်း ပြောပါ၊ လျှံ တစ်ယောက်တည်း ရင်မဆိုင်ချင်ပါနဲ့၊ ဘာကြောင့်လဲ ... ပန်းကိုဖွင့်ပြောပြပါ၊ ပန်းကို စိတ်ကုန်သွားလို့ တခြားတစ်ယောက်ပြောင်းချင်လည်း ပေါ်တင်ပြောလို့ ရပါတယ်"





"ကျစ် ... ပန်း ကိုယ့်စကားက ဆုံးနေပြီနော်၊ ပန်းပြန်ပါတော့၊ ကိုယ် ပန်းဆီ ပြန်လာမယ်လို့ ပြောထားပြီးသားပဲ၊ ဘာအကြောင်းကြောင့်လဲလို့ ထပ်မမေးနဲ့တော့၊ ကိုယ်ပြောမှာ မဟုတ်ဘူး"

မာမာဆတ်ဆတ် သူ့လေသံနဲ့ ခပ်ထန်ထန် သူ့မျက်နှာထားကို ပန်းက မျက်ရည်အဝိုင်းသားနဲ့ နှုတ်ခမ်းလေး ကိုက်လို့ကြည့်သည်။ မတတ်နိုင်ပါ။ သူ့မှာ ရွေးစရာမရှိတော့။

"ကောင်းပြီလေ လျှံ၊ လျှံ သွားပါ၊ ပန်းဆီ ပြန်လာဖို့လည်း မလိုအပ်ပါဘူး။ ဒီနေ့ ပန်းပေါ်ထားတဲ့ လျှံရဲ့ သဘောထားကို ကောင်းကောင်းသိသွားပါပြီ၊ မလိုအပ်တော့ပါဘူး၊ ပြန်မလာပါနဲ့၊ ပန်း ... လျှံတိုးဝေ ဆိုတဲ့ လူတစ်ယောက်နဲ့ ဘယ်တော့မှ မပတ်သက်တော့ပါဘူး"

ပြောရင်းက ပန်း မျက်ရည်ကျသည်။ ဒီမျက်ရည်တွေကို သူ မမြင်လိုဟန် မျက်နှာလွှဲလိုက်ပြီး တိုက်ခန်းပေါ်တက်ဖို့ ဓာတ်လှေကားဆီ လျှောက်လာမိသည်။ သူ့ရင်ထဲမှာ ပန်းကို သနားစိတ်က အပြည့်အလျှံပါ။ သို့ပေမဲ့ အခြေအနေ အရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ပြောပြခွင့်မှ မရှိတာ။ မလိုအပ်ဘဲ သူ့လမ်းကြောင်းမှာ ဘာအတားအဆီးမှ မရှိစေချင်ပါ။ နောက်မှ ပန်းသွေးနီဆိုတဲ့ သူမကို ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရ။

အခန်းထဲရောက်ရောက်ချင်း သူ ဆိုဖာဆက်တီပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အခု သူ့အနားမှာချစ်ရခင်ရတဲ့ လူတစ်ယောက်မှ မရှိ။ သူ မရယ်ချင့်ရယ်ချင်နဲ့ ရယ်မောပစ်လိုက်သည်။ သူ့ရယ်သံက တစ်ယောက်တည်းသာ နေထိုင်တဲ့ တိုက်ခန်းထဲမှာ ခြောက်ကပ်ကပ်နဲ့ ကျယ်လောင်လို့နေသည်။

သူ့ရဲ့ပိရိသေသပ်တဲ့ နှုတ်ခမ်းမှာ အေးစက်စက်အပြုံးတစ်ခုက ရယ်မောမှု အဆုံးသတ်ချိန်လေးမှာ ငွေ့ငွေ့လေး တင်ကျန်ရစ်သည်။ သူ့မျက်ဝန်းတွေကလည်း ခက်ထန်မာကျောနေပြီး မျက်ရည်ကျမလာဘဲ နီရဲစွတ်စိုနေသည်။

"ဒါတွေအားလုံး မင်းကြောင့် ဖြစ်ရတာ ရှင်မင်းညို၊ မင်းကြောင့် ဖြစ်ရတာ၊ ဝဋ်ဆိုတာ လည်တတ်ပေမယ့် အဲဒီဝဋ်ကို ငါ့ကြောင့်ပဲ လည်စေချင်တယ် ရှင်မင်းညို၊ မင်းရှုံးမလောက်ဖြစ်အောင် ငါ လုပ်ပြမယ် ... ကြည့်"





သူ အသံထွက် ရေရွတ်ရင်း အသံအက်အက်နှင့် ရယ်မောမိပြန်သည်။ သူ့မျက်ဝန်းထောင့်စွန်းနှစ်ဖက်မှာ မျက်ရည်သီးတွေ ခိုတွဲကျလာသည်။ အခုအချိန် လျှံတိုးဝေရဲ့နှလုံးအိမ်ကို ခွဲကြည့်ရင် ရှင်မင်းညိုကိုမုန်းသော အမုန်းတို့နှင့် ပြည့်နှက်ခါးသက်နေလိမ့်မည်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



## ( ၅ )

မှန်တံခါးကို ဆွဲဖွင့်ပြီး sushi house ထဲ ဝင်တာနဲ့ ပြုံးရယ်နေတဲ့ ရှင်မင်းညို မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။ ရှင်မင်းညို မျက်ဝန်းထဲ တန်းတန်းမတ်မတ် တိုးဝင်လာတဲ့ ကျော်ဘုန်းသက်ရဲ့ မျက်နှာကြောင့် ဖြစ်သည်။

ရှင်မင်းကိုမြင်တော့ သူ့မျက်ဝန်းတွေက မေးစင်းလို့ သူ့နှုတ်ခမ်းပေါ်က ခပ်ထေ့ထေ့အပြုံးက ရှင်မင်းကို အူယားစေသည်။ ဟိုတစ်ခါ ရှင်မင်းတို့အခန်းရှေ့ သူလာပြီးကတည်းက သူ့အရိပ်ကိုပင် ရှင်မင်း မတွေ့တော့။ မှန်းချက်နဲ့ နှမ်းထွက်မ





ကိုက်တာမို့ ရှင်မင်း မသိစိတ်က ဒီအခြေအနေကို မကျေမနပ် ဖြစ်နေမိပါသည်။ သူ့ကို တကယ်ပဲ ရှင်မင်း အလှအပက မဆွဲဆောင်နိုင်ဘူးတဲ့လား။ မဖြစ်နိုင်တာ။

မာနလေးတစ်ခုကြောင့် ရှင်မင်း ရွေးချယ်လိုက်တာ သူ့ကို ကျောပေးထားတဲ့ထိုင်ခုံ ဖြစ်လို့သွားသည်။ သူ တကယ်ပဲ သူငယ်ချင်းတွေနဲ့ စကားပြောနေတဲ့အထဲ ရယ်စရာပါလို့ ရယ်တာလား။

ရှင်မင်းရဲ့အပြုအမူကိုပဲ တမင်လှောင်၍ ရယ်တာလားတော့မသိ။ သူ့ရယ်သံက ဆိုင်ထဲမှာ ဟိန်းထနေသည်။

"ကျော်ဘုန်းသက်ပဲ ... ရှင်မင်း"

နွယ်နဲ့ သွဲ့သွဲ့တို့က ကျော်ဘုန်းသက်ကိုမြင်တော့ ရှင်မင်းကို အသိပေးကြသည်။ ရှင်မင်းက အရင်မြင်ပြီးသားမို့ မထူးဆန်းဟန်နှင့် ပခုံးတစ်ချက် တွန့်ပြရင်း ...

"တွေ့သားပဲ၊ တွေ့လို့ သူ့ကျောပေးပြီး ထိုင်နေတာ"

"နင် ကြောက်တယ်လား"



www.burmeseclassic.com

www.burmeseclassic.com



သွဲ့သွဲ့ရဲ့မြောက်ထိုးဝင့်ကော် စကားက ရှင်မင်းရဲ့ အလှမာန်ကိုလာ၍ ထိပါးသည်။ ဟုတ်တာပေါ့။ ကိုယ့်အလှအပကို ရင်မခုန်ပါဘူးဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ရှင်မင်း ဒီလိုလွှတ်ထားပေးရင် ရာဇဝင်ရိုင်းသွားမှာပေါ့။

"ကျော်ဘုန်းသက်က နင် ထင်သလို မဟုတ်ဘူး ရှင်မင်း၊ နင့်ကို အလှမာန်တက်နေလို့ ကြည့်မရဖြစ်နေတဲ့ပုံနော်"

နွယ့်စကားအဆုံးမှာ ရှင်မင်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီးလို့ နေပါသည်။ ကျော်ဘုန်းသက် ဆိုတဲ့လူရဲ့ နှလုံးသားကို ရှင်မင်း ရအောင်ယူပြမယ်။ ဖျတ်ခနဲ ရှင်မင်း နောက်ကိုလှည့်ကြည့်လိုက်တော့ ရုတ်တရက် သူ့မျက်ဝန်းတို့နှင့် ဆုံတုန်း သူက ခံစားချက်မရှိတဲ့ မျက်နှာထားနဲ့ မျက်လုံးလွှဲသွားသည်။ အခံရခက်လိုက်တာနော်။

"ငါ သင်းရဲ့အသည်းကို ရအောင်ယူပြမယ်ကြည့်"

မျက်နှာဖူးဖူးပြည့်ပြည့် လှလှလေးပေါ်မှာ ယုံကြည်ချက်အပြည့်။ နှုတ်ခမ်းလှလှပေါ်မှာ တွဲခိုနေတဲ့ အပြုံးကလည်း သွေးအေးအေးနဲ့ ရက်စက်တော့မည့် အရိပ်လက္ခဏာအလား။





"ဒါပေမဲ့ တော်ရုံတန်ရုံ မာယာမျိုးနဲ့တော့ မတိုးလောက်ဘူး။ အကွက်ကျကျ စီစဉ်ပြီးတော့မှ သူ့အသည်းကို အပိုင်သိမ်းမယ်၊ ပြီးတော့မှ ... ဟက် ဟက်"

"အံမယ်လေး... ရှင်မင်းရယ်၊ ကြားရတာနဲ့တောင် ကျောချမ်းနေပြီ"

နွယ်နဲ့သွဲ့သွဲ့ရဲ့ အပြောကို ရှင်မင်းက လှပသော အပြုံးတစ်ခုနဲ့ တုံ့ပြန်ရင်း menu ကိုဖွင့်ပြီး လှန်လှောကြည့်နေသည်။ ဒီနေ့ ရှင်မင်း ဝတ်ထားတာ နီနီရဲရဲတွတ်တွတ် ဘလောက်စ်ရှည်ရှည်ပွပွလေးနဲ့ ရွှေပင်အနက်လေး။ ဖြူသွယ်မြင့်မားပြီး အချိုးအစားကျနေသော သူမရဲ့အဆက်အပေါက်ကလေးက ဘာလေးပဲဝတ်ဝတ် ထင်ရှားပြီး လှပနေသည်သာ။

waiter ကောင်လေးကို စားစရာ သောက်စရာတွေ မှာပြီးတော့ သူငယ်ချင်းမလေး နှစ်ယောက်က ပြတ်သွားတဲ့စကား ပြန်ထပ်ဆက်သည်။

"နင် ဘယ်တော့ အစီအစဉ် စ,မလဲ ရှင်မင်း"

"ဒီနေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နင် ချက်ချင်းကြီး ဘယ်လိုစ,မလဲ၊ အချိန်ယူ စဉ်းစားဦးမှပေါ့"

အကျီအရောင်အတိုင်း တစ်သွေးတည်းဆိုးထားတဲ့ လက်သည်းရှည်ရှည်လေးတွေကို ရှင်မင်းက ငုံ့ကြည့်ရင်း ခပ်တိုးတိုးရယ်သည်။

"ဘာခက်တာမှတ်လို့"

ရှင်မင်းက waiter လာချပေးတဲ့ shark အအေးဘူးကို ဖွင့်ဖောက်ပြီး သူမရဲ့ လှပသောလက်ညှိုးလေးကိုကွေးလို့ ရှသွားအောင် လုပ်လိုက်တာမို့ သူငယ်ချင်းမ,နှစ်ယောက် မျက်လုံးတွေ ပြူးကုန်ကြသည်။ သွေးတွေက ရဲခနဲ ထွက်လာတာမို့ အာမေဋိတ်သံတွေက စီစီညံသွားသည်။

"ဟယ်"

"အို"

ကျော်ဘုန်းသက်တို့ သူငယ်ချင်းအုပ်စု ကောင်မလေးတွေရဲ့ အသံကြောင့် ထိုဝိုင်းဆီ အာရုံရောက်သွားသည်။

"ဟိုအုပ်စု ဘာဖြစ်သလဲ မသိဘူး"





သူတို့သုံးဦးသား အကဲခတ်အကြည့်တွေနဲ့ ရှင်မင်းညို့တို့ဝိုင်းကို လှမ်းကြည့်နေကြတုန်း ကောင်မလေးတစ်ယောက် သူတို့ဝိုင်းသို့ သုတ်သီးသုတ်ပျာနဲ့ ရောက်လာပြီး ...

"ဒီမှာရှင့် ... လက်ကိုင်ပဝါတစ်ထည်လောက်ရှိရင် ခဏငှားပါလား"

"ဘာဖြစ်လို့လဲ"

ကျော်ဘုန်းသက်က ထိုကောင်မလေးကို မျက်နှာထိမျက်နှာထားနှင့် မေးလိုက်တာမို့ ကောင်မလေးမျက်နှာက ရှုံ့မဲ့သွားရင်း ...

"ရှင်မင်း အအေးဘူးဖွင့်လိုက်တာ လက်ရှသွားလို့ အဲဒါ"

"hansaplast ဝယ်ကပ်လိုက်ပေါ့"

"ဒါတော့ ရှင်ပြောမှလားရှင့်၊ အခုလောလောလတ်လတ်ကို သွေးတွေတအား ထွက်နေလို့ တစ်ခုခုနဲ့စည်းထားမှဖြစ်မှာ"

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကိုယ်စီကြည့်ရင်း သူ့ဟာပေးရကောင်းနိုးနိုး၊ သူ့ဟာပေးရကောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုး ဖြစ်နေတုန်း ကျော်ဘုန်းသက်က သူ့အကျႌအိတ်ကပ်ထဲက အဖြူရောင် towel တစ်ထည်ကို ကမ်းပေးလိုက်သည်။

"ကျေးဇူးပါပဲ"

"ရပါတယ်"

ရှင်မင်းညိုဆိုတဲ့ မိန်းမကတော့ အကျောကြီးစွာနဲ့ ယောင်လို့တောင် သူတို့ကို လှည့်မကြည့်။ သူမသူငယ်ချင်းကောင် မလေးတွေ ထွက်သွားတော့ သူငယ်ချင်းတွေက သူ့ကိုဝိုင်းလှောင်ကြသည်။

"ပြောတော့ ကြည့်မရဘူးဆို၊ တကယ့်အခရေးကျတော့..."

"သွားစမ်းပါကွာ၊ သူ့နေရာမှာ ဘယ်သူဖြစ်ဖြစ် ပေးမိမှာပဲ၊ ဘာအပန်းကြီးတာလိုက်လို့"

သူ့မျက်လုံးတွေက ရှင်မင်းညိုလက်ကို သူငယ်ချင်းတစ်ယောက်က ဆွဲယူပြီး သူ့ towel နဲ့ စည်းပေးနေတာ မြင်နေရသည်။ ဒီချွေးသုတ်ပဝါဟာ သူ့ဟာမှန်းသိရင် ရှင်မင်းညို တစ်ယောက် အစည်းခံမည်မထင်။ သူမရဲ့အလှတရားကို ထိပါးထားသူတစ်ယောက်ရဲ့ ပစ္စည်းမဟုတ်လား။





သူတို့အုပ်စု bill ရှင်းပြီး ထထွက်လာတော့ ရှင်မင်းညိုက နေရာက ထ,ရပ်လို့ ကျေးဇူးတင်စကားဆိုသည်။

"ကျေးဇူးပါပဲ ကိုကျော်ဘုန်းသက်"

သူမမျက်ဝန်းတွေကို သူ ချောင်းကြည့်လိုက်တော့ မာယာမရှိ ပကတိဖြူစင်လို့နေသည်။

"ရပါတယ်ဗျာ ... hansaplast တော့ ဝယ်ကပ်လိုက်ပါဦး"

"ဟုတ်ကဲ့"

သူမကို ကျောပေးသွားတဲ့ သူ့ကိုကြည့်ရင်း ရှင်မင်း မျက်နှာထားက ဖြုံးမဲ့မဲ့လေး ဖြစ်လို့နေသည်။ သူ့မျက်ဝန်းထဲမှာ အကြင်နာတစ်စ,ကို ရှင်မင်း ရှာတွေ့ခဲ့သည်လေ။ သူလည်း ဘာသားနဲ့ထုထားလို့လဲ။ အလှအပကို မခံစားတတ်ဘူးဆိုတာ စိတ်ရင်းမှ မဟုတ်တာပဲဟာ။

"နင် တော်လိုက်တာ ရှင်မင်းရယ်၊ ဒါနဲ့ တကယ်လို့ towel ပေးတဲ့သူက သူ မဟုတ်ခဲ့ဘူး ဆိုရင်ရော ..."

"ပြဿနာမရှိဘူးလေ၊ တမင်ကြံရွယ်ထားတဲ့ ပုံစံမျိုးလည်း မဟုတ်ဘဲနဲ့ သူ့အာရုံထဲကို ငါ ဝင်ချင်တာ၊ သူ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်ယောက် ပေးတယ်ဆိုရင်လည်း ဟင်း ဟင်း ... သူ့အနားဝန်းကျင်ကို ငါခြေချမိတာပဲလေ၊ ဘလိုင်းကြီး ဝင်တာထက်စာရင် အဆင်ပြေတယ် မဟုတ်လား”

သွဲ့သွဲ့နဲ့ နွယ်ကတော့ ရှင်မင်းကိုကြည့်ပြီး ဘာတွေတွေးနေကြတယ်မသိ။ လူတစ်ယောက်ကို လှည့်စားဖို့ ကိုယ့်အသားကိုယ် အနာခံပစ်သည့် ရှင်မင်းကို ကြောက်ကောင်းလည်း ကြောက်နေကြပါမည်။

“ကဲပါ ... စားစရာရှိတာ စားကြစမ်းပါ၊ ဒီဒဏ်ရာက မသေလောက်ပါဘူး၊ ကားပေါ်က ဆေးဘူးထဲမှာ အရက်ပျံရှိတယ် ... ဟက် ဟက်”

✣ ✧ ✣





## (၆)

“ဟင်”

ရှင်မင်းပါးစပ်က အာမေဋိတ်သံလေး မထိန်းနိုင်ဘဲ ထွက်သွားသည်။ ဘုရားတန်ဆောင်းထဲကနေ ဝတ်စွတ်ပြီး ဆင်းဆင်းချင်း သူ့ကိုတွေ့လိုက်၍လေ။ ကော်လာကတုံးအဖြူလေးနဲ့ မရမ်းစေ့ရောင်ပုဆိုးကွပ်စိပ်စိပ်လေးကို သပ်သပ်ခပ်ခပ် ဝတ်ထားတဲ့ သူက မနက်ခင်းလေးမှာ ကျက်သရေရှိစွာ ချောမွေ့နေပါသည်။

“ကိုလှျံတိုးဝေ”

“ဩော် ... မရှင်မင်းညီပါလား”

တအံ့တသြဟန်နှင့် သူက ရှင်မင်းကိုတွေ့တော့ မျက်ခုံးပင့်သည်။ ခဲသားရောင် မြန်မာအင်္ကျီရင်ဖုံးလေးနှင့် ခဲရောင်



www.burmeseclassic.com

www.burmeseclassic.com



အခံပေါ်မှာ အဖြူရောင်နှင်းဆီဖူးပုံလေးတွေပါသော ထဘီလေးနှင့် ရှင်မင်းညိုက ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေး လှပနေပါ၏။ မည်းခဲနေသော ခါးအတိရှည်သော ဆံပင်တို့ကို အဖြူရောင်အမွေးဖွား ခေါင်းစည်းကွင်းလေးနဲ့ လျော့ရဲရဲချည်ထားပုံလေးကလည်း ချစ်စရာ။

"ဘာကိစ္စရှိလို့ ရောက်လာတာလဲဟင်"

"ဗျာ ... ကျွန်တော် ဒီဗုဒ္ဓဟူးအသင်းမှာ အားရင်အားသလို တံမြက်စည်းလာလှည်းနေကျလေ"

"ဟင် ... ဟုတ်လား၊ အရင်က တစ်ခါမှ မတွေ့ဖူးဘူးလားလို့"

"မရှင်မင်းညို သတိမထားမိလို့ ဖြစ်ပါလိမ့်မယ်"

"ဟုတ်မယ် ... ဟုတ်မယ်"

တံမြက်စည်းလှည်းဖို့ တန်းစီတော့ မိန်းကလေးတန်းတွေကရှေ့က၊ ယောကျ်ားလေးတန်းက နောက်ကမို့ ရှင်မင်း သူ့ကို သတိမထားမိတာ ဖြစ်နိုင်သည်။ သူပြောသလိုဆို အပတ်တိုင်းလည်း သူလာမည့်ပုံမပေါ်။ ဒါကြောင့်သာ ရှင်မင်းတို့မဆုံဖြစ်ကြတာနေမှာ။





"သွားလိုက်ဦးမယ်နော် ကိုလှိုုတိုးဝေ"

ရှင်မင်းက တံမြက်စည်းတစ်ချောင်းကို ရွေးယူပြီး တန်းစီဖို့ သွားတော့မှာမို့ သူ့ကို နှုတ်ဆက်လိုက်သည်။ ခေါင်းဆတ်ပြတဲ့ သူ့မျက်နှာပေါ်က အကြည့်နဲ့အပြုံးက ရှင်မင်းရင်ကို သိသိသာသာလေး နွေးထွေးစေ၏။

နေထွက်ပြီးကာစ၊ နေမင်းက လောကတစ်ခွင်ကို အလင်းဖြန့်ကျက်ဖို့ စတင်အားယူနေတဲ့အချိန်၊ လေပြည်ကသုတ်သုတ်တိုက်ခတ်လို့ ကြည်နူးဖွယ်ရာ ဒီမနက်ခင်းမှာ ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပာယ်လှသော ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ ပရဝုဏ်ကို တံမြည်စည်းလှည်း ကုသိုလ်ယူရတာ စိတ်ကိုကြည်လင်ပြီး လန်းဆန်းစေတာမို့ ရှင်မင်းကတော့ မပျက်မကွက် အပတ်စဉ်ရောက်ခဲ့သည်ချည်း။

တံမြက်စည်းလှည်းပြီးတော့ ဗုဒ္ဓဟူးထောင့်မှာ ရွှေသင်္ကန်းလှူ၊ ဘုရားရှိခိုး၊ ပြီးရင် ရှင်မင်းအလုပ်ကို တန်းသွားတော့မှာလေ။ ဒါ ဗုဒ္ဓဟူးနေ့တိုင်း ရှင်မင်း လုပ်နေကျ procedure ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အော်"

"ရွှေသက်န်းကပ်မလို့လား ကိုလျှံတိုးဝေ"

ရွှေသက်န်းရွက်လေးတွေကိုင်ပြီး ရှင်မင်းနဲ့ မျက်နှာချင်းဆိုင် လျှောက်လာတဲ့သူ့ကို ရှင်မင်းက စတင်နှုတ်ဆက်လိုက်ပါသည်။

"ဟုတ်တယ် ... မရှင်မင်းညို"

"ရှင်မင်းလို့ပဲ ခေါ်ပါရှင်"

"အဲဒါဆို ကိုယ့်ကိုလည်း ကိုလျှံလို့ ခေါ်လေ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ပြုံးရယ်ဖြစ်လိုက်ကြသည်။ ရယ်လိုက်တော့ ပေါ်သွားတဲ့ သူ့ရဲ့သွားစွယ်ဖြူဖြူလေးနှင့် ညာဘက်နှုတ်ခမ်းထောင့်က အချိုင့်လေးကို ရှင်မင်း အနီးကပ် မြင်တွေ့လိုက်တာမို့ ရင်လေးဖိုမိပါသည်။ အခု သူက လုပ်ငန်းခွင်ထဲမှာလို အထာကြီးနဲ့ မဟုတ်တော့။

ရှင်မင်းရင်ထဲ သူ့ကို တစ်ခဏလေးနဲ့ နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးသူ တစ်ယောက်လို ခံစားမိလိုက်တာ အံ့ဩစရာ မကောင်းဘူးလား။





"ရှင်မင်း ပြန်တော့မလို့လား"

"ဟုတ် ... ကုမ္ပဏီတန်းသွားတော့မှာ"

"အချိန်ရသေးတယ်ဆိုရင် ကိုယ့်ကို ခဏလောက်စောင့်လို့ ရမလား"

"ရှင်"

"အော် ... ကိုယ်ပြောတာက ကိုယ် ရွှေသက်န်းကပ်ပြီး ရှင်မင်းနဲ့ မိတ်ဖြစ်ဆွေဖြစ် တစ်ခုခု သွားစားမလားလို့ပါ၊ ဒါကလည်း ရှင်မင်း အားမှပါ"

"ရှင် ... ရပါတယ်၊ ရှင်မင်း စောင့်ပါ့မယ်"

"ဒါဆိုလည်း တစ်လက်စတည်း မြန်မြန်ပြီးအောင် ရွှေသက်န်းစာရွက်လေးတွေ ကူခွာပေးပါလား"

တရင်းတနှီး သူ့အပြောကြောင့် ရှင်မင်း ပါးလေးတွေ နီဆွေးသွားသည် ထင်၏။ တကယ်တော့ ရှင်မင်းညိုဆိုတဲ့ မိန်းမသားဟာ ယောကျ်ားတွေနဲ့ ပတ်သက်လာရင် ခိုင်မာတဲ့ နှလုံးသားနဲ့ မယိုင်မလဲပဲ ကြံ့ကြံ့ခိုင်ရပ်တည်နေနိုင်သူတစ်ယောက်။ တစ်နည်းပြောရရင် ယောကျ်ားတွေရဲ့နှလုံးသားကို ဖယ်တောက်



www.burmeseclassic.com

www.burmeseclassic.com



တမ်း ကစားနိုင်ခဲ့သူလေ။ အင်းလေ ... ဒါတွေကလည်း ပြီးခဲ့ပါပြီ။ အခုအချိန် ရှင်မင်းညိုမှာ ယောက်ျားတွေကို လှည့်စားဖို့ အာသီသတစ်စက်တောင် မရှိတော့။ အလုပ်မှာ စိတ်နှစ်ပြီး ခပ်အေးအေးပဲ နေချင်တော့သည်။

"ဘယ်လိုလဲ ... ဟား ဟား ... sorry ကွာ၊ ကိုယ်ကစ, တာပါ၊ တော်ကြာ ငါလို tour company ပိုင်ရှင်ရဲ့သမီးတို့များ ခိုင်းရလားတွေးပြီး ကိုယ့်ပေါ် စိတ်ကွက်သွားမှာစက်"

"မဟုတ်ပါဘူး၊ ရှင်မင်း လုပ်ပေးမှာပေါ့"

ရှင်မင်း လဲ့လဲ့လေးပြုံးတော့ သူက ရှင်မင်းမျက်နှာကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လာပါသည်။ သူ့မျက်ဝန်းတွေက အရည်ကြည်လဲ့ပြီး စိတ်ခံစားမှုတစ်ခုကြောင့် ဖိတ်ဖိတ်တောက်နေသည်။ ပြီးမှ သူ သတိဝင်ဟန်နှင့် မျက်နှာလွှဲပြီး ရွှေသက်န်းကပ်ဖို့ ဘုရားဆင်းတုတော်တွေဘက် မျက်နှာမူသည်။

ရှင်မင်းလည်း ခေါင်းလေးငုံ့ချရင်း သူ့နောက်ပါးကနေ လိုက်လျှောက်နေမိသည်။ တခြားသူတွေ မြင်ရင်တော့





ရှင်မင်းတို့က အတွဲတွေပေါ့။ တစ်ယောက်က စက္ကူခွာပေး၊ တစ်ယောက်က ရွှေသက်န်းဘုရားမှာကပ်နှင့်။

ရှည်လျားသော သူ့လက်ချောင်းတွေကို ရှင်မင်း ခပ်ငေးငေးပဲ ကြည့်နေမိသည်။ လှျံတိုးဝေဆိုတဲ့ လူဆီမှာ ဘာလို့ ပြစ်ချက်အနာအဆာတောင် မရှိရတာပါလိမ့်။ ဒါမှမဟုတ်လည်း ရှင်မင်းညိုဆိုတဲ့ မိန်းမရဲ့မျက်လုံးကပဲ လှျံတိုးဝေဆိုတဲ့လူရဲ့ အပြစ်အနာအဆာကို မမြင်ရတာပဲလား။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓဟူးနေ့များစွာထဲက ဒီဗုဒ္ဓဟူးနေ့လေးက ရှင်မင်းအတွက် တစ်သက်မမေ့စရာပါ။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ( ၇ )

chemistry ဆောင်ဘက်ကို ရှင်မင်း တစ်ယောက်တည်း ရောက်လာခဲ့သည်။ နွယ်နဲ့ သွဲ့သွဲ့တို့တော့မပါ။ ဖုန်းကို လက်ကကိုင်ပြီး စိတ်ရှုပ်ဟန်ကလည်း သူမမျက်နှာမှာ အထင်းသား။ ကျောင်းသားကျောင်းသူအားလုံးကြားမှာ ထင်းထင်းလေး လှနေသော လမင်းလေးသူမကို တွေ့တွေ့သမျှ ပုရိသတို့က မျက်လုံးကျွတ်ကျမတတ် ကြည့်နေကြချိန်တွင် မျိုးတူဣတ္ထိယတို့ကတော့ ပေါ်တင်မကြည့်ကြဘဲ မျက်စိစွေပြီး မသိမသာရှိုးကြပါသည်။

"ကျစ် ... ဘာလို့ ဖုန်းပိတ်ထားတာလဲ၊ ကျောင်းရောလာရဲ့လားမသိ"





ကော်ရစ်ဒါဝရန်တာလက်တန်းပေါ်မှာ ထိုင်နေသောကောင်လေးနှစ်ယောက်နားရောက်တော့မှ ရှင်မင်း အသံထွက်ညည်းညူလိုက်သည်။ ထိုထဲက တစ်ယောက်က ကျော်ဘုန်းသက်ပေါ့။ တကယ်က ရှင်မင်းကအရင် သူ့ကိုလှမ်းတွေ့ပြီးသားမို့ သူ့အနားရောက်အောင်သွားတာ ဖြစ်သည်။

အနားရောက်တော့မှ သူ့ကို ရုတ်တရက်တွေ့ဟန်ဖမ်းလိုက်ပြီး အလှပဆုံး အပြုံးတစ်ခု ပစ်သွင်းလိုက်ပါသည်။ သို့သော်လည်း သူ့တုံ့ပြန်မှုက အေးစက်စက်ရယ်ပါ။ သူ့နှုတ်ခမ်းပေါ်မှာ မကောင်းတတ်လို့ တင်ထားလိုက်တဲ့ အပြုံးယောင်ယောင်လေးက အင်အားနည်းစွာ ရှိနေပါ၏။ ဒီအပြုအမူကြောင့် ရှင်မင်းရင်မှာ မျက်တက်တက်လေး ဖြစ်ရပါသည်။

"ဟိုလေ ... တစ်ခုလောက် မေးလို့ရမလား"

သူက "မေး"ဆိုတဲ့ သဘောမျိုးနဲ့ ပါးစပ်ကစကားတစ်ခွန်းမှ မဆိုဘဲ ခေါင်းပဲဆတ်ပြတာမို့ ခံပြင်းမိတဲ့စိတ်လေး ရှင်မင်း မျက်နှာပေါ်မှာ မပေါ်အောင် မနည်းကို ဟန်ဆောင်ထားရပါသည်။ ရှင်မင်းညီကို့ဒီလိုအကျောမျိုးနဲ့ ဆက်ဆံတဲ့လူ ဒီကမ္ဘာပေါ်မှာ သူတစ်ယောက်တည်း ရှိမည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်မြတ်သော်ကို သိလားဟင်။ second year ကပဲ"

"မြတ်မြတ်သော် ... ဘယ်အခန်းကလဲ"

"အဲဒါ မသိလို့၊ သူ့ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားလို့"

"ဟော့ကောင် ... မြတ်မြတ်သော် ဆိုတာ သိလား"

သူက ဘေးနားက ကောင်လေးကို လှည့်မေးတော့ ထိုကောင်လေးက ခေါင်းခါပြသည်။

"အခန်းတွေက ငါးခန်းတောင် ရှိတဲ့ဟာ၊ တစ်ခန်းဝင် တစ်ခန်းထွက် ရှာကြည့်လိုက်လေ၊ တစ်ခန်းခန်းမှာတော့ ရှိမှာပေါ့"

ဆံပင်တိုကပ်ကပ်ညှပ်ထားပြီး အေးစက်တဲ့မျက်ဝန်းညိုနဲ့ တင်းတင်းစေ့ သူ့နှုတ်ခမ်းများက အသည်းနှလုံးမရှိတဲ့ လူသားအလား။ ဟိုတစ်နေ့က သူ့မျက်ဝန်းမှာ ရိုးတိုးရိပ်တိပ်တွေ့လိုက်ရတဲ့ ကြင်နာမှုငွေ့ငွေ့ အခုတော့ ဘယ်ဆီပြေးပုန်းသွားလဲမသိ။ ကျချင်ချင်ဖြစ်နေတဲ့ စိတ်ဓာတ်တို့ကို ရှင်မင်း မနည်းကိုကော်တင်နေရပါသည်။ သူ တကယ်ပဲ ရှင်မင်းအလှကို မခံစားတတ်တာလား။ ဒါမှမဟုတ် သူပြောစကားတည်တဲ့ သဘောမျိုးနဲ့ ဟန်ဆောင်နေတာလား။





"ကျေးဇူးပါ ... ရှင်မင်း ရှာကြည့်လိုက်ဦးမယ်"

သူ့ဆီက ဘာမှတုံ့ပြန်သံမှ ထပ်မကြားတော့ ဒေါသမီးလျှံတွေက ရှင်မင်း ရင်မှာ ကြောက်ခမန်းလိလိ၊ စိတ်ရဲ့ပူလောင်မှုက ကိုယ်အမူအရာကို စေစားလိုက်တာမို့ ခြေထောက်လေးမသိမသာ ဆောင့်လျှောက်မိတော့ စီးထားတဲ့ ကြိုးသိုင်းဒေါက်ကဟန်ချက်ပျက်ပြီး လူကယိမ်းထိုးပြီး မှောက်လဲမတတ်မှာ သန်မာသောလက်တစ်စုံက ရှင်မင်း၏လက်မောင်းကို ဆွဲကိုင်ထိန်းချုပ်လာသည်။

မော့ကြည့်လိုက်တော့ ကျော်ဘုန်းသက်ဆိုတဲ့ ကိုညိုချောပေါ့။ တံကြမ္မာက ရှင်မင်းကို မထင်မှတ်ဘဲ မျက်နှာသာပေးလာတာမို့ အားလေးတက်မိပါသည်။ ယောကျ်ားတစ်ယောက်ကို စည်းရုံးရေးဆင်းရတာ နည်းနည်းတော့ အရင်းအနှီးလေး စိုက်ထုတ်ရပါသည်။ ဘယ်သူမှမကိုင်ဖူးခဲ့တဲ့ ရှင်မင်း လက်မောင်းကို အခု သူက ကိုင်ဆုပ်ထားသည် မဟုတ်လား။

"ကျောင်းလာတာပဲ shooting လာတာမှ မဟုတ်တာ။ ဒီလောက်ရှိုးထုတ်နေတာ မှောက်လျက်လဲမှ လူကြားမကောင်း သူကြားမကောင်း အရှက်ကွဲနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းရဲ့နှစ်လက်မအေါက်ကို ကြည့်ရင်း သူက နှာခေါင်းရှုံ့သည်။ ကျေးဇူးတင်စကားပြောဖို့ ပါးစပ်ပြင်နေတဲ့ ရှင်မင်း နည်းနည်းတော့ တွန့်သွားသည်။ ဘာပဲဖြစ်ဖြစ် ဒီလို အခြေအနေမျိုးမှာ မာယာလက်နက်လေးတွေနဲ့ ပစ်ခွင်းထားပါမှ နောက် ဒီလိုအခွင့်အရေးမျိုး ကြုံချင်မှကြုံမှာ မဟုတ်လား။

"ကျေးဇူးပါရှင်"

ရှင်မင်းရဲ့တိုးတိုးလျှားလျှား စကားကြောင့် သူက ကိုင်ထားတဲ့ ရှင်မင်း လက်မောင်းတစ်ဖက်ကို ပြန်လွှတ်ပေးရှာသည်။ ရှင်မင်းရဲ့ဝင့်ဝင့်စားစား အပြုံးမှာ သူ့ တစ်ခဏတော့ မှင်သက်သွားရှာ၏။ သနားစရာကောင်းလိုက်တဲ့ လူသားပဲ။

"အို"

တမင်တကာ ရှင်မင်း သူလွှတ်ပေးပြီးမှ ကိုယ်ကို ယိမ်းလို့ ခြေကိုလိမ်လိုက်တာမို့ ဟာတ်ထိုးလဲမတတ်မှာ သူက စိုးရိမ်တကြီးနဲ့ လှမ်းအဆွဲ ပါချင်ချင်ဖြစ်နေတဲ့ ရှင်မင်းကိုယ်လုံးလေးက သူ့ရင်ခွင်မှာ လဲပြိုမတတ်။





အခု သူ့မျက်နှာနဲ့ ရှင်မင်းမျက်နှာနဲ့ အနီးကပ်ဆုံး အနေအထားမှာ ချက်ချင်းဖုံးအုပ်ဖို့ သူ ကြိုးစားလိုက်တဲ့ သူ့ မျက်ဝန်းစိတ်တခါးပေါက်မှာ ရှင်မင်း အဖြစ်ချင်ဆုံး အရိပ် အယောင်တစ်ခုကို လှစ်ခနဲ တွေ့လိုက်ရပါသည်။

"ရှင်မင်းညို ... ခင်ဗျားရဲ့ဒေါက်ဖိနပ်ကို ချွတ်လျှောက်ဖို့ ကောင်းပြီလို့ ကျွန်တော် ထင်တယ်၊ နောက်တစ်ခါဆို ကျွန်တော် မကူဘူး၊ ဒီအတိုင်းပဲ ကြည့်နေမှာ၊ တကယ် ပြောတာ"

ရှင်မင်း ရင်ထဲက လွန့်လွန့်လေး ပြုံးမိပါသည်။ သူ့ပါးစပ်က ဘာကြီးပဲပြောနေနေ၊ သူ့ ရှင်မင်းရဲ့အလှတရားမှာ မျောသွားတာ ရှင်မင်း တွေ့လိုက်ရသည်ပဲ။ ပြီးတော့ ရှင်မင်းရဲ့ ကိုယ်သင်းရနံ့နဲ့ အငွေ့အသက်၊ ယောကျ်ားလေးနဲ့ မိန်းကလေး ဆန့်ကျင်ဘက် ဆွဲအားနှစ်ခုတို့ ဆုံကြတဲ့အခါ ရင်ထဲမှာ ဘာညာ ဘာညာတော့ ဖြစ်တတ်ကြတာ ဓမ္မတာပဲလေ။ အဲဒီထဲမှာမှ ရှင် မင်းညို ဆိုတဲ့ ပြစ်မျိုးမှည့်မထင် မိန်းကလေးနဲ့ နီးနီးကပ်ကပ် ကြုံရတဲ့အခါ ...။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းမာတ်ခံရှိနေတဲ့ သူ့ကို Lesson ပေးဖို့ စိတ်ပိုင်းဖြတ်ထားတဲ့ ရှင်မင်းညိုကတော့ ဒီစိတ်တွေသာ ကြီးစိုးနေတာမို့ ရင်ခုန်သံကို တိုးတိုးလေးတောင် မကြားရသလို ဖိန်းတိန်းရှိန်းတိန်းတောင် မဖြစ်ခဲ့။

သို့ပေမဲ့ပေါ့ မျက်နှာနုနုလှလှလေး ပေါ်မှာတော့ မဟာရားကြီးပဲ ရှက်သွားသလို ဘာလိုလို အမူအရာလေး ဖြည့်စွက်ပြီး သူ့မျက်နှာကိုတောင် ရဲရဲမကြည့်ဝံ့တဲ့ဟန်လေးနဲ့ ကျေးဇူးတင်စကားပြောရင်း သူ့အပါးက ထွက်လာခဲ့ပါသည်။

သူ ရှင်မင်းနောက်ကို လိုက်ကြည့်နေမှာ ဆဋ္ဌမအာရုံအရ ရှင်မင်း သိနေပါသည်။ ဒီညတော့ သူ့ ကောင်းကောင်းအိပ်ပျော်မည်မထင်။ ဟား ဟား ... ဒါတောင် ဒုတိယခြေလှမ်းပဲ ရှိသေးတယ်နော်။ နောက်လာမယ့် ခြေလှမ်းအဆင့်ဆင့်၊ ဘယ်ခြေလှမ်းအရောက်မှာ သူ ဒူးထောက်မလဲဆိုတာ စောင့်ကြည့်ရုံပေါ့။ ဟင်း ဟင်း ... နှင့်ပါးစပ်က ထွက်ခဲ့တဲ့စကားအတွက် ပြန်ပေးဆပ်ရမယ့်အခန်ဖိုးက မသေးဘူးဆိုတာ မကြာခင် နင်သဘောပေါက်လာမှာပါ ကျော်ဘုန်းသက်။





"ဟော့တောင် ... မျက်တောင်လေး ဘာလေး ခတ်ပါဦးကွာ၊ အရင်တုန်းကတော့ လေကြီးမိုးကြီးတွေ စွတ်ပြောပြီး အခု နမူးတွေ့ ဒူးတွေ့ တွေ့ပြီဆိုတော့ ပြောနိုင်သေးရဲ့လားကွ ... ဟေ"

တင်ကိုက သူ့ပခုံးလာပုတ်ပြီးပြောတော့ သူ ရှက်ရဲရဲ ရယ်လိုက်သည်။ တကယ်ကိုပါပဲ အနီးကပ်မြင်ခွင့်ရတဲ့ ဒီခဏလေးမှာ သူ ရူးသွပ်သွားသည် ထင်ပါသည်။ ချိုအီအီလေးမွှေးနေတဲ့ ရေမွှေးနံ့နဲ့ သူမရဲ့ကိုယ်သင်းနံ့နှစ်ခုပေါင်း ထွက်လာတဲ့ ရနံ့ကလည်း သူ့စိတ်တို့ကို အကြီးအကျယ်ကို လှုပ်ရှားစေသည်လေ။ ယောက်ျားတွေကို မာယာနဲ့ လှည့်စားနေတယ်လို့ သူ တစ်ယူသန် သတ်မှတ်ခဲ့တဲ့ ကောင်မလေးက အခုလိုကျပြန်တော့လည်း ဘိုးဖြူမလေးလိုလို၊ ဒီရက်ပိုင်းအတွင်း သူမနဲ့သူ မမျှော်လင့်ဘဲ ဆုံဖြစ်နေသည်။

"ပြောလည်း ခံရမှာပဲ ဟော့ကောင်၊ ဒါပေမဲ့ စကားကျွံနုတ်မရဆိုသလိုပဲ၊ ငါတော့ ဒုက္ခရောက်တော့မယ်နဲ့တူပါရဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... မင်းက အံ့ချောင်တာကိုးကွ"

ဟုတ်တယ်လေ။ မထင်မိဘူးလေ။ တစ်နေ့မှာ ရှင်မင်းညို ဆိုတဲ့ ကောင်မလေးရဲ့အလှထဲမှာ သူ မျောပါသွားလိမ့်မယ်လို့။ ဘယ်သူ့ပါးစပ်ကဖြစ်ဖြစ် ရှင်မင်းညို ဆိုတဲ့ နာမည်ကိုသာ ကြားနေရပြီး လူလည်လိုလို ပတ်ကားလိုလိုနှင့် လာအီသမျှ မောင်းမထုတ်ဘဲ စာရင်းသွင်း တန်းစီခိုင်းထားတဲ့ သင်းအကျင့်လေးကို မကြိုက်တာနဲ့ တမင်ထကာကို အခံရခက်အောင် သွားပြောပစ်ခဲ့တာလေ။

"ဒီတော့ မင်း ကြွေသွားတယ် ဆိုပါတော့"

"ဟက် ... ဟက်"

သူက ဝန်ခံရမှာ ရှက်တာနှင့်ရယ်ပဲ ရယ်နေလိုက်သည်။

"မင်း ဘာဆက်လုပ်မလဲ။ ကျော်ဘုန်းသက်"

သူ ဝရန်တာလက်တန်းပေါ် ပြန်တက်ထိုင်လိုက်ရင်း ...





"အတာတ်နိုင်ဆုံးတော့ စိတ်တင်းရမှာပဲ ဟော့ကောင်ရေ၊ သူနဲ့ငါ့ရဲ့ရေစက် ဒီလောက်နဲ့ပဲ ပြီးသွားပါစေလို့ ဆုတောင်းရမှာပဲ"

"ဟင် ... ခင်းဟာကလည်းကွာ၊ မရေမရာလိုက်တာ"

သူ ပခုံးတွန့်ပြလိုက်သည်။ သူ့အနေအထားက ဒီလိုပဲ ဖြစ်နေတာဆိုတော့ ဘာတတ်နိုင်မှာလဲ။ မိန်းကလေးတွေရဲ့စိတ်က ပြောရတာ မဟုတ်ဘူး။ သူပြောခဲ့တဲ့ စကားတွေ မှတ်ထားပြီး ကလဲ့စားချေနေမှအခက်။ ရှင်မင်းညို ဆိုတဲ့ ကောင်မလေးက ယောကျ်ားတွေကို ချစ်စရာလို့ မမြင်တတ်သေးဘဲ အစားစရာလို့သာ မြင်နေသေးတဲ့ မိန်းကလေးမျိုး မဟုတ်လား။

"ဟူး"

သူ ရင်ပူစွာနဲ့ သက်ပြင်းမောတစ်ခု ချလိုက်မိသည်။ ဒီညတော့ ရှင်မင်းညိုကို အိပ်မက်ထဲ ထည့်မက်မိမည်ထင်သည်။ အခုတောင် ဘယ်နေရာကြည့်ကြည့် သူမရဲ့မျက်နှာဖူးဖူး မွတ်မွတ်လေးကိုပဲ မြင်နေရသည် မဟုတ်လား။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁

မနက်အိပ်ရာနိုးနိုးချင်း သတိရမိတာက ပန်းသွေးနီကိုပါ။ သူ့ကို အမြဲဂရုတစိုက်ရှိခဲ့သူပေါ့။ ထမင်းစား၊ ဆေးသောက်ကအစ သူမပဲ လိုက်ပူပင်ပေးခဲ့သည်လေ။ တစ်နေ့ကို ဖုန်းမဆက်ဘူးဆိုရင်တောင် သုံးကြိမ်လောက်တော့ အနည်းဆုံးခေါ်တတ်သူ။ သူမ အခုတော့ ဘယ်လိုနေရှာမည်မသိ။

သူမသာ ဘာသိဘာသာ နေတတ်တဲ့ မိန်းကလေးမျိုးဆို သူ အဆက်ဖြတ်ထားစရာ ဘာအကြောင်းမှမရှိ။ အခုဟာက ရှင်မင်းညိုရဲ့အချစ်ကိုရဖို့ ကြိုးစားတဲ့နေရာမှာ သူမက ခလုတ်ကန်သင်းတစ်ခုလို ဖြစ်နေလို့သာ သူ ဖယ်ထုတ်ထားရတာဖြစ်သည်။ အတ္တကြီးလွန်းသူလို့ စွပ်စွဲချင်ရင် စွပ်စွဲပါ။ သူ့အတွက်





ကတော့ ရှင်မင်းညိုကို ကလဲ့စား ချေရေးသည်သာ ပထမဖြစ်နေခဲ့သည် မဟုတ်လား။

တာဝန်နဲ့ ဝတ္တရားအရ သူ လုပ်မိတာက viber ကနေ ရှင်မင်းညိုဆီ ကော်ဖီခွက်လေးနဲ့ နှင်းဆီနီတစ်ပွင့် sticker နဲ့ Good Morning လို့ ပို့မိတာ။ ရှင်မင်းညိုဆိုတာ မခက်ခဲ၊ အညာလွယ်တဲ့ မိန်းကလေးလိုလို ဘာလိုလိုနှင့် အနားကပ်လာတဲ့ ဗုရိုးသမှန်သမျှ ဖမ်းစားတတ်တဲ့ ကဝေမမှန်း သူ အသိမို့ ဝင်ရောဖို့က လွယ်သလောက် သူမနှလုံးသားကို အရယူဖို့ကတော့ ခက်ခဲမှာ သူ ကြိုတွက်ထားပြီးသားပါ။

တကယ်တော့ မိန်းမဆိုတာ မိန်းမသဘောသဘာဝပဲရှိတာပဲ။ အမြှောက်ကြိုက်၊ အကြင်နာ အယုအယမှာသာယာ။ အလေးပေး ဂရုစိုက်မှုတို့ကို မက်မော။ ဒါတွေအားလုံး တစိမ့်စိမ့်နဲ့ သူမနှလုံးသားထဲ ပျော်ဝင်သွားအောင် နည်းမျိုးစုံနဲ့ သွပ်သွင်းဖို့ပဲရှိသည် မဟုတ်လား။ လောလောဆယ် အနေအထားမှာတော့ သူက နှာတစ်ဖျားသာနေသလို ခံစားနေရသည်။ သူမမျက်လုံးထဲမှာ သူ့ကို အထင်ကြီးလေးစား မြတ်နိုးရိပ်တို့ စွက်ဖက်နေကြတာ သူ ဖိတ်မိပြီးပြီလေ။

www.burmeseclassic.com



အထင်မကြီးစမ်းပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် အထင်မကြီးစမ်းပါနဲ့ လျှံတိုးဝေ။ လျှော့တွက်လို့မရတဲ့ မိန်းမထဲမှာ ရှင်မင်းညိုက ထိပ်ဆုံးမှာ ရှိနေတာလေ။ ဘယ်လောက်အထိ အဆိပ်ပြင်းခဲ့သလဲဆို ပတ်ဝန်းကျင်ကိုပါ အဆိပ်ငွေ့သင့်ပြီး သေဆုံးရှုံးသွပ်စေခဲ့တာပဲ။

"Thanks ... ကိုလျှံ"

သူမ ပြန်ပို့လာတဲ့ msg ကိုကြည့်ရင်း သူ မဲ့ပြုံးပြုံးသည်။ သို့ပါသော်လည်း သူ့လက်တွေကတော့ ရွှေ့လျားလို့ msg တစ်စောင်ကို ရေးနေပါသည်။

"အခု နိုးပြီလား ... ဘာလုပ်နေတာလဲ၊ အိပ်ရာထဲမှာလား"

"ဟွန်း ... လူကိုများ ပျင်းမ မှတ်နေလား၊ breakfast စားနေတယ်ရှင့်"

"သြော် ... ဘာစားတာလဲ၊ ကိုယ့်ကိုလည်း ကျွေးဦးလေ"

သိပ်မကြာပါ။ ကြက်ဥ half fried ၊ ဝက်အူချောင်းကြော်၊ ပါမုန့်မီးကင်နဲ့ ကော်ဖီတစ်ခွက်ကို ရိုက်ထားတဲ့ သူမရဲ့ breakfast photo လေး သူ့ဆီ ရောက်လာသည်။





"အားကျလိုက်တာကွာ၊ ကိုယ့်မှာတော့ တစ်နေ့ တစ်နေ့ ဆိုင်ဝဲပြေးစားနေရတာ"

"သနားတယ်"

"သနားရင် လာကျွေးလှည့်လေ"

"ဟွန်း"

တကယ်ဆိုတော့ လျှံတိုးဝေ ဆိုတဲ့ ငနဲဟာ ငယ်စဉ်ကတည်းက စကားကို လိုသည်ထက် ပိုမပြောတတ်သူ တစ်ယောက်ပါ။ မိန်းကလေးတစ်ယောက်ကို အီဖို့ဆိုတာ အိပ်မက်တောင် မမက်ဘူးတဲ့ အကြောင်းအရာ တစ်ခုပေါ့၊ ပန်းသွေးကိုတောင် စကားတွေ သိပ်များလာပြီဆိုရင် အော်ထုတ်တတ်တာ။

"Bye naw ကုမ္ပဏီသွားရတော့မှာမို့"

"Ok ... bye"

ဆိုတဲ့ စာတန်းလေးရဲ့အောက်မှာ ,လက်ပြနေတဲ့ ဝက်ဝံရုပ် sticker လေးပါ သူမဆီ ပို့ပေးမိသည်။ သူမ ပြုံးနေမှာ သူ မမြင်ရလည်း သိနေပါသည်။ သူ့အတွက် နေသားမကျတဲ့ အပြုအမူ၊ အပြောအဆိုမျိုးတွေ လုပ်နေ ပြောနေရတာ တကယ်တမ်းတော့ ပင်ပန်းလွန်းပါသည်။ တွန်းအားတစ်ခု ရှိနေလို့သာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... မင်းရဲ့အလှအပကို တခြားသူတွေသာ ကြွေချင်ကြွေမယ်၊ ငါကတော့ လုံးဝပဲ၊ မင်းရဲ့အလှအပက တကယ်တော့ အဆိပ်အတောက်တွေပဲ... အဆိပ်အတောက်"

သူ ခေါင်းရင်းနံရံပေါ်မှာ ချိတ်ထားတဲ့ ဓာတ်ပုံကို ခပ်ငေးငေး ကြည့်နေမိသည်။ ဓာတ်ပုံထဲမှာ သူက မေမေ့ကိုဖက်၊ ကျော်က ဖေဖေ့ကိုဖက်ပြီး မိသားစုလေးယောက်သား ပြုံးလို့ရွှင်လို့ပေါ့။ ဒီအသိုက်အမြုံလေး တစ်နေ့မှာ တစ်စစီပြိုကွဲသွားမယ်လို့ ဘယ်သူ ထင်ထားမလဲနော်။

ဘယ်တော့မှ ပြန်မလာနိုင်မယ့် တမလွန်ကို သူတို့ သုံးယောက်လုံး ထွက်ခွာပြီး သူ့တစ်ယောက်တည်းကို ချန်ရစ်ထားကြသည်လေ။ သူ့ဘဝကရော ဘာထူးလဲ သေသူတစ်ယောက်နဲ့ မခြားဘဲလေ။ ဓာတ်ပုံလေးကို တစိမ့်စိမ့်ကြည့်ပြီး သူ ယောက်ျား တန်မဲ့ ငိုရှိုက်မိပြန်သည်။ နွေးထွေးတဲ့ မိသားစုဘဝလေးရဲ့ အရိပ်တွေက သူ့ကို လွမ်းမိုးဆဲပါပဲ။ သေသာသူ ကြာရင်မေ့ဆိုတဲ့ စကား သူ့အတွက်တော့ မှားလိမ့်မည်ထင်သည်။ ကြာလေ လွမ်းလေ၊ ရင်မှာ နာကျင်လေ မဟုတ်လား။





သူ အချိန်တော်တော်ကြာကြာ ငိုရှိုက်နေမိရာက ဖုန်း ring tone သံကြားမှ ပြန်သတိဝင်မိသည်။ ဖုန်းနံပါတ်က ပန်းသွေးဖုန်းမို့ မကိုင်ဖြစ်ခဲ့။ ဆယ်ကြိမ်မက ခေါ်မရတဲ့အဆုံး message တစ်စောင်ဝင်လာသည်။ ဖတ်ကြည့်လိုက်တော့ သူ့ကို ဖုန်းကိုင်ဖို့ တောင်းပန်တဲ့ စာကြောင်းလေး။

"Please, hold on the phone, now !"

သူမ နောက်တကော ထပ်ခေါ်တော့ ကိုင်မလို့ လက်ရွယ်ပြီးမှ သူ လက်ကိုပြန်ရုပ်ပစ်လိုက်သည်။ မတတ်နိုင်ဘူးလေ။ သူ့မှာက တာဝန်တစ်ခု ရှိနေတာ မဟုတ်လား။ ဒီတာဝန် မပြီးမပြတ်မချင်း ပန်းသွေးသိလို့ လုံးဝမဖြစ်တာမို့ သူ ဒီ ဟက် တင်းမာလိုက်ရတာဖြစ်သည်။

ဖုန်းမြည်သံ နောက်ထပ် ထပ်မလာတော့။ သူမ အခုအချိန်လောက်ဆို ငိုရှိုက်နေမှာ သူ အတပ်သိနေပါသည်။ သူမဆီ ရောက်နေတဲ့ သူ့အတွေးတို့ကို ရုပ်တန့်ပစ်လိုက်ပြီး ရေချိုးခန်းထဲဝင် ရေချိုးပစ်လိုက်သည်။ သူ ပြတ်သားမှ ဖြစ်မယ့် ကိစ္စမို့ ပျော့ညံ့တွေဝေနေလို့ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



towel နဲ့ သူ့ကိုယ်ကိုပတ်ပြီး ရေချိုးခန်းထဲက အထွက် ဖုန်းမြည်သံကြောင့် ကောက်ယူကြည့်တော့ ရှင်မင်းညို့ရဲ့ ဖုန်း ဖြစ်နေတာမို့ တစ်ချက်ပြုံးမိသည်။

"ဟယ်လို"

"အင်း ... ကိုလှျံ အခု ဘယ်မှာလဲ"

"ကိုယ်လား ... အိမ်မှာပဲ ရှိသေးတယ်၊ အခုမှ ရေချိုးခန်း ထဲက ထွက်လာတာ၊ ရေချိုးဆပ်ပြာနံ့ရလား"

"ဟင့် ... ဘယ်လိုလုပ် ရမှာတုံး"

"ရချင်ရင် ကိုယ် break fast အပြင်ထွက်စားရင် ရှင်မင်း ကုမ္ပဏီက ထွက်လာလိုက်လေ"

"ကြည့် ... ပေါက်တတ်ကရ ပြောတော့မယ်"

"ဟား ဟား ... စ,တာပါကွာ၊ ပြော ... ဘာကိစ္စတုံး"

"ရှေ့အပတ် တနင်္ဂနွေ ရှင်မင်းတူမလေးရဲ့ brithday ရှိ လို့ ကိုလှျံကို ဖိတ်ချင်လို့"

"သြော် ... အဓေးကြီးပဲ လိုသေးတဲ့ဟာ"

"ကြိုပြောထားတာပါ၊ ကိုလှျံက အလုပ်တွေ သိပ်များနေ တယ် မဟုတ်လား၊ ကြိုစီစဉ်ထားလို့ရအောင်"





"အင်း ... လာရမှာပေါ့၊ တူမလေးရဲ့မွေးနေ့ပဲ"

"ဟင်း ... လုပ်ပြီ ကိုလှျံကလေ၊ မထင်ရဘူး သိလား၊ ရုပ်တည်ကြီးနဲ့ ဒါမျိုးတွေ ပြောတတ်မယ်လို့"

"ရော် ... ဖြစ်ရလေကွာ၊ မပြောတတ်ရတော့ဘူးလား၊ အမိကိုခင်လို့ ပြောတဲ့ဟာ ပေါ်တောတောများ ဖြစ်သွားလို့ လား"

"အင်း ... မဖြစ်ပါဘူး၊ ကဲပါ ... အနားနီးမှ အချိန်နဲ့ နေရာကို ထပ်ပြောကြတာပေါ့"

"ဒါနဲ့ သူက ဘယ်အရွယ်လောက်ရှိပြီလဲ"

"ခြောက်နှစ်"

"အင်း ... အင်း ... birthday present ဝယ်ပေးဖို့ မေး ကြည့်တာ"

"မလိုပါဘူး ... ကိုလှျံရဲ့"

"လိုတာပေါ့ ... brithday ဖိတ်တာ present လိုချင်လို့ မဟုတ်ဘူးလား၊ present မလိုဘူး ဆိုရင်တော့ ရှင်မင်း က ဘာရည်ရွယ်ချက်နဲ့ ကိုယ့်ကိုဖိတ်ရတာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … တော်ပြီ၊ တကယ့် အရစ်ကြီးပဲ၊ ရှင်မင်း လုပ်စရာ အလုပ်လေးတွေ ရှိနေသေးလို့ bye naw "

ရှင်မင်းညို ဖုန်းချသွားတော့ သူ့နှုတ်ခမ်းမှာ ကောက်ကျစ်စဉ်းလဲတဲ့ အပြုံးတစ်ခု ခိုဝင်ရောက်ရှိလို့လာသည်။ မင်းလမ်းခင်းပေးနေတဲ့ကောင်က မင်း အရင်တွေ့ဖူးတဲ့ ခပ်နုံနုံ၊ ခပ်အအ အကောင်မဟုတ်တာ မင်းသိတဲ့တစ်နေ့ နောင်တ,အကြီးအကျယ် ရလိမ့်မယ် ရှင်မင်းညို၊ လျှံတိုးဝေ ဆိုတဲ့ကောင်ရဲ့အသွေးထဲ အသားထဲမှာ ရှင်မင်းညို ဆိုတဲ့မင်းကို မုန်းတဲ့အမုန်းဓာတ်တွေက စိမ့်ဝင်ပျံ့နှံ့နေခဲ့တာ၊ မင်းရဲ့အသည်းနှလုံးကိုပါ အရယူပြီး အမှည့်ခြွေခြွေပြမယ်ကြည့်။ မဒေသရုံတမယ် မင်းခံစားစေရမယ်၊ စိတ်မနိုင်ရင် ကိုယ့်ကိုယ်ကိုယ် သတ်သေမိတဲ့အထိ မင်း ခံစားစေရမယ် ရှင်မင်းညို။ မင်းပြုခဲ့တဲ့ မကောင်းမှုတစ်ခု မင်းရဲ့လက်တစ်ကမ်းအလိုမှ အကျိုးပေးဖို့ စောင့်နေတယ် ရှင်မင်းညို။ မင်း ဘယ်လောက် အစွမ်းအစရှိမလဲ။ ဘယ်လိုအင်အားမျိုးနဲ့ တွန်းလှန်နိုင်မလဲ၊ ငါ စောင့်ကြည့်နေမှာပါ ရှင်မင်းညို။

✤ ◇ ✤





# ( ၈ )

"စိတ်မချဘူး ရှင်မင်းရယ်"

"ဟား ဟား … ယူ့မှာ ဒီလိုပြောဖို့ အခွင့်အရေးရှိလို့လား"

စတော်ဘယ်ရီသီးလေးကို သကြားခွက်ထဲနှစ်ပြီး ယူစားရင်း ရှင်မင်းက ဟိုဘက်ကလူကို မခံချိမခံသာဖြစ်အောင် စ,လိုက်သည်။

"အဲဒီအခွင့်အရေးကို တို့ လိုချင်ပေမယ့် ရှင်မင်းမှ မပေးဘဲ"

"ပေးတော့ ပေးချင်တာပေါ့ ဝဏ္ဏရယ်၊ ဒါပေမဲ့ ယောကျ်ားဆိုတာမျိုးက လိုချင်တုန်းသာ အသည်းအသန်၊ ရသွားကြည့် အရေးလုပ်တတ်တာ မဟုတ်တော့ တို့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း တင်နိုင်တဲ့ အချိန်လေး တင်ထားရတာလေ ကွာ၊ သဘောပေါက်စမ်းပါ"

"တို့ အဲဒီလိုလူစားမျိုး မဟုတ်ဝါဘူး ရှင်မင်းရယ်"

"အဲဒီလိုပြောတာ ကိုးရာကိုးဆယ့်ကိုးယောက်ရှိပြီ ... ခစ် ခစ်"

"ရှင်မင်းကတော့ ရယ်နိုင်ပေမယ့် တို့တော့ မရယ်နိုင်ဘူး ရှင်မင်းရယ်၊ တစ်နေ့ တစ်နေ့ တို့နောက်ကျသွားမှာစိုးလို့ သေမတတ်ပဲ ခံစားနေရတယ်"

"ကဲ ကဲ ... ယူ bill တွေလည်း တော်တော်ကုန်နေပြီ၊ ရှင်မင်း နားတွေလည်း အူနေပြီ၊ ဒီနေ့တော့ ဒီလောက်နဲ့ပဲ တော်ကြစို့နော်"

ဟိုဘက်က အထွန့်မတက်ခင်မှာ ရှင်မင်း ဖုန်းချလိုက်သည်။

ဘယ်သူ့ကိုမှ ရှင်မင်း ရင်မခုန်သလို၊ ရှင်မင်းရဲ့ အချစ်ကိုပေးဖို့လည်း ရည်ရွယ်ချက်မရှိ။ ရှင်မင်းနဲ့တန်တဲ့လူ ရှိတယ်လို့တောင် မထင်ထားတာ။





ဒါပေမဲ့ ညစဉ်ညတိုင်းတော့ ဖုန်းလက်ခံပြောပေးပါသည်။ ကိုယ့်အတွက် အပျင်းလည်းပြေ၊ သူ့ဘက်ကကြည့်ရင်လည်း လက်ခံစကားပြောလို့ ဖြေသိမ့်စရာတစ်ခုပေါ့ မဟုတ်ဘူးလား။

"ရှင်မင်း"

စာကြည့်စားပွဲနား ရောက်လာတဲ့ ငွေနှင်းကို ရှင်မင်း မော့ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်က မနှစ်မြို့မှုကိုအတွေ့ ရှင်မင်း မျက်နှာပြန်လွှဲလိုက်သည်။ သူနဲ့ ရှင်မင်းက ညီအစ်မအရင်းပေမယ့် စိတ်ဓာတ်ကတော့ တခြားစီ။ သူက တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက် လူစားမျိုးလေ။ အဲဒီတစ်ယောက်တာ ခေါက်သွားရင် ဘယ်ကိုမှ လက်လှမ်းမထားတာမို့ ခြေလွှတ်လက်လွှတ်တွေဖြစ်ပြီး တစ်ယောက်တည်း ငေါင်စင်းစင်းနဲ့ ထိုင်ငိုနေရမယ့်အဖြစ် သူမို့လို့ မတွေးမိတယ်။

"နင့်ကိုငါ သတိပေးပေါင်းလည်း များလှပြီ ရှင်မင်း၊ ယောကျ်ားဆိုတာ ကစားစရာ မဟုတ်ဘူးဟဲ့၊ ကိုယ်ပြန်မ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နိုင်ရင် ဝေးဝေးမှာနေ၊ စိတ်တွေကို သွားသွားဆွပေး မနေနဲ့၊ ငါတော့ မြင်ယောင်ပါသေးတယ်၊ ဒီပုံအတိုင်း နင်ဆက်သွား တစ်နေ့ ပြဿနာ အကြီးအကျယ် တက်မယ်”

ရှင်မင်းကတော့ စကားမများချင်တာနှင့် သူနဲ့ အတိုက်အခံလုပ်ပြီး ဆက်မပြောတော့ဘဲ အသာငြိမ်နေလိုက်သည်။ တော်ကြာနေ မာမီ ပါလာလိမ့်မယ်။ နှစ်ယောက်တစ်ယောက် အထိနာမှာ သေချာနေသည်မို့ ရှင်မင်း ဘာရိုက်အုပ်ထားပါမှ တော်ရာကျမည် မဟုတ်လား။

“ပြန်မပြော နားမထောင် ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်ရင် ကိုယ်ဖြစ်ရင် ကိုယ်ခံရမှာနော် ရှင်မင်း”

ရှင်မင်းကတော့ စာကြည့်စားပွဲပေါ်က ဖိုင်တစ်ခုကို ယူပြီး အထဲက စာရွက်စာတမ်းတွေကို ထုတ်ပြီး ဟိုကြည့် ဒီကြည့် လုပ်နေတာမို့ ငွေနှင်း အသည်းတော်တော်ယားသွားသည့် ဟန်နှင့် ရှင်မင်းပခုံးကို ဆွဲလှုပ်သည်။





“ဟဲ့ ... ငါပြောနေတာ ကြားလား”

“ကြားတယ်လေ ... ဘာဖြစ်လို့လဲ၊ ရှင်မင်း ဘာမဟုတ်တာ လုပ်လို့လဲ၊ propose လုပ်တယ်၊ ဧည့်စားပေးမယ်လို့ပြော တယ်၊ ဖုန်းလာဆက်တော့ လက်ခံနားထောင်ပေးတယ်၊ ဒါပဲလေ ဘာလုပ်လို့လဲ၊ ပြန်ကြိုက်ပြီး တစ်ယောက်ပြီး တစ်ယောက်နဲ့ တွဲနေတာမှ မဟုတ်တာ”

“မှန်တယ် ... မှန်တယ်၊ ဒါပေမဲ့ နင်က သိပ်လှတယ်လေ၊ သူတို့စိတ်ထဲ ဘာရှိလဲ နင်မသိနိုင်ဘူး၊ တော်ကြာ ကားတင်ပြေးတာ ဘာညာလုပ်မှ ငါတို့အားလုံး ရင်ကျိုးရ လိမ့်မယ်”

“သြော် ... ပူစရာမရှိ ပူနေပြန်ပါပြီ”

“ပူရတယ်ဟဲ့ ... ပူရတယ်၊ နင်က လောကအကြောင်း ဘာမှသိတာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် လှတယ်ဆိုတာ လေးတစ်ခုနဲ့ စိတ်ကူးတည့်ရာ လုပ်ချင်နေတာ၊ ယောကျ်ား မာယာက ပိုကြောက်စရာကောင်းတယ်၊ နင့်ကို ကျားချောင်း ချောင်းနေတဲ့လူတွေ မရှိဘူးလို့ မပြောနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ...မမငွေနှင်းရယ်၊ ရှင်မင်း ဆင်ခြင်ပြီး အားလုံးကို သတိထားနေပါ့မယ်၊ ဟုတ်ပြီလား"

ရှင်မင်း စကားကြောင့် ငွေနှင်းက ဘဝင်ကျသွားဟန်နှင့် မျက်စောင်းတစ်ချက်ထိုးလို့ ရှင်မင်း အနားက ထွက်ခွာသွားသည်။ မမငွေနှင်း အနားကထွက်ခွာသွားပြီဆိုမှ ရှင်မင်း ဖုန်းနံပါတ်တစ်ခုကို stand တစ်ခုမှာ ချိတ်ထားတဲ့ စလင်းဘတ်ရှေ့အိတ်ထဲက ဆွဲထုတ်ယူငင်လိုက်သည်။

chemistry က ရှင်မင်း သူငယ်ချင်းမြတ်မြတ်သော်ဆီက ရလာခဲ့တဲ့ ကျော်ဘုန်းသက်ရဲ့ဖုန်းနံပါတ်ပေါ့။ popular တစ်ယောက်မို့ သူ့ဖုန်းနံပါတ်ကိုရဖို့က သိပ်မခက်ခဲလွန်းပါ။ ခက်တာက သူက အအီဖယားဆို so sorry ပါတဲ့လေ။ မိန်းမတွေကို လုံးဝစိတ်မဝင်စားတတ်ပါတဲ့။ ဒါလေးနဲ့ပဲ သူကနာမည်စွတ်ကြီးနေတာ ဖြစ်မည်။

မည်းပြောင်ခဲနေသော ဆံပင်တို့ကို သိုးမွေးကွင်းတစ်ခုနဲ့ လျော့ရဲရဲချည်နှောင်ထားသော ရှင်မင်းညို့ရဲ့ အိမ်နေရင်းစတိုင်လ်လေးကလည်း ဘာမှမပြင်မဆင်ထားသော်ငြား ကပိုကရိ





လေးနဲ့ လှပနေပါ၏။ ပြောင်တင်းတင်း နို့နှစ်ရောင်ပါးပြင်ပေါ်မှာ ဘာမှလိမ်းကျံမထားသော်ငြား နဂိုအလှသွေးက ကြွနေတာမို့ ရှုမငြီးစရာ။ အခုလောလောဆယ်တော့ မျက်နှာဖူးဖူးနုနုလေးမှာ question mark လေးတွေတောင် ပေါ်မတတ် တစ်ခုခုကို အဖြေရှာနေဟန်က အထင်းသား။

ဖုန်းမှားဝင်တယ် ဆိုရင်လည်း ကလေးအထာဖြစ်သွားမည်။ ရှင်မင်းက သူ့ကိုအရင် ဖုန်းခေါ်ရအောင်လည်း နိုင်မာတဲ့အကြောင်းပြချက်က ဘယ်မှာလဲ။ ပေါ်တင်တွေ သိပ်ကျလွန်းလို့ သင်း ထွက်ပြေးသွားမှအခက်။

ဘယ်လိုစဉ်းစား စဉ်းစား အဖြေရှာမရတာမို့ ရှင်မင်း လက်လျှော့လိုက်သည်။ ဖုန်းကိစ္စကို နောက်တစ်ဆင့်ထားပြီး ဒီအရင် အဆင့်ကို ဘယ်လိုကြံရဖန်ရ ကောင်းပါ့မလဲ။ မေးချွန်ချွန်လေး လက်ထောက်ပြီး စဉ်းစားခန်း ဝင်နေမိပါသည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူ ရှင်မင်းကို ဒူးထောက်ခစားဖို့က အဓိကမဟုတ်လား။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၀ )

နက်ပြာရောင် Harrier ကားတစ်စီးကို လှမ်းမြင်လိုက်တာနှင့် ရှင်မင်း ဖင်တကြွကြွ ဖြစ်နေသည်။ ရောက်ခါနီး ဖုန်းခေါ်ပါလို့ ပြောထားသားနဲ့ သူက ရှင်မင်းဆီ ဖုန်းမခေါ်ခဲ့ဘူးလေ။

ပီတိမွေးနေ့ကို ဟိုမှာလုပ်မယ်၊ ဒီမှာလုပ်မယ် မဲခွဲနေရင်းက နောက်ဆုံးတော့ သူတို့အိမ်ဂေဟာမှာပဲ ဘုန်းကြီးနေ့ဆွမ်းကပ်ပြီး ညနေ dinner ကျွေးဖြစ်ကြသည်။

မမငွေနှင်း အမျိုးသားက ကိန်းကြီးခန်းကြီးနိုင်တာကို မကြိုက်တဲ့ လူထူးလူဆန်းလေ။ နှစ်ဖက်အဘိုးအဘွားက





hotel တစ်ခုခုမှာ လုပ်ပေးဖို့ ပြောတာတောင်မှ သင်းကလက်မခံ၊ မမငွေနှင်းကလည်း သူ့ယောကျ်ားပြောစကား အမှန်အဟုတ်ထင်သူဆိုတော့ သူ့ဆန္ဒအတိုင်းပဲ အိမ်မှာ လုပ်ဖြစ်ပါသည်။ ပီတိကျောင်းက သူငယ်ချင်းတွေနှင့် အရမ်းရင်းနှီးတဲ့ မိတ်ဆွေတွေသာ ဖိတ်တာမို့ ခြံထဲမှာ တလေးဝိုင်း၊ အိမ်ထဲမှာ လူကြီးဝိုင်းအဖြစ် နေရာနှစ်ခုခွဲ နေရာချထားကြသည်။

"ကိုလှျံ"

ကားတံခါးဖွင့် ဆင်းလာတဲ့ ကိုလှျံ လက်ထဲမှာ ပီတိ တစ်ရပ်နီးပါးရှိတဲ့ pooh ရုပ်ကြီး ပါလာသည်။

"ပီတိရေ ... ပီတိ လာဦး"

သူငယ်ချင်းတွေနဲ့ စကားပြောနေတဲ့ ပီတိက ရှင်မင်းတို့ဘက် လှည့်ကြည့်ပြီး ဂါဝန်လေးတကားကားနဲ့ အပြေးလေး ရောက်လာသည်။

"Happy birthday သမီးလေး"

ပီတိက သူ့လက်ထဲက ဝက်ဝံရုပ်ကြီးကို မယူသေးဘဲ ရှင်မင်းကို မော့ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူလိုက်လေ ဗီတိ၊ ပြီးတော့ ဦးဦးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်"

ဗီတိက ရှင်မင်းရဲ့ခွင့်ပြုချက်ကို ရတော့မှ သူ့လက်ထဲက ဝက်ဝံရုပ်ကို ဝမ်းသာအားရ လှမ်းယူပွေ့ပိုက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦးဦး"

ဗီတိရဲ့ကျေးဇူးတင်စကားအဆုံးမှာ သူက ဗီတိရဲ့ နဖူးလေးကို ကိုယ်ကိုကိုင်းပြီး နမ်းရှုတ်သည်။ ဘယ်လောက် ကြင်နာတတ်တဲ့ လူသားလည်းနော်။ ဒီမြင်ကွင်းလေးက ရှင်မင်းရင်ကို ကြည်နူးလှုပ်ရှားစေတာ အမှန်ပါ။

"ရှင်မင်း ... ဒီနေ့ သိပ်လှတယ်"

အရုပ်ကြီးကို မနိုင့်တနိုင် သယ်သွားတဲ့ ဗီတိရဲ့ နောက်ကျောလေးကို သူက ပြုံးကြည့်နေရာက ရှင်မင်းဘက်ကို လှည့်ပြီး ရုတ်တရက် ပြောလိုက်တာမို့ လူက အိုးတိုးအမ်းတမ်းနှင့် ရှင်မင်း မျက်နှာမှာ ရှက်သွေးလွှမ်းသွားမည် ထင်ပါသည်။

လှလိုက်တာ၊ လှတယ် ဆိုတဲ့ စကားမျိုးတွေ ရှင်မင်း ကြားဖူးတာ အဖန်ဖန်ပါ။ အဲဒီတုန်းကတော့ ဝင့်ကြွား





သော အပြုံးလေးနဲ့ ဂုဏ်ယူတတ်တဲ့ ရှင်မင်းဟာ အခု သူ့ရဲ့ ချီးကျူးစကားကြားတော့ ပုံစံပြောင်းသွားခဲ့တာ ဘာကြောင့်များ ပါလိမ့်။

အပြာနုရောင် ဂါဝန်ရှည်လေးမှာ ငွေကြိုးခါးပတ်လေး ခါးချည်ထားပြီး ဆံပင်တွေကို ဖားလျားလေးချထားကာ နီလာ လက်ဝတ်လက်စား တစ်ဆင်ဆာကိုလည်း ဆင်မြန်းထားတဲ့ ရှင်မင်းညိုက ညနေ နေရောင်ဖျော့ဖျော့မှာတောင် သိပ်ပြီး လင်းလက် တောက်ပစွာ လှနေသည့် နတ်သမီးလေးတစ်ပါးလို လေ။

"ကိုယ့်လည်း ဒီနေ့ သိပ်ကြည့်ကောင်းပါတယ်"

"ဟား ဟာ ... ဘာလို့ သူများပြောမှ ပြန်ပြောရတာလဲ၊ ကိုယ်ကြည့်ကောင်းရင် ကားပေါ်က ဆင်းလာကတည်းက ပြောပါလား"

ရယ်မောရင်း ရှင်မင်းကို ချစ်ကြည်စွာကြည့်လာတဲ့ သူ့အကြည့်တွေကြားမှာ ရှင်မင်းရင်တွေ မတန်မဆကို ခုန်လို့လာပါသည်။ တကယ်ပဲ ရှင်မင်း ရင်ကို ခုန်စေနိုင်တဲ့အစွမ်း သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တာပဲနော်။ ဟိုးအရင်ရက်တွေတုန်းကတော့ ရင်ခုန်သံက မပီပြင်ခဲ့သေးပါ။ ဒီနေ့မှ အသေအချာကို ကြားသိလိုက်ရတာလေ။ အဲဒီအခိုက်ပွာယ်က ဘာမှန်းစဉ်းစားမိစဉ်ခဏ ရှင်မင်းမျက်နှာလေး နီစွေးသွားတော့သည်။

"လာလေ ... ကိုလျှံ"

"ဟင် ... ကလေးတွေ ဖိတ်ထားတာလား"

ခြံထဲက ကလေးဝိုင်းတွေကိုကြည့်ပြီး မေးတဲ့မေးခွန်းကြောင့် ရှင်မင်း တခစ်ခစ် ရယ်လိုက်သည်။

"အိမ်ထဲမှာ လူကြီးတွေလေ ကိုလျှံရဲ့"

"သြော် ... သိပါဘူး၊ ကလေးတွေပဲ ဖိတ်ထားတာလားလို့"

ရှင်မင်း နောက်ကနေ လိုက်လျှောက်နေတဲ့သူက ခြံတိုရော၊ အိမ်ကိုပါ အကဲခတ်ကြည့်လာသည်။

"ဒက်ဒီ ... ဒီမှာ ကိုလျှံတို့ဝေ လာတယ်"

"ဟာ ... မောင်လျှံတို့ဝေ လာ လာ"

ဒက်ဒီက စားပွဲတစ်ခုက ထ,လာပြီး ကိုလျှံကို ကြိုဆိုနေရာချပေးသည်။ ပြီးတော့ မမငွေနှင်းနှင့် ကိုသူရတို့ဇနီးမောင်နှံနှင့် မိတ်ဆက်ပေးနေသည်။ သူက အားလုံးကို နှုတ်ဆက်ပြီးပြနေသော်ငြား ရှင်မင်းဆီပဲ ခဏ ခဏ အကြည့်ရောက်နေတာမို့ ရှင်မင်း အနေရခက်ရပါသည်။





ဒက်ဒီတို့နဲ့ သူ စကားပြောနေတုန်း ရှင်မင်း စိတ်တွေ မွန်းကျပ်လာ၍ အိမ်ပြင်ခြံထဲသို့ ထွက်လာခဲ့သည်။ အသည်းပုံရောင်စုံပူဖောင်းလေးတွေကို ထင်းရှူးပင်တွေမှာ ချိတ်ဆွဲထားတာမို့ ကလေးတွေက လက်လှမ်းမီတဲ့နေရာက ပူဖောင်းတွေကိုလိုက်ပြီး ဖြုတ်ယူနေကြသည်လေ။

ရယ်သံခိုးခိုးခစ်ခစ်လေးတွေနဲ့ ဆော့တဲ့သူဆော့နဲ့ အပူအပင်မရှိ ဟန်ဆောင်မှုမရှိ ကလေးတွေပဲ ကောင်းသည်

"ရှင်မင်း"

"ဟင် ... မမငွေနှင်း"

"သူ တော်တော်မိုက်တာပဲနော်"

"ဘယ်သူတုံး"

"အပိုတွေလာလုပ်မနေစမ်းနဲ့ ရှင်မင်း၊ မှန်မှန်ပြောစမ်း၊ နင် သူ့ကိုကြွေနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းက မမငွေနှင်းရဲ့အမေးကို မဖြေပေးဘဲ ကလေးမလေးတစ်ယောက် မမီတဲ့ ပူဖောင်းလေးကို သွားရှိဖြုတ်ပေးလိုက်သည်။ ရှင်မင်းပုံစံက အဲဒီလောက်ကို သိသာနေလို့လား ဆိုတဲ့ အတွေးလေးနဲ့ ရှက်တက်တက် ဖြစ်မိပါသည်။ ရှင်မင်းညို ရဲ့ရာဇဝင်မှာ ဒီလိုအဖြစ်အပျက်မျိုးက ပထမဦးဆုံး မဟုတ်လား။

"ငါပြောတာ ဟုတ်တယ် မှလား၊ သူလည်း နင့်အပေါ် မရိုးဘူး၊ သူ့အကြည့်တွေက နင့်ဆီမှာပဲ၊ ကောင်းပါတယ်၊ ဒါပေမဲ့ သူ့လို အစစအရာရာ ပြည့်စုံနေတဲ့ လူတစ်ယောက် မှာ အခုအချိန်အထိ ဘာညာ ဘာညာ မရှိသေးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ အေးလေ... ရှိခဲ့ဖူးရင် ရှိခဲ့မှာပေါ့၊ ဘာပဲ ဖြစ်ဖြစ် နင် သူ့ကိုတကယ်စိတ်ဝင်စားပြီဆိုရင်တော့ သူ့ အကြောင်းကို ဒီထက်ပိုပြီးသိအောင် စုံစမ်းဖို့လိုလိမ့်မယ်"

စကားအရှည်ကြီး အနားလာရပ်ပြောနေတဲ့ မမ ငွေနှင်းကို ရှင်မင်းက ငဲ့စောင်းကြည့်ပြီး ပြုံးတုံ့တုံ့ လုပ်နေလိုက် သည်။ စိုးရိမ်ဇာတ်ရန်ကော။ ရှင်မင်းညိုက ကလေးတစ်ယောက် မှ မဟုတ်တော့တာ။ ကမ္ဘာကြီးတစ်ခုလုံးတောင် အုပ်ချုပ်ဖို့ကြိုးစား နေတဲ့ အနေအထားမှာ။





"နင် ဘာတွေးနေလဲ ငါသိတယ် ရှင်မင်း၊ လောကကြီးမှာ ဘာကိုမှ ယုံရတာမဟုတ်ဘူး၊ အထူးသဖြင့် တစ်သက်မှာ တစ်ခါသာ လက်ထပ်မယ့် မိန်းမကောင်းတစ်ယောက် အတွက် သူ ရွေးချယ်မယ့် သတို့သားက perfect မဟုတ် တောင် perfect နီးနီးဖြစ်ရမှာ"

"အင်းပါ ... မမငွေနှင်းရဲ့"

ရှင်မင်း လက်ထဲပါလာတဲ့ အပြာနုရောင် အသည်းပုံ ပူဖောင်းလေးက လေအဝေ့မှာ ရှင်မင်းလက်ထဲက လွင့်ထွက်သွား တာမို့ ပူဖောင်းလေးကို ရှင်မင်းလိုက်ဖမ်းဖို့ ကြိုးစားတုန်း အိမ် ထဲကထွက်လာတဲ့သူက သူ့ရှေ့ရောက်လာတဲ့ ပူဖောင်းလေးကို ဖမ်းယူလိုက်သည်။

"ကိုလျှံ ... dinner မစားဘူးလား"

သူက ရှင်မင်းလက်ထဲ ပူဖောင်းလေးထည့်ပေးရင်း...

"မစားတော့ဘူး ရှင်မင်း၊ ကိုယ် အလုပ်တစ်ခုအတွက် ချိန်းထားတာရှိလို့ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီခဏလေးမှာ ရှင်မင်းနဲ့ သူ့ရဲ့အကြည့်တို့ အတန်ကြာ ဆုံသွားပါသည်။ အနားမှာ မမငွေနှင်းရှိနေတယ်ဆိုတဲ့အသိနဲ့ ရှက်လန့်တကြား မျက်လုံးအရင်လွှဲလိုက်သူက ရှင်မင်းပါ။

"ပီတိရေ ... ဦးဦး ပြန်တော့မယ်တဲ့၊ လာနှုတ်ဆက်ဦးလေ"

ပီတိက ပြေးလာပြီး သူ့အမေလက်ကို ဖက်တွယ်ရင်းက လျှံတိုးဝေကို အားပါးတရ ပြုံးပြရှာသည်။

"ပြန်တော့မယ်နော် ... သမီးလေး"

"ဟုတ်ကဲ့ပါ ဦးဦး"

ပီတိကို လက်ပြရင်း သူက ရှင်မင်းနားကပ်ပြီး တိုးတိုးပြောသည်။

"ကားအနားထိ လိုက်ပို့ပါလား ရှင်မင်း"

ရှင်မင်းက သူ့အမိန့်ကို မလွန်ဆန်နိုင်ပဲ ခေါင်းလေးငုံ့ပြီး သူ့နောက်နားက ပါလာခဲ့သည်။ တကယ်ကိုပဲ သူ ရှင်မင်းစိတ်ကို အချိန်ခဏလေး အတွင်းမှာပဲ သိမ်းသွင်းနိုင်ခဲ့တာပဲ။ ကားတံခါးဆွဲဖွင့်ဝင်ထိုင်ရင်း သူ ရှင်မင်းကို ဆွဲဆောင်မှုအပြည့်ရှိသော အပြုံးနှင့် နှုတ်ဆက်သည်။





"Bye ... ရှင်မင်း"

"Bye"

သူ့ကားလေး ထွက်သွားတဲ့အထိ ရှင်မင်း ငေးကြည့်နေဆဲပါ။ သူ့ရုပ်၊ သူ့အသံ၊ သူ့ဟန်ပန်တွေက ရှင်မင်းမျက်ဝန်းမှာ အသက်ဝင်လှုပ်ရှား ကြီးစိုးနေကြဦးမှာလေ။ အဲဒါ အချစ်ဆိုတဲ့ အသိပေးခေါင်းလောင်းလေးတွေက ရှင်မင်းရင်မှာ အဆက်မပြတ် လှုပ်ခတ်လို့နေသည်။

✤ ✧ ✤

ဝေဝန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသား ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၉ ။ ၆

လွှတ်လပ်ရေးနေ့မှာ ဘောလုံးဗိုလ်လုပွဲ ရှိသည်။ လွှတ်လပ်ရေးနေ့ မတိုင်ခင်ကတည်းက ကန်နေကြတာ။ လွှတ်လပ်ရေးနေ့မှာ ဗိုလ်လုပွဲ ကန်ကြမည်လေ။ ထုံးစံအတိုင်း ကျော်ဘုန်းသက်တို့ရဲ့အသင်းနဲ့ တခြားအသင်းတစ်သင်းပဲပေါ့။

"ဘာရယ် ... ရှင်မင်း၊ နင် တကယ်ကြီး ပြောနေတာလား"

ရှင်မင်းက သူ့မအစီအစဉ်ကို ပြောပြတော့ နွယ်နဲ့ သွဲ့သွဲ့က မယုံနိုင်ဟန် တခွဲသား။

"အဲဒါ shock ရှိတယ်နော် ရှင်မင်း၊ နင့်သိက္ခာနဲ့လဲရမှာ၊ လူတွေအများကြီးရှေ့မှာ နင်က နာမည်ကြီးသလို သူကလည်း နာမည်ကြီးပဲ၊ လူတွေရဲ့ပါးစပ်ပေါက်တလည်း





သိတဲ့အတိုင်းပဲ၊ နင် သူ့ကို တကယ်တွဲမယ်ဆိုရင်တော့ အကြောင်းလား"

"ခက်လိုက်တာဟယ်၊ ဒါလေး သွားမေးမှာ ဘာဖြစ်မှာကျလို့၊ ပေးတိုင်းကြိုက်နေတယ်လို့ စွပ်စွဲလို့ရရောလား"

"ငါတော့ အားပေးတယ် ရှင်မင်း ... လုပ် ... လုပ်"

နွယ်က မြှောက်ပေးနေတဲ့ သွဲ့သွဲ့ကို မျက်စောင်းလှမ်းထိုးသည်။ ဒီပုံအတိုင်းဆိုရင်တော့ ကျော်ဘုန်းသက် တစ်ယောက်တော့ ရှင်မင်းညီ့ရဲ့ညွှတ်ကွင်းထဲ သက်ဆင်းရမှာ အသေအချာ။ အပျော်သဘောနဲ့ မြှောက်ထိုးပင့်ကော် လုပ်ခဲ့ပေမယ့် တကယ်တမ်း လက်တွေ့ ဘာမသိ ညာမသိတဲ့ ကျော်ဘုန်းသက်သားကောင်ဖြစ်ရမှာကိုတော့ စိတ်ထဲမလိုလားသလိုလို။

"အဲဒါ ဘာလိုင်းကြီးဝင်ရောတဲ့ပုံ ဖြစ်မသွားဘူးလား၊ နင်ပဲ ဒီလိုကြီး မဖြစ်တဲ့နည်းနဲ့ ဝင်မယ်ဆို"

နွယ်က မရဲတရဲနဲ့ အတွန့်တက်လိုက်မိသည်။

"အင်းလေ ... ပထမနဲ့ ဒုတိယ မတော်တဆပုံစံမျိုးထွင်ပြီးပြီပဲ၊ အခုကလည်း ကိုယ့်ကျောင်းရဲ့လက်ရွေးစင်တိုက်စစ်မှူးကို ပေးတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က chemistry ဆိုရင် တစ်မျိုးပေါ့ ရှင်မင်း။ အဲဒီအသင်းထဲမှာ ငါတို့သမိုင်းဓမ္မကာလူတွေလည်း ပါနေတော့ ပေါ်တင်ကြီး ကျမနေဘူးလား"

ရှင်မင်း တစ်ယောက် စကားကို ကပ်ဖဲ့ပြောနေတဲ့ နှယ့်ကို သိပ်ကြည့်မရချင်တော့။ ဒီမိန်းမက ဘာဖြစ်နေရတာလဲ။

"သမိုင်းမေဂျာကပါတဲ့ လူတွေက အသုံးမကျလို့ အသုံးကျတဲ့သူ့ကို ပေးတယ်ဟာ ဘာဖြစ်လဲ"

"အေးလေ ... နှယ်ကလည်း ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ အေးပါ ... နင် အဆင်ပြေရင် ပြီးတာပဲ ရှင်မင်း"

"ပြေတယ် ... ပြေတယ် ... ပြေအောင်လုပ်ရမှာပေါ့"

ရှင်မင်း မျက်လုံးတွေက စိတ်လှုပ်ရှားမှုကြောင့် အရောင်တောက်နေကြသည်။ ရင်ခုန်လို့တော့မဟုတ်။ သူမပင် လိုက်တဲ့ မာယာမြားတစ်စင်း ကျော်ဘုန်းသက်ရဲ့နှလုံးသားကို ဘယ်အတိုင်းအတာအထိ စူးနစ်စေမလဲလို့ သူမ အပြင်းအထန်ကို သိချင်နေ၍လေ။





လွတ်လပ်ရေးနေ့ရောက်တော့ ရှင်မင်းတစ်ယောက် နှယ်နဲ့သွဲ့သွဲ့တို့အိမ်တွေ ဝင်ခေါ်ပြီး ကျော်တော်မဟာသို့ ချီတက်လာခဲ့သည်။ ဘောလုံးပွဲက ဗိုလ်လုပွဲမို့ အကြိတ်အနယ် ကြည့်ကောင်းလှသည်။

ပရိသတ်အားလုံးကို အဆွဲဆောင်ဆုံးက ရှေ့တန်းတိုက်စစ်မှူး ကျော်ဘုန်းသက်ရဲ့ လှပတဲ့ကန်ကွက်တွေ။ ပထမပိုင်းမှာတင် တစ်ဖက်အသင်းကို နှစ်ဂိုးသွင်းနိုင်ထားပြီး နှစ်ဂိုးစလုံးကို ကျော်ဘုန်းသက်က ကန်သွင်းခဲ့သည်။

ပထမပိုင်းပြီးလို့အနားမှာ ရှင်မင်းတို့ သူငယ်ချင်းသုံးယောက် ကျော်ဘုန်းသက်တို့နားနေရာသို့ မယောင်မလည် ရောက်သွားကြသည်။

"ကိုကျော်ဘုန်းသက်"

ကျော်ဘုန်းသက်က နောက်နားဆီက ခေါ်သံကြောင့် လှည့်ကြည့်မိတော့ မထင်မှတ်ထားတဲ့ ရှင်မင်းကိုတွေ့တာမို့ စိတ်ထဲအံ့ဩဝမ်းသာသွားမိသည်။ ဘောလုံးပွဲကို သူမ တခုတ်တရ လာကြည့်မည်ဟု သူ မထင်မိလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ဒါ ကိုကျော်ဘုန်းသက် အတွက်ပါ"

သူမကမ်းပေးတဲ့ ပန်းနုရောင်လက်ကိုင်ခြင်းထဲမှာ ရေသန့်ဘူး၊ အအေးဘူးတွေနဲ့ အဖြူရောင်သဘက်တစ်ကခေါက် လျက်သား။ ပြီးတော့ အာလူးကြော်၊ ငါးမုန့်ကြော် အထုပ်တွေက လည်း ပါသေး၏။

"ကျေးဇူးတင်ပါတယ် မရှင်မင်းညို၊ အခုလေးပဲ အိမ်က ကျွန်တော့်ကို လာပို့ထားပြီးပြီ"

မမျှော်လင့်တဲ့ သူ့ငြင်းဆိုမှုကြောင့် ရှင်မင်းညို မျက်နှာလေး ဟန်မဆောင်နိုင်အောင် မည်းပျက်သွားသည်။ အားလုံးရဲ့အကြည့်တွေကြားမှာ ရှင်မင်း ရှက်လွန်း၍ အငွေ့ပါပျံသွားချင်သည်။ သူ မငြင်းလောက်ဘူးလို့ ရှင်မင်း ထင်ထားခဲ့တာလေ။ ဒီလိုအခြေအနေမျိုး ကြုံမတွက်ထားတဲ့အတွက် ဘယ်လိုရင်ဆိုင် ဖြေရှင်းရမှန်း ရှင်မင်း ချက်ချင်းလက်ငင်း မတွေးနိုင်တတ်။ သူ့ရှေ့မှာသာ ကျောက်ရုပ်တစ်ရုပ်လို ငူပြီးရပ်နေမိသည်။

"ရှင်မင်း ... လူတွေကြည့်နေပြီ၊ ပြန်ရအောင်လေ"





နှယ်နဲ့ သွဲ့သွဲ့နဲ့က တစ်ဖက်တစ်ချက်စီ သတိပေးတော့မှ ရှင်မင်း သတိဝင်လာသည်။ ရှင်မင်း သတိဝင်လာတဲ့ အချိန်မှာ ရှင်မင်း မျက်ဝန်းထောင့်မှာ မျက်ရည်သီးလေးတွေတောင် ဖြစ်လို့နေသည်။ နင့်ကို မုန်းတယ် ကျော်ဘုန်းသက်။ သိပ်မုန်းတယ်။ နင် ငါ့ကို အကြိမ်ကြိမ် အထပ်ထပ် ရိုက်ချိုးခဲ့တယ်။

သူ့ကို ရှင်မင်း ဟန်ဆောင်ပြီးတော့တောင် နှုတ်ဆက်မနေတော့ဘဲ လှည့်ထွက်ခဲ့ပါသည်။ သူ့ဘေးနားက ဘောလုံးအသင်းသားတချို့ရဲ့ မျက်ဝန်းတွေထဲမှာ ဘာတွေအရိပ်ထင်နေမလဲ ယောင်ယမ်းပြီးတောင် မကြည့်ရဲခဲ့။ လူက ရှက်လွန်းလို့ နတ်ဝင်ပူးသလို တုန်ယင်နေသည်။ လူတွေရှေ့မှာမို့ ဟန်ဆောင်ထိန်းချုပ်နေရတာ ပိုလို့ပင်ပန်းပါသည်။

ရှင်မင်းတို့ ထွက်သွားပြီး လေးငါးလှမ်းလောက် အရောက်မှာ ခြေသံတဖတ်ဖတ်နှင့် သူ ပြေးလိုက်လာပြီး ရှင်မင်း ရှေ့မှာ လာရပ်သည်။

"မရှင်မင်းညို"



www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်အားကစားဝတ်စုံနှင့် သူက တော်တော်ကြည့်ကောင်းတာ မှန်သော်လည်း ရှင်မင်းကတော့ သူ့ကိုရင်ခုန်ဖို့နေနေသာသာ အစိမ်းလိုက်ဓားနှင့် ဝါးစားချင်စိတ် ဖြစ်နေသည်လေ။

သို့ပေမဲ့လည်း ရှင်မင်း မျက်နှာပေါ်မှာတော့ ဝမ်းနည်းရှက်ရွံ့နေတဲ့ဟန် အလွှာပါးပါး အုပ်ကာထားခဲ့သည်။

"အိမ်ကလာပို့ထားပေမယ့်လည်း မရှင်မင်းညိုရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ကျွန်တော် ယူလိုက်ပါ့မယ် နော်"

သူက ရှင်မင်းလက်ထဲက ပန်းနုရောင်ဆွဲခြင်းလေးကို မပေးဘဲနဲ့ အတင်းဆွဲယူသည်။ ရှင်မင်း နှုတ်ခမ်းလေးစူပြီး သူ့ကိုမော့ကြည့်ပစ်လိုက်ပါသည်။ ဒီတစ်ခါတော့ သူ့မျက်ဝန်းက ရှင်မင်းပေါ် ချစ်ကြည်ရိပ်တွေကို ထင်ထင်ရှားရှား တွေ့နေရပါသည်။ ဖုံးအုပ်ဖို့ သူ သတိလစ် မေ့လျော့နေတဲ့ဟန်။

"စောစောက ယူပါလားလို့၊ အငြင်းခံရတော့ ရှင်မင်း ဘယ်လောက်ရှက်တယ် မှတ်လဲ၊ သူများက စေတနာနဲ့ လာပေးတဲ့ဟာကို"





နွယ်နဲ့သွဲ့သွဲ့ကတော့ ရှင်မင်းညိုတို့ရှေ့က လူသားကို အသနားကြီး သနားမိကြသည်။ မိန်းကလေးတိုင်း မူနွဲ့တတ်ပေမင့် လှတဲ့ ချောတဲ့ မိန်းကလေး မူနွဲ့တာက ပို၍ဆွဲဆောင်မှုရှိသည် မဟုတ်လား။ အခု အလှပဂေး ရှင်မင်းညိုရဲ့ အမူအနွဲ့အောက်မှာ နှာမည်တစ်လုံးနဲ့နေတဲ့ ကျော်ဘုန်းသက် ဆိုတဲ့ သူလည်း ရှာန်လျှော့ဖို့က သေချာသလောက်ပင်။

"အေးပါကွာ ... sorry ပါ၊ စိတ်မဆိုးနဲ့တော့နော်၊ ဒါနဲ့ ခြင်းကို ဘယ်လိုလုပ်ရမှာလဲ"

"နောက်မှ ပြန်ပေးပေါ့"

"ဟင် ... ပြန်တော့မလို့လား၊ ဒုတိယပိုင်း အားမပေးတော့ဘူးလား"

သူက ပြောပြောဆိုဆိုနှင့် ခြင်းထဲက အဖြူရောင်တဘက်လေးကိုယူပြီး သူ့မျက်နှာကို သုတ်လိုက်ကာ ...

"ဟား ... မွှေးပြီး အေးနေတာပဲကွာ၊ ကျေးဇူးပါ၊ ရှင်မင်းရာ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"လက်ခံတဲ့အတွက် ရှင်မင်းကသာ ကျေးဇူးတင်ရမှာပါ၊ ဒုတိယပိုင်းတော့ မကြည့်တော့ဘူး ခြေချင်းက အကွာကြီးဟာ၊ ကိုကျော်ဘုန်းသက်တို့အသင်းပဲ နိုင်မှာပါ၊ ရှင်မင်းတို့ သွားစရာလေးတစ်ခု ရှိနေသေးလို့ ခွင့်ပြုပါဦး"

အရှုံးလှဲ အတောက်ပဆုံး ပြုံးပြရင်း ရှင်မင်း သူ့အပါးကနေ ထွက်လာခဲ့သည်။ သူနဲ့ဝေးဝေးကိုရောက်တော့ ရှင်မင်းရဲ့ရယ်သံလွင်လွင်လေးက လေထဲမှာ လွင့်ပျံ့သွားသည်။

✤ ✧ ✤





# ( ၁၂ )

ဘယ်လိုပဲ စိတ်ကိုတင်းထား၊ တင်းထား၊ သစ်စိမ်းချိုးချိုးသွားသည့် သူ့ကို မေ့ထားချင်ပေမယ့် မေ့ရမတာက ခက်နေသည်။ အတူတွဲခဲ့တဲ့ ကာလတစ်လျှောက် သူ့ရဲ့စိတ်သဘောထားကို သိထားသူမို့ အခုဖြစ်နေတဲ့ အဖြစ်အပျက်ကို ပန်းသွေးလက်သင့်ခံလို့ကို မရသေး။

နေမထိထိုင်မသာဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို အရင်တုန်းကသာ ကြားဖူးပေမယ့် သေချာနားမလည်။ အခု ကိုယ်တိုင်ကြုံရမှ အတော်အခံရခက်တဲ့ ခံစားမှုမှန်း သိတော့သည်။ ရင်ထဲမှာ တစ်စို့စို့နှင့် နိစ္စဓူဝ အလုပ်တွေ လုပ်ကိုင်နေကြား လူနဲ့စိတ်က မကပ်ဘဲရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထိန်းနိုင်တဲ့အဆုံးမှာ သူ့နောက် ခြေရာခံစောင့်ကြည့်ဖို့ ပန်းသွေး စိတ်ပိုင်းဖြတ်လိုက်သည်။ ဒါမလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စတစ်ခုမှန်း ပန်းသွေး သတိထားပါသော်လည်း သူ့စကား အသွားအလာတို့ကို ပြန်တွေးမိတော့ သင်္ကာမကင်းဖြစ်လာပြီး သူ့ရဲ့လျှို့ဝှက်ချက်ကို ကိုယ်နည်းကိုယ့်ဟန်နှင့်ဖော်ထုတ်ချင်တာဖြစ်သည်။

တကယ် သူ တခြားတစ်ယောက်နဲ့ တွဲချင်တဲ့ဆန္ဒရှိခဲ့ရင် ပန်းသွေးကို မဖြတ်ဘဲထားပြီး ထပ်တွဲလို့ ရနေသည်ပဲ။ ပန်းသွေးတ သူ့ကို အချိန်ပြည့် စောင့်ကြည့်နိုင်တဲ့သူမှ မဟုတ်တာ။

စဉ်းစားလေလေ၊ သူ့လုပ်ရပ်က မရိုးသားလေလေပဲလေ။

ဖြစ်ချင်ရာဖြစ် သဘောထားပြီး အိမ်ကအငှားကားမောင်းသည့် ကိုတင်အောင်ကို ဖုန်းဆက်ပြီး တစ်နေ့လုံးစာအတွက် ချော့ဆွဲထားလိုက်သည်။ တစ်ရက်လောက် သူ့နောက်က နောက်ယောင်ခံလိုက်ရင် သဲလွန်စ,တော့ ရကောင်းပါရဲ့။





လျှံတိုးဝေ ဆိုတဲ့သူက ပါးပါးနပ်နပ် ရှိလှသူမို့ သိုသိုသိပ်သိပ် လုပ်နိုင်ပါမှ။ သူ့ကွန်ဒိုအောက်ထပ်မှာ ဈေးဆိုင်ခန်းတွေ ရှိတာမို့ car parking မှာ ကားက အပြည့်လေ။ ပန်းသွေးတို့လည်း ကားကို ပါကင်ထိုးထားပြီး သူ ထွက်အလာကို မယောင်မလည်နဲ့ စောင့်ကြည့်နေကြသည်။

မကြာပါ သူ ထွက်လာတာကို တွေ့လိုက်ရတာမို့ ပန်းသွေး ခေါင်းလေးပုထားမိလိုက်သည်။ သူက နက်ပြာရောင်ရှပ်တစ်ထည်နဲ့ အဖြူရောင် ဂျင်းတစ်ထည်ကို စတိုင်လ်ကျကျတွဲဖက်ဝတ်ဆင်ထားပြီး အရင်ကထက်တောင် ပိုပြီးသားနားနေသေးသည်။ သူက သူ့ရဲ့ Harrier ကားတံခါးကိုဖွင့်ပြီး ဝင်သွားချိန်မှာတော့ ပန်းသွေး ဒရိုင်ဘာကို သူ့နောက်လိုက်ဖို့ အချက်ပေးမိသည်။

သူ ပထမဆုံး စ,သွားတာက Morning Star ကို breakfast စားဖို့ဖြစ်မည်။ နာရီဝက်လောက်နေတော့ သူ ပြန်ထွက်လာပြီး MFTB Bank ကို ဆက်သွားသည်။ ပြီးတော့ Myanmar Book Centre မသင်္ကာစရာ ဘာမှမတွေ့ရတော့ ပန်းသွေး စိတ်မောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်နှစ်နာရီလောက်မှာ သူ့ကွန်ဒိုတိုက်ခန်းကို ပြန်မောင်းသွားသည်။ ဒရိုင်ဘာကတော့ ပန်းသွေးရဲ့အမိန့်ကို စောင့်နေ၏။ တစ်နေ့လုံးစာအတွက် ပြောထားတာမို့ ပန်းသွေးက စောင့်ကြည့်ခိုင်းရင် စောင့်ကြည့်ရမှာလေ။

"ကဲပါ ... ရှင် ကားဝဲပြန်ဆွဲပါ၊ ပန်းသွေးကိုတော့ ဆိုင် ပြန်ပို့ပေး"

ပန်းသွေးက Junction Square မှာ fashion shop တစ်ခု သူငယ်ချင်းတစ်ယောက်နဲ့စပ်ပြီး ဖွင့်ထားပါသည်။

"ဟုတ်ကဲ့ ... မပန်းသွေး"

အလုပ်မဖြစ်တဲ့အတွက် ပန်းသွေး စိတ်ဓာတ်ကျခပ်ကျကျ။ သူ့ကို ထောက်လှမ်းဖို့အတွက်ဆိုရင် အချိန်ပြည့်စောင့်ကြည့်ရမယ့်ပုံမို့လေ။

"သူ့ကို ကျွန်တော် စောင့်ကြည့်ပေးရမလား မပန်းသွေး"

ဒရိုင်ဘာရဲ့စကားကြောင့် ပန်းသွေး မျက်နှာ ရှိန်းခနဲဖြစ်ပြီး ရှက်ရွံ့သွားမိသည်။ သူ့အမြင်မှာ ပန်းသွေးက ဘယ်လို မိန်းမမျိုးများ ဖြစ်သွားပြီလဲ မသိ။





"ရှင် ... ဟို ... မလိုအပ်ပါဘူး၊ ရပါတယ်"

"စပ်စုတယ်လို့တော့ မထင်ပါနဲ့ဗျာ၊ မပန်းသေးရဲ့ဘဲထင်တယ်၊ ကျွန်တော့်ကို လူရင်းတစ်ယောက်လို သဘောထားပြီး ခိုင်းစရာရှိ ခိုင်းပါဗျာ၊ အားမနာပါနဲ့"

သူ့ဘက်က လိုလိုလားလား ပြောလာတော့ ပန်းသွေး ရှက်မနေနိုင်တော့။ ဒီကိစ္စ ပန်းသွေး သိရမှာကိုဖြစ်မှာ။

"ဒီလိုဆိုတော့လည်း ကောင်းပါရဲ့ရှင်၊ သူ့ကို ဒီရက်ပိုင်းအတွင်း စောင့်ကြည့်ပေးပါ၊ ရှင့်အတွက် မနစ်နာစေရပါဘူး၊ ဒါပေမဲ့ တကယ်စောင့်ကြည့်ဖို့တော့ လိုအပ်ပါလိမ့်မယ်"

"စိတ်ချပါ မပန်းသွေး၊ သူဘယ်သွားတယ်၊ ဘယ်လာတယ်၊ ဘယ်သူနဲ့ စကားပြောလဲ ဆိုတာကအစ ကျွန်တော် ပြန်တင်ပြပါ့မယ်"

ကိုတင်အောင်နဲ့ အပေးအယူလုပ်ပြီးတော့ ပန်းသွေး ရင်ထဲ နည်းနည်းဘဝင်ကျသလို ခံစားလိုက်ရသည်။ မကြာခင်မှာ သဲလွန်စတစ်ခုတော့ ဆွဲထုတ်နိုင်ကောင်းပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင် လျှံတို့မိသားစုနေခဲ့သည့် ဘောက်ထော်က အိမ်မှာတုန်းကတော့ ပန်းသွေး အဝင်အထွက် ရှိခဲ့ပါသည်။ လျှံ ဒီအိမ်ကြီးကို ရောင်းလိုက်ပြီး ကွန်ဒိုမှာ သွားနေတာ သူ့အမေဆုံးပြီးကတည်းက သုံးနှစ်နီးပါးပင် ရှိပြီမဟုတ်လား။- ပန်းသွေး သက်ပြင်းမှျင်းမှျင်းချနေရင်းက အတိတ်က ပုံရိပ်တွေဆီ လှမ်းအလျှောက် တစ်စုံတစ်ခုနဲ့ ဝင်တိုးမိသည်။

ဟုတ်တယ်။ ဖြစ်နိုင်တယ်။ သူမ ... သူမများလား။ ကျော် သေဆုံးခဲ့ရသည့်ဇာတ်စွန်နဲ့ ပတ်သက်နေခဲ့တဲ့ ကောင်မလေး တစ်ယောက်။ လျှံ သူ ... အဲဒီကောင်မလေးနောက်ကိုများ ... ပန်းသွေး အသက်ရှူလို့ပင် မဝချင်တော့။ တကယ်ပဲ သူမတွေး ထားသည့်အတိုင်း မှန်ကန်ခဲ့မည်ဆိုလျှင် ပန်းသွေးနီဆိုတဲ့ သူမ ဘဝများဆက်လုပ်သင့်ပါသလဲ။

✣ ✧ ✣





## ( ၁၃ )

ကျော်ဘုန်းသက် တစ်ယောက် သမိုင်းဆောင်ကို ပန်းနုရောင်ဆွဲခြင်းလေးကိုင်ပြီး ရောက်လာသည်။ ရှင်မင်းညိုတို့ အခန်းရှေ့ရောက်တော့ ခြေစုံရပ်ပြီး ပြတင်းပေါက်ကကျော်လို့ အခန်းထဲ လှမ်းရှိုးလိုက်သည်။ ရှင်မင်းညို သူငယ်ချင်းနှစ်ယောက် ကိုသာ တွေ့ရပြီး သူမကတော့ ပျောက်နေ၏။

ညက တစ်ညလုံး သူ အိပ်မပျော်ခဲ့။ ကျောင်းက အလှဘုရင်မတစ်ပါးရဲ့ မျက်စိကျခြင်းခံရလို့ ပီတိဖြစ်သလိုလို၊ စိတ်ကြီးပဲ ဝင်သလိုလို၊ သူမ မျက်နှာလှလှလေးကို မြင်ယောင် မိစဉ်ခဏ သူ့ စိတ်တွေလှုပ်ရှားလွန်းလို့ ရှူးတောင်ရှူးချင်နေသည်။

www.burmeseclassic.com



သူငယ်ချင်းတွေရဲ့ အစအနောက်ကြား သူ ပျော်ရွှင်ရင်ခုန်မိတာတော့ မငြင်းနိုင်ပါ။ သူ ဒီမနက် သူမရဲ့နှုတ်ဆက်လှပတဲ့ မျက်နှာလေးကို အငမ်းမရကို မြင်ချင်နေမိတာ သူမပေါ် ချစ်စိတ်ဝင်သွားလို့ပဲ ဖြစ်ပါလိမ့်မည်။

"နွယ်ရေ ... ကျော်ဘုန်းသက်ဟေ့"

သွဲ့သွဲ့က အခန်းပြင်ဘက်မှာ မိုးတိုးမတ်တတ်ရပ်နေတဲ့ ကျော်ဘုန်းသက်ကိုတွေ့တော့ လက်ကုပ်မေးငေါ့ပြသည်။

ဆရာမကြီး ရှင်မင်းညို တွက်ချက်သည့်အတိုင်း သူ တကယ်ပဲ အခန်းရှေ့ ရောက်ရှိလို့လာသည်။ ဒီနေ့ ရှင်မင်းညို ကျောင်းမတက်။ ထမင်တကာကို ကျော်ဘုန်းသက် မရိုးမရွဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မတက်တာ။

"ဪ ... ကိုကျော်ဘုန်းသက်၊ ဆွဲခြင်းပြန်လာပေးတာလား"

"ဟုတ်တယ်ဗျ ... သူလည်း မတွေ့ပါလား"

ကျော်ဘုန်းသက် ပုံစံက ရှင်မင်းကို စိတ်ဝင်စားနေပြီဆိုတာ သိပ်ကိုသိသာလွန်းနေ၏။ သူ တကယ်ပဲ ရှင်မင်းရဲ့





မာယာထောင်ချောက်ထဲ ကျမှန်းမသိ ကျရောက်ခဲ့ရှာပြီ။ ရှေ့ဆက်သွားရင် လွတ်လမ်းမမြင် စုန်းစုန်းမြုပ်ဖို့ပဲ ရှိတော့သည်။

"သူ နေမကောင်းလို့ ဒီနေ့ ကျောင်းမတက်ဘူး ကိုကျော်ဘုန်းသက်"

"ဪ ... တော်တော်နေမကောင်းနေတာလား၊ မနေ့က နေပူမိသွားလို့လား မသိဘူးနော်"

"ဟုတ်တယ် ထင်တယ်၊ မပြောတတ်ဘူး ကိုကျော်ဘုန်းသက်"

နွယ်က ကျော်ဘုန်းသက် လက်ထဲကဆွဲခြင်းကိုဆွဲယူလိုက်သည်။ သူက တစ်ခုခုပြောဖို့လုပ်ဟန် ရှိနေသေးတာမို့ နွယ်တို့လည်း အလိုက်တသိနဲ့ သူပြောလာမယ့် စကားကို ငံ့လင့်နေမိသည်။

"ဟို ... သူ့ဖုန်းနံပါတ်လေး ပြောပြလို့ ရမလားဗျာ"

"ဪ ... ရတာပေါ့၊ ခဏလေး"

နွယ်က အခန်းထဲ ပြန်ဝင်ပြီး ဖုန်းစာအုပ်ထဲက ရှင်မင်းဖုန်းနံပါတ်ကို ပြန်လာပြောပြတော့ သူက ကျော့ပိုးအိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဖုန်းကိုထုတ်ပြီး ရှင်မင်းဖုန်းနံပါတ်ကို မှတ်သွားသည်။ သူ ထွက်သွားတော့ နွယ်နဲ့ သွဲ့သွဲ့ သက်ပြင်းပြိုင်တူချရင်း တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ကြသည်။

ပါးစပ်က ဘာစကားမှ မပြောပေမယ့် အချင်းချင်းကတော့ တစ်ယောက်စိတ်ကို တစ်ယောက် နားလည်လိုက်ကြသည်။

"နောက်ဆုံးတော့လည်း သူ ရှုံးသွားတာပဲ သွဲ့သွဲ့"

"အေးလေ ... သူက ရှင်မင်းညှိရဲ့အလှမာန်ကို သွားထိထားတာကိုး"

"ငါတို့ ရှင်မင်းကို မြှောက်ပေးမိတာ မှားပြီလား မသိ"

"တွေးမနေစမ်းပါနဲ့ နွယ်ရာ၊ ပွဲကြည့်ပရိသတ်ပဲ လုပ်ကြတာပေါ့၊ ကျော်ဘုန်းသက် ဆိုတာလည်း အခုအချိန်အထိ ဘယ်သူ့ညွှတ်ကွင်းကိုမှ သက်ဆင်းခဲ့သေးတာ မဟုတ်ဘူး။ သူလည်း ခပ်ညံ့ညံ့ မဟုတ်ပါဘူး"

"အေးလေ ... ဟုတ်ပါတယ်၊ ပွဲကြည့်ပရိသတ်ပဲ လုပ်ကြတာပေါ့"





ကျော်ဘုန်းသက်ကတော့ ရှင်မင်းရဲ့ဖုန်းနံပါတ်ကို ရလျှင်ရချင်းမှာပင် အချိန်တစ်စက္ကန့်တောင် မဆိုင်းနိုင်ဘဲ ဖုန်းဆက်ချင်စိတ်တွေ ဖြစ်လို့နေပါသည်။ တကယ်ဆို ညဘက်ကျမှ အေးအေးဆေးဆေး ဆက်ဖို့ကောင်းတာ သိပေမယ့်လည်း နောက်ဆုံးတော့ စိတ်အလိုကို လိုက်လိုက်မိပါသည်။

"ဟယ်လို"

ချိုချိုရှရှ သူမအသံလေးက သူ့နားစည်ကို လာရိုက်ခတ်ခတ်ချင်းမှာ လူသာမက သူမအသံလေးမှာပါ ဆွဲဆောင်မှုတို့က ပျော်ဝင်နေမှန်း သူ သတိပြုမိလိုက်သည်။

"ကျွန်တော် ကျော်ဘုန်းသက်ပါ ရှင်မင်း"

"ရှင် ... ပြော"

အံ့သြချင်ယောင် ဆောင်လိုက်သော်လည်း ရှင်မင်းရင်ထဲမှာတော့ ကျိတ်ပြုံးနေမိသည်။ သူ့ဖုန်းနံပါတ်ကို မြင်ကတည်းက ဒီက သိနေတာ မဟုတ်လား။

"ဘာလို့ ကျောင်းမတက်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းလို့ပါ၊ တက်မယ်လုပ်ပြီးမှ ခေါင်းတွေမူးလာတာနဲ့"

"ခုရော ဘယ်လိုနေလဲ၊ ဆေးရော သောက်ထားလား"

"ဟုတ်ကဲ့ ... ဆေးသောက်ပြီး အိပ်ရာထဲလှဲနေတာ၊ ကိုကျော်ဘုန်းသက် ဖုန်းလာလို့ လန့်နိုးသွားတာ"

"ဟာဗျာ ... sorry ပါ၊ ကျွန်တော်လည်း ညမှဆက်မယ်စိတ်ကူးပါသေးတယ်၊ စိတ်ပူတာနဲ့ပဲ ဆက်လိုက်မိတာ၊ အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်"

"ရပါတယ်၊ ရှင်မင်းကို အခုလို စိတ်ပူပေးလို့ ရှင်မင်းကလည်း ကိုကျော်ဘုန်းသက်ကို ကျေးဇူးတင်ပါတယ်"

"ဒါဆိုလည်း အိပ်လိုက်ဦးနော်၊ bye ... bye ၊ ညကျမှ တစ်ခေါက်ထပ်ဆက်မယ်နော်"

"bye"

ဖုန်းချအပြီး ရှင်မင်းညို မျက်နှာမှာ ကျေနပ်အားရဟန်က အထင်းသား။ ပန်းတိုင်ရောက်ဖို့က မဝေးတော့ပြီပဲ။ ရှင်မင်းပေးတဲ့ lesson တွေရပြီးတဲ့နောက် ရှင် နှုတ်ကိုထိန်းနိုင်





မယ်လို့ ထင်ပါရဲ့ ကိုကျော်ဘုန်းသက်။ စကားကျွံ နုတ်မရ၊ အစားကို ကုန်အောင်စား၊ စကားကို ကုန်အောင်မပြောနဲ့ဆိုတဲ့ စကားမျိုး ရှင် မကြားဖူးဘူး ထင်ပါရဲ့။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

“စပ်စုတာတော့ မဟုတ်ဘူးနော်၊ ကိုလျှံ မြန်မာပြည်ပြန်လာတာလည်း မိသားစုအရေးလို့တော့ သိထားပါတယ်၊ ဒါပေမဲ့ နှမြောစရာကြီး၊ ဘာလို့ အခု ကျောင်းပြန်မတက်တော့တာလဲ”

မထင်မှတ်ဘဲ မေးလိုက်တဲ့ ရှင်မင်းညို မေးခွန်းကြောင့် ကော်ဖီခွက်ကိုင်ထားတဲ့ သူ့လက်က တုန်ယင်လို့သွားပြီး သူ့မျက်ခမ်းစပ်တွေက စိတ်လှုပ်ရှားမှုကြောင့် လှုပ်တုတ်တုတ် ဖြစ်လာတာမို့ မနည်းကြီးကို ထိန်းနေရပါသည်။

“စပ်စုတာ မဟုတ်ဘူးဆိုပြီး စပ်စုလိုက်တာပဲ မဟုတ်လား”

“အဟင်း ... သိချင်လို့ပါ ကိုလျှံရဲ့”





လျှံတိုးဝေက သူ့ရှေ့က အဖြူရောင်နှုတ်မိမယ်လေးကိုကြည့်ပြီး တစ်ချက်ရယ်သွမ်းသွေးလိုက်သည်။ သိရမှာပါ ရှင်မင်းညိုရယ်။ မင်းမှာ သိခွင့်ရှိပါတယ်။ ဒါပေမဲ့ အချိန်မကျသေးလို့ နည်းနည်းတော့ စောင့်လိုက်ပါဦး။ သူ့ရင်တွင်းစကားကိုတော့ ရှင်မင်းညို တစ်ယောက် ကြားနိုင်အံ့မထင်။

“အင်းပါ ... sorry ... personal ကိုမေးရင် တချို့က မကြိုက်တတ်ဘူးဆိုတာ ရှင်မင်း သတိမထားမိလိုက်လို့ပါ”

“ပြောပြချင်ပါတယ် ရှင်မင်း၊ ဒါပေမဲ့ ပြောမိရင် ကိုယ်မျက်ရည်ကျမိမှာစိုးလို့ ကိုယ် ဒီအကြောင်းတွေ မေ့ထားတာကြာပြီ”

သူ့မျက်နှာက တော်တော်ကြီးကို သိသိသာသာ နွမ်းနေပြီး သူ့မျက်ဝန်းတွေကလည်း မှိုင်းညို့သွားတာမို့ ရှင်မင်းကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်ပစ်မိချင်ပါသည်။

“ဟုတ် ... ရှင်မင်း နားလည်ပါပြီ၊ ကိုလျှံ အဆင်ပြေတဲ့အချိန်မှပဲ ပြောပြပါတော့၊ ရှင်မင်း မမေးခဲ့ဘူးလို့ပဲ သဘောထားပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဖက်ကို အချင်းချင်းထိယှက်လို့ မျက်လွှာချထားတဲ့ သူမ ရုပ်လေးက သိမ်သိမ်မွေ့မွေ့ လှလှပပလေးပါ။ အသည်းပုံကျောက်ဖြူကလစ်လေးနဲ့ ဆံဝင်တွေကို တစ်ဝက်ခွဲစည်းထားပြီး အသည်းပုံကျောက်ဖြူနားဆွဲလေးတွေနှင့် သူမရဲ့ လက်သည်းတွေကိုလည်း ရောင်ပြေးနဲ့ အဖြူရောင်နှစ်ပိုင်း ခွဲဆိုးထားသည်။

အပြာရောင်ဝတ်ရင် သူမရဲ့အသုံးအဆောင်မှန်သမျှတို့ကလည်း တပြာတည်း ပြာနေပြီး အစိမ်းရောင်ဝတ်ရင် လွယ်တဲ့အိတ်ကအစ အစိမ်းသွေးလွှမ်းလို့နေ၏။ လူတကာရဲ့အာရုံကိုဖမ်းစားဖို့ တော်တော်အပင်ပန်းခံ ပြင်ဆင်တတ်ပုံရသည်။ နဂိုကလည်း ရှိပြီးသားဆိုတော့ ရှိရှိသမျှ ပုရိသတို့ ကြွေဆင်းကြတာဆန်းတော့မဆန်းပါ။

မျက်လွှာချထားရာမှ သူ့ကို သူမ မျက်လွှာပင့်လို့ကြည့်လာသည်။ သောက်ရှူးကြယ်လို လင်းလက်တောက်ပသောသူမရဲ့မျက်နက်ဝန်းတို့ဆီက သူ့မျက်လုံး လွှဲဖယ်မသွားဘဲ စူးစူးစိုက်စိုက် ပြန်ကြည့်မိပါသည်။ သူ့အကြည့်ဒဏ်ကို သူမ,မခံနိုင်လေဟန် မျက်လုံးလွှဲလို့သွားသည်။





"တစ်ခုတော့ ရှိတာပေါ့လေ၊ ရှင်မင်းက ကိုယ့်ရဲ့ important lady ဖြစ်လာရင်တော့ သိခွင့်ရှိတာပေါ့ ကိုယ်မျက်ရည်ကျရင် ရှင်မင်း သုတ်ပေးပေါ့နော်"

"ကိုလျှံနော်"

မျက်စောင်းလေးဝင့်ပြီး သူမရဲ့ညုတုတုအပြောမှာသူ မသာယာမိတာ အမှန်ပါ။ သူ့နှလုံးသားက အခုအချိန်အထိ သူမရဲ့အလှ၊ သူမရဲ့ဆွဲဆောင်မှုတို့နှင့် သူစိမ်းပြင်ပြင်သာသာရှိနေကြဆဲလေ။

"ဒါနဲ့ ကိုလျှံ ကုမ္ပဏီထောင်ဖို့ကိစ္စ အခြေအနေ ဘယ်လိုရှိလဲ"

"ကြိုးစားနေဆဲပဲ၊ trading လုပ်ရတာ လွယ်တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီလိုပဲ ကြိုးစားရမှာပေါ့လေ၊ တစ်ခါတစ်ခါတော့ တွေးမိတယ်၊ tour company ပဲ ထောင်ရကောင်းမလားလို့၊ ကိုယ့်ကို သင်ပေးမယ့်သူ ရှိနေတာပဲလေ၊ မဟုတ်ဘူးလား"

"ကိုလျှံကတော့ လုပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



နီမြန်းမြန်း သူ့မျက်နှာလေးက ရင်တွင်းခံစားချက်ကို လှစ်ဟပြနေသည့်အလား။ အခုလို အခြေအနေမျိုးမှ သူ propse လုပ်ရင် အဆင်ပြေလောက်တာ သိပါသော်လည်း သူမ သူ့ကို ဒီ့ထက်မက ပျော်ဝင်စေဖို့ အချိန်တစ်ခုတော့ယူဖို့ သူ စဉ်းစားထားသည်။ တိတ်တခိုး မျှော်လင့်ခြင်းတို့ ကြီးထွားကြပါစေဦး။

"ကိုယ် ဘာလို့ ရှင်မင်းတို့ရဲ့ tour company မှာ share ဝင်လဲ သိလား"

"သိတယ်လေ"

မျက်လုံးလေး ထောင့်ကတတ်ရင်း ရှင်မင်းက သူ့မေးခွန်းကို ရယ်မောမောနှင့်ဖြေသည်။ tour company တော်တော်များများက share ခေါ်လေ့မရှိတာ။ တစ်ဦးတည်းပိုင် မဟုတ်တောင် နှစ်ဦးစပ် သုံးဦးစပ် လုပ်ကြတာများသည်။ ရှင်မင်းတို့ company ကတော့ ရှယ်ယာရှင်တွေကို ဖိတ်ခေါ်ထားပြီး လုပ်ငန်းကို တွင်တွင်ကျယ်ကျယ်ဖြစ်အောင် ချဲ့ထွင်ထားသည်။ ပြည်တွင်း ပြည်ပခရီးစဉ်အားလုံးကို လိုလေသေးမရှိ စီစဉ်ပေးနိုင်သည်လေ။





တစ်ခါတစ်ရံမှာ customer ဖြစ်နေတဲ့ ကမ္ဘာလှည့်ခရီးသည်တွေကို ရှင်မင်း ကိုယ်တိုင် tour guide လုပ်လိုက်ပို့ဖြစ်သည်။ ဒါကြောင့်ပဲ ဒက်ဒီက ရှင်မင်းကို သမိုင်းမေဂျာယူခိုင်းပြီး ကျောင်းပြီးတာနဲ့ tourism နဲ့ပတ်သက်တဲ့ သင်တန်းတွေတန်းစီပြီး တက်ခိုင်းခဲ့ပါသည်။

"ဟက် ဟက် ... ဟုတ်ပါတယ်၊ ရှင်မင်းတို့ကုမ္ပဏီက top ဖြစ်နေတာကိုး၊ share ဝင်လို့ အကျိုးမယုတ်နိုင်တာ ကိုယ်သိတယ်လေ"

ရှင်မင်း သူ့မျက်နှာကို တွေတွေလေးကြည့်ပြီး အတွေးနက်နေမိသည်။ ဒါကို သူက သတိထားမိသည်ထင့် တိုးဖွဖွရယ်ရင်းက ...

"ဘာတွေများ တွေးနေတာလဲ ရှင်မင်းရဲ့၊ မင်းနဲ့ကိုယ် ဒီလိုတရင်းတနှီးနေတာ စီးပွားရေး partner တွေကြောင့် တစ်ခုတည်းသက်သက်တော့ မဟုတ်ပါဘူး၊ ကိုယ်ပြောချင်ပါတယ်၊ ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက တစ်ဝက်တစ်ပျက်မှာ ရပ်တန့်လို့သွားသည်။ သူ ဘာကိုဆိုလိုချင်မှန်း ရှင်မင်း သိတာကြောင့် ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ သူက တစ်ဝက်တစ်ပျက်စကားကို ထပ်ပြီးမဆက်ဘဲ လက်ကနာရီကို ငုံ့ကြည့်ရင်း ...

"ကိုယ် သွားစရာတစ်ခု ရှိသေးတယ် ရှင်မင်း၊ ရှင်မင်းလည်း company ပြန်တော့လေ"

"ဟုတ်ကဲ့"

waiter တစ်ယောက်လာပေးတဲ့ bill ကိုယူပြီး သူက ပိုက်ဆံရှင်းသည်။ သူနဲ့ ရှင်မင်း အပြင်မှာတွေ့ပြီး တစ်ခုခု စားတိုင်း သူက ဒိုင်ခံရှင်းတတ်ပြီး ရှင်မင်း ရှင်းမယ်ဆိုတိုင်း လက်မခံတတ်တာမို့ နောက်ပိုင်းတော့ ရှင်မင်းလည်း ငြိမ်နေလိုက်ပါသည်။

သူနဲ့ရှင်မင်း နှစ်ယောက်တွဲပြီး ဆိုင်မှန်တံခါးဆွဲဖွင့် ထွက်လာတော့ စုံတွဲတစ်တွဲကအဝင်နှင့် တိုးသည်။ အမှတ်တမဲ့ မျက်လုံးလျှံကြည့်ရာမှ စူးရဲရဲကြည့်လာသော အမျိုးသား၏အကြည့်ကြောင့် ရှင်မင်း ပြန်အကဲခတ်အကြည့် မျက်နှာလေး ဖြူရော်သွားမိသည်။





သူ ကျော်ဘုန်းသက်ရဲ့သူငယ်ချင်း တင်ကိုကိုပဲ။ အခဲမကျေပြုဟန် မျက်ဝန်းများဆီက ရှင်မင်း ရှောင်လွှဲလို့ ကားထိုးရာဆီသို့ ကသောကမျောနှင့် လျှောက်လာမိသည်။ အခုအချိန်အထိ အတိတ်က အရိပ်ဆိုးက ရှင်မင်းကို ခြောက်လှန့်နေတုန်းပဲနော်။

"နေပါဦး ... ရှင်မင်းညိုရဲ့၊ ဘာဖြစ်လို့ ဒီလောက်တောင် မြန်မြန်လျှောက်နေရတာလဲ"

နောက်နားကနေ မီအောင်လိုက်လာတဲ့ ကိုလျှံ စကားကြောင့် ရှင်မင်း ရုပ်မပျက်အောင် အနိုင်နိုင် ထိန်းလိုက်ရပါသည်။

"ဟို ... ဘာမှမဖြစ်ပါဘူး၊ ခေါင်းထဲ အလုပ်ကိစ္စတစ်ခု ရောက်လာလို့ စိတ်လောသွားလို့ပါ"

ခေါင်းငုံ့၍ တိုးတိုးဆိုလာသော ရှင်မင်းညို စကားကြောင့် သူ ပြုံးဖြစ်ပါသည်။ ဘာကြောင့် သူမ ရုပ်ပျက်သွားတာလဲဆိုတာ သူ သိနေတာပဲ။ သူ့ကိုခေါ်ဖို့ ပါးစပ်ဟလိုက်တဲ့ တင်ကိုကို့ကို သူ မျက်ရိပ်ပြပြီး မခေါ်ဖို့ အချက်ပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး။ အနည်းဆုံးတော့ ကိုယ့်ကိုယ်စောင့်နတ်က အမြဲအစ,ဆွဲထုတ်ပြီး အမှတ်ရစေမှာ မဟုတ်လား။

✤ ✧ ✤





## ( ၁၅ )

ကန်တင်းထဲကို ရှင်မင်းတို့သုံးယောက် လှမ်းဝင်လိုက်တာနဲ့ ဆိုင်ထဲရှိ ကျောင်းသားကျောင်းသူ အားလုံးရဲ့အကြည့်တွေက ရှင်မင်းဆီကို စုပြုံကျရောက်လို့လာသည်။ မထူးဆန်းတဲ့ အခြေအနေမျိုးမို့ ရှင်မင်း ခြေတစ်လှမ်းတောင် မမှားခဲ့။ လူတွေကြည့်လို့ လမ်းမလျှောက်တတ်ဘူးဆိုရင် ရှင်မင်း ဒီတစ်သက် လမ်းလျှောက်စရာအကြောင်းကို မမြင်တော့ပါ။

လွတ်နေတဲ့စားပွဲတစ်လုံးမှာ သုံးယောက်သား ဝင်ထိုင်ချင်းမှာပဲ စားပွဲထိုးထက်ဦးအောင် ရောက်လာသူက ဇော်ဇော္ဇာ၊ အားလုံးထက်ကဲသည့် သူ့ထက်ကဲပေါ့။ နေ့စဉ် တစ်ရက်မပျက် ရှင်မင်းဆီ ဖုန်းဆက်နေတဲ့သူ။ သူလည်း ခေတော့မခေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်ကြားမှာနေပြီး ငွေကိုရေလိုသုံးနိုင်သူတစ်ယောက်။ ရုပ်ကလည်း အလန်းကြီးမဟုတ်ပေမယ့် ဖြောင့်တဲ့အထဲသို့ ထည့်လို့ရသည်။ သို့ပေမဲ့ ရှင်မင်းညို့ရဲ့ ရွှေရင်အစုံက မခုန်တော့လည်း အခက်သားပါလား။

"ရှင်မင်း"

ခွင့်ပင်တောင်းမနေတော့ဘဲ သူက တရင်းတနှီးနဲ့ ရှင်မင်း ဘေးနားကခုံမှာ ဝင်ထိုင်တာမို့ ရှင်မင်း နည်းနည်းတော့ စိတ်ခုသွားမိသည်။

"ညက မေးဦးမလို့ပါ၊ ဒါပေမဲ့ မျက်နှာချင်းဆိုင်ပြီး မေးချင်လို့"

နှယ်နဲ့ သွဲ့သွဲ့ကတော့ မျက်နှာတွေ ရှုံ့မဲ့လို့ သူ့အပြုအမူ၊ အပြောအဆိုကို သိပ်သဘောမတွေ့ကြောင်း ဆန္ဒတွေ ထုတ်ဖော်နေကြသည်။

"ပြောလေ ... ဘာကိစ္စလဲ"

ဟန်မပျက်သာ ပြောနေပေမင့် ရှင်မင်း သူ့ကိုသိပ်မကြည်ချင်။ ဘာမှမဟုတ်သေးဘဲ မဖွာပ်တိုင် တက်ပြချင်တဲ့ စရိုက်ကို လုံးလုံးကိုမကြိုက်။





"သတင်းတွေ ကြားနေရတယ်၊ လွှတ်လပ်ရေးနေ့က ကျော်ဘုန်းသက်ကို ရှင်မင်း ရေသန့်ဘူးတွေ၊ အအေးတွေ သွားပေးတဲ့ကိစ္စ"

"အင်းလေ ... ဟုတ်တယ်၊ ဆွဲခြင်းတစ်လုံး အပြည့်ပဲ၊ အာလူးကြော်၊ ငါးမုန့်ကြော်နဲ့ အဖြူရောင်တဘက်တစ်ထည်တောင် ပါလိုက်သေး"

ဘာမှမဖြစ်လေဟန် မျက်နှာထားနှင့် ရှင်မင်း ခပ်အေးအေးဆိုတော့ သူ့မျက်နှာမှာ မခံချိမခံသာဟန် မနာလိုဝန်တိုဟန်တွေက အတိုင်းသား ထင်ရှားလို့လာ၏။ ဘဲတွေက တော်တော်ရယ်ရတာပဲ။ ဘာမှမဟုတ်ဘဲ၊ စကားပြောခွင့်လေးနဲ့တင် ဒီလောက် စွက်ဖက်ချင်နေကြတာ။ အဖြေသာပေးပြီး ရည်းစားတော်လို့ကတော့ ရှင်မင်းညို့ကို ကျောင်းထုတ်ပြီး တိုက်ပိတ်ထားမလားတောင်မသိ။

"ခက်တာပဲ ရှင်မင်းရယ်၊ ကိုယ်တို့ အသည်းကလည်း ကျောက်ခဲမဟုတ်၊ ရေခဲမဟုတ်လေတော့ ကိုယ် propose လုပ်ထားတဲ့ ကောင်မလေး၊ တခြားတစ်ယောက်ကို favour



www.burmeseclassic.com

www.burmeseclassic.com



ပေးနေတဲ့ကိစ္စ သဘောထားကြီးပေးလို့ မရဘူး ဖြစ်နေတယ်"

သူ့စကားလုံးတွေက လှလွန်းပြီး ပြောင်မြောက်လွန်းတာမို့ လေးစားမိတာတော့ အမှန်။

"သဘောထားတော့ ကြီးမှပေါ့ရှင်၊ ရှင်လည်း ရှင်မင်းဆီ နေ့တိုင်း ဖုန်းဆက်ခွင့်ရနေသူ တစ်ယောက်ပဲဟာ"

ရှင်မင်းရဲ့အပြုံးက သူ့ကို အခံရ ခက်စေ၏။ ယောကျ်ားတကာကို အရုပ်တစ်ရုပ်လို ကစားချင်တတ်တဲ့ ရှင်မင်းညိုကိုမှ သူကလည်း အကြွေကြီး ကြွေနေမိတာကိုး။

"မကြီးနိုင်လို့ နုတ်ထွက်ချင်သပဆိုလည်း ရှင်မင်း မတားပါဘူး၊ သဘောရှိပါ"

နောက်ဆက်တွဲ ရှင်မင်းစကား သူ့ရင်ကို တဆစ်ဆစ် နာစေသည်။ ဒီစကားက ဘယ်လောက်တာသွားလဲ။ သူ့နှုတ်ခမ်းမှာ ဒေါသက ပေါက်ဖွားလာသည့် နာကျင်ကျင် အပြုံးတစ်ခု ကပ်ငြိလာသည်။ ယောကျ်ားရယ်၊ မီးရယ်၊ မြွေရယ် ဘယ်လောက် အန္တရာယ်ရှိလဲ မင်း မသိသေးဘူး ထင်ပါရဲ့။





"ဟင် ... ကိုကျော်ဘုန်းသက်"

ကန်တင်းထဲဝင်လာတဲ့ ကျော်ဘုန်းသက်ကို တွေ့တော့ ရှင်မင်းက ဇော်ဝဏ္ဏကို ကြည့်မရတာနှင့် တမင်အသံထွက် ပြလိုက်သည်။ ဇော်ဝဏ္ဏတစ်ယောက် ရှင်မင်းညိုကို ဟန်ဆောင်ပြီးတောင် နှုတ်မဆက်ဘဲ သုတ်ခနဲ ထွက်သွားတော့သည်။

"ကောင်းတယ် ... တစ်နေ့ တစ်နေ့ သင်း အရည်မရ အဖတ်မရ လာလာပြောနေတဲ့ စကားတွေ နားထောင်စရာ မလိုတော့ နားငြီးသက်သာတာပေါ့"

နှယ်နဲ့ သွဲ့သွဲ့ကတော့ ရှင်မင်းအစား စိတ်ရှုပ်ဟန်နှင့် ခေါင်းတခါခါ ရှိနေပါသည်။ ရှင်မင်းကတော့ စိတ်ရှုပ်ဟန် မပေါ်၊ ဒီလိုကစားနေရတာကို အတော်ကျေနပ်အားရနေတဲ့ဟန်။

ကျော်ဘုန်းသက်က သူ့ကို လက်လှမ်းပြနေသည့် ရှင်မင်းညိုကိုတွေ့တော့ ပြုံးတုံ့တုံ့နှင့် သူ့သူငယ်ချင်းတွေနဲ့ခွဲထွက်ပြီး ရှင်မင်းညိုတို့ဝိုင်းဘက် လျှောက်လာသည်။

နှယ်ကတော့ ဇော်ဝဏ္ဏနှင့် သူ့သူငယ်ချင်းတွေ စောင်ပေပေနှင့် ကျော်ဘုန်းသက်ကို ကြည့်နေကြတာ မြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှင်မင်းညို့ကို အကြောင်းပြု၍ ရန်ပွဲတွေများ ဆင်နွှဲကြလေမလား တွေးမိရင်း စိတ်မောသွားမိသည်။

"ထိုင်လေ ... ကိုကျော်ဘုန်းသက်"

ရှင်မင်း မျက်လုံးမှာ အညို့ဓာတ်တွေ ကိန်းနေကြသည်။ ကျော်ဘုန်းသက်အတွက် တမင်တကာ အထူးစပါယ်ရှယ် စီမံထားတဲ့ ဓာတ်တွေပေါ့။ ပျားရည်လိုချိုသော အပြုံးပွင့်တွေ တစ်ခုပြီးတစ်ခု ပစ်ကျွေးရင်း သူ့နှလုံးသားနယ်မြေကို ကျူးကျော်သိမ်းပိုက်ဖို့ ရှင်မင်း ကြိုးစားနေပါသည်။

"ခေါင်းကိုက်သက်သာသွားပြီလား"

"ရှင်"

"ဟြော် ... ညကဖုန်းဆက်တော့ ရှင်မင်း ခေါင်းကိုက်နေတယ်ဆိုလို့ပါ"

"သက်သာသွားပါပြီ၊ ဆေးသောက်လိုက်တယ်လေ"

"အင်း ... အင်း၊ တစ်ခါတလေကျတော့လည်း ခေါင်းခဏခဏကိုက်တတ်တာ မျက်စိအားနည်းလို့ ဒါမှမဟုတ် ခေါင်းခဏခဏလျှော်လို့လည်း ဖြစ်တတ်တယ်၊ စိတ်ဖိစီး





မှုကြောင့်လည်း ဖြစ်နိုင်တာပဲ၊ ရှင်မင်း ကြည့်ရတာ ခေါင်းခဏခဏလျှော်တယ် ထင်တယ်"

"အဟင်း ... ဟုတ်တယ်၊ သုံးရက်တစ်ခါလောက်"

"ငါးရက်တစ်ခါလောက်မှ လျှော်ပါ၊ ရှင်မင်းဆံပင်ကထူတာဆိုတော့ အခြောက်လွယ်မှာ မဟုတ်ဘူး"

"dryer နဲ့ မှုတ်ပါတယ်"

"dryer နဲ့ မှုတ်တာလည်း တစ်ခါတစ်ရံပဲ ကောင်းမယ်၊ ကြာရင် ဆံပင်သားတွေခြောက်ပြီး ပျက်ဆီးလိမ့်မယ်"

"ခွိ ခွိ"

ရှင်မင်းက သူ့စကားကို သဘောတျဟန် သွားဖြူဖြူတန်းလေးတွေပေါ်အောင် ရယ်နေသည်။ တကယ် နှစ်နှစ်ခြိုက်ခြိုက်ရယ်တဲ့ အရယ်မျိုး။ ကြောစမ်းပါဦး၊ ဒီရယ်မောမှုထဲမှာ မာယာခင်းထားတယ်လို့ ဘယ်သူကများ စွပ်စွဲရဲမှာလဲ။

"ဘာလဲဗျ ... လျောင်တာလား

"မဟုတ်ရပေါင်၊ ယောကျ်ားလေးဖြစ်ပြီး ဒါမျိုးတွေသိနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သိတာပေါ့ဗျာ၊ ဘယ်လောက်ခက်ခဲ နက်နဲနေလို့လဲ"

သူက ရှင်မင်းကို ရွှန်းရွှန်းစားစား ကြည့်လာပါသည်။ အခု သူ့မျက်ဝန်းထဲမှာ ဟိုတစ်ခါလို ထီမထင်ဟန်၊ မနှစ်မြို့ဟန်၊ စိတ်မဝင်စားဟန်တို့ တစ်ရွေးသားတောင်မရှိ ကင်းစင်လို့နေသည်။ အခု သူ့မျက်ဝန်းမှာ ရှိနေတာက တစ်ခုတည်း။ အဲဒါက ချစ်မြတ်နိုးရိပ်တွေ။

အပြန်လမ်းမှာ နှယ်နဲ့ သွဲ့သွဲ့က မနေနိုင် မထိုင်နိုင် သူမရဲ့မဟာစီမံကိန်းအကြောင်း မေးလာကြသည်။

"ရှင်မင်း ... နင် သူ့ကို ဘာဆက်လုပ်မှာလဲ"

"ပါးပါးလေးဖဲ ပညာပေးမှာပါ၊ အလွန်ဆုံးအသည်းကွဲရုံလောက်လေးပါပဲ၊ သူက အားကစားသမားဆိုတော့ စိတ်ဓာတ်ကြံ့ခိုင်တာမို့ ခံနိုင်ရည်ရှိမယ်လို့ ထင်တာပဲလေ"

"ဟင်း ... နင် တကယ်မလွယ်တာပဲ ရှင်မင်းညို"

✤ ✧ ✤





# ( ၁၆ )

အလုပ်စားပွဲမှာ တင်ထားတဲ့ ပန်းခြင်းလေးကိုကြည့်ရင်း ရှင်မင်းညို နှစ်ခြိုက်စွာ ပြုံးမိသည်။ ဒီနေ့တော့ ဒေလီယာပန်းနဲ့ နှင်းဆီအဖြူတို့ကို တွဲဖက်၍ မျက်စိပသာဒဖြစ်အောင် အလှဆင်ထားသည်လေ။ florist တစ်ခုက မနက်တိုင်း လာပို့ပေးနေတာ တစ်ပတ်လောက်ရှိသွားပြီ။ ပေးပို့သူနာမည်တော့ လျှို့ဝှက်ချက်ပါတဲ့။

ဘယ်သူများလဲ ရှည်ရှည်ဝေးဝေး စဉ်းစားစရာဘာလိုလို့လဲ။ သူပဲရှိတာပဲ။ လျှံတိုးဝေဆိုတဲ့ သူပေါ့။ surprise လုပ်ရတာ သူ တော်တော်ဝါသနာပါသလားမသိ။ အခုအချိန်အထိ ပန်းခြင်းအကြောင်း တစ်ခွန်းမှ သူ မဟာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆုံလည်ကုလားထိုင်ပေါ်မှာ ဝင်ထိုင်ရင်း ရှင်မင်း အတွေးနယ်ချဲ့နေမိသည်။ ရှင်မင်းညို ဆိုတဲ့ သူမကိုယ်တိုင်ရဲ့ အကြောင်းကိုပါ။ ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည်ခဲ့တဲ့ ကိုယ် ငယ်ရွယ်စဉ်က ရှင်မင်း အကြီးအကျယ် မက်မောသာယာမိပြီး အလှမာန်အားကိုးနှင့် ယောက်ျားတွေကို အရုပ်လို ကစားဖူးသည်။ မထင်မှတ်ပါဘဲနဲ့ သူမကြောင့် လူတစ်ယောက် မတော်တဆ သေဆုံးခဲ့ဖူးသည်။ အဲဒီရက်တွေက ရှင်မင်းညိုအတွက် တကယ့် ငရဲပါ။ မာမီ့အမျိုးတွေရှိရာ မော်လမြိုင်တက္ကသိုလ်မှာ ကျောင်း ပြောင်းတက်ရသည့်အထိလေ။ ဒီအမည်းစက်က ရှင်မင်းဘဝမှာ အစုအချိန်အထိ ထင်ရှားဆဲပါ။

သူ့ရုပ်သွင်က အခုအချိန်အထိ ရှင်မင်းကို ခြောက် လှန့်နေဆဲပဲလေ။ သေရာပါ နောင်တ,တရားကြောင့် ရှင်မင်းညို ဆိုတဲ့ မိန်းကလေး ထိုအချိန်မှစ၍ မာယာတွေကို ရုပ်သိမ်း၊ ယောက်ျားတွေနဲ့ လိုသည်ထက်ပို၍ ပြောဆိုဆက်ဆံခြင်း အလျင်း မရှိခဲ့တာ ဒီနေ့အထိ။ ခြွင်းချက်အနေနဲ့ ကိုလှျံ တစ်ယောက်သာ ရှိခဲ့ပါသည်။





သက်ပြင်းတစ်ချက်ကို ရှင်မင်းညို ကျိတ်ချလိုက်မိ သည်။ အတွေးထဲ တင်ကိုကိုရဲ့ မုန်းတီးစက်ဆုပ်တဲ့အကြည့် ဝင် လာတော့ ပိုရင်မောမိသည်။ အမည်းစက်။ ဟုတ်သည်။ ဒီအမည်း စက်ကို ရှင်မင်း ဖျက်ပစ်ဖို့ဆိုတာ ...

"ဟယ် ... လှလိုက်တာ၊ ပန်းခြင်းလေးက"

ဒက်ဒီ့ secretary မသွယ်က အခန်းထဲဝင်လာပြီး ပန်းခြင်းတွေ့တော့ အာမေဋိတ်သံနဲ့အပြော ရှင်မင်းအတွေးရေ ယာဉ်က နိုးထ,လာခဲ့သည်။

"ရှင်မင်းညိုတို့များ ကံကောင်းလိုက်တာနော်၊ ရုပ်ကလေး ကလည်းချော၊ အရည်အချင်းကလည်းရှိ၊ ငွေကြေးကလည်း ပြည့်စုံ၊ ချစ်ချင်သူတွေကလည်း ဝိုင်းဝိုင်းလည်နဲ့"

"ဟင်း ဟင်း ... ဒါအပေါ်ယံတွေပါ မသွယ်ရယ်၊ ဘယ်သူ တစ်ဦးတစ်ယောက်မှာမှ ပြည့်စုံမှုဆိုတာ ရှိမနေပါဘူး"

"ဒါနဲ့ ရုံးကလူတွေလည်း ပြောနေကြပြီနော်၊ ထင်ကြေး တွေပေါ့၊ ဒီပန်းခြင်းတွေ ပို့ပို့ပေးနေတာ ဦးလှျံတိုးဝေဆိုပဲ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ ... နာမည်မှ မပါတဲ့ဟာ"

ရှင်မင်းက ရှေ့မှာရှိတဲ့ ဖိုင်တစ်ခုကို ကောက်ကိုင်ရင်း ဘူးခံလိုက်သည်။ သတင်းကလည်း မြန်ပါ့။ ကိုလျှံနဲ့ ရှင်မင်း နှစ်ယောက်တွဲ ကော်ဖီဆိုင်ထိုင်တာ၊ dinner အတူစားကြတာတွေကို တစ်ယောက်ယောက်က မြင်တွေ့သွားပြီး လိုက်ဖွနေပုံရသည်။

"သဘောတူတယ် ရှင်မင်း ... တကယ်ပြောတာ"

"ဟင် ... မသွယ်ကလည်း မဟုတ်တာတွေ ပြောနေပြန်ပါပြီ"

"ဟယ် ... ကောင်မလေးတစ်ယောက် ရှက်သွားတဲ့ပုံက ချစ်စရာလေးပါလား"

"ဒီ မသွယ်ကတော့ ..."

မသွယ်က ရှင်မင်းရဲ့မထားတတ်တဲ့ မျက်နှာထားလေးကိုကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်နေတုန်း ဖုန်းဝင်လာတာမို့ ရှင်မင်း ဖုန်းကောက်ကိုင်လိုက်ပါသည်။

"morning ရှင်မင်း"





သူ့ရဲ့ဆွဲငင်အားအပြည့်အဝပါတဲ့ အသံလေးကြားတော့ ရှင်မင်း ထိတ်ခနဲ ပျော်မိတာ ဘယ်လိုပျော်ရွှင်မှုမျိုးနဲ့မှကို မတူပါ။ တကယ်တမ်းတော့ မနက်က သူ့ဖုန်းကို မျှော်နေမိတာ။ viber ဖွင့်တော့လည်း လိုင်းပေါ်မှာ သူ မရှိ။ ရင်ထဲမှာ တစ်ခုခု လစ်ဟာနေသလိုကို ခံစားနေရတာ ကိုယ့်ဘာသာကိုယ်ပဲ သိသည်။

"morning ပါ ကိုလျှံ"

မသွယ်က ရှင်မင်းကို ပြောင်ပြပြီး အလိုက်တသိနဲ့ ရှင်မင်းအနားက ဖယ်ခွာသွားသည်။

"မနက်က လိုင်းပေါ်တက်ကြည့်သေးတယ်၊ ကိုလျှံ မရှိဘူး"

"ဟုတ်တယ် ရှင်မင်းရေ၊ ကိုယ် ညက အလုပ်လေးနည်းနည်း ညဉ့်နက်ထဲအထိ လုပ်လိုက်လို့ အခုမှ ထ,လာနိုင်တာ၊ နိုးနိုးချင်း ရှင်မင်းဆီ ဖုန်းဆက်တာပဲ"

သူ့စကားက ရှင်မင်းရင်ထဲ ဝှမ်းဆီထိသလို ရွှန်းပီတိ ဖြာသွားသည်။ ဒီအပြောလေးတွေနဲ့ပဲ ရှင်မင်း သူ့ကိုစွဲလမ်းနေရတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

"ကိုယ်တို့ကြား ကျေးဇူးစကားဆိုဖို့ လိုလို့လား"

"လိုတာပေါ့ရှင့်"

"ဟင်း … ဒီစကားလေး ကြားရတာ ရင်ထဲမှာ တစ်မျိုး ခံစားလိုက်ရသလားလို့၊ ရှင်မင်းက ကိုယ့်ကို သာမန်မိတ်ဆွေတစ်ယောက်လို့မဲ့ သဘောထားတာ သိသွားလို့လေ"

"အရမ်းချွဲမနေနဲ့၊ အခု အိပ်ရာထဲက ဆက်နေတာ မဟုတ်လား၊ အသံကြားတာနဲ့ သိတယ်၊ အိပ်ရာထ,ပြီး ရေမိုးချိုးလိုက်တော့ ရှင်မင်းလည်း အလုပ်တွေရှိသေးလို့ နောက်မှဆက်မယ်"

BURMESE CLASSIC

"ရက်စက်တယ်ကွာ"

သူ့ရဲ့ မချင့်မရဲလေသံလေးကို ရှင်မင်း အမိအရ နားထောင်ပြီးမှ ဖုန်းချလိုက်ပါသည်။ ဟုတ်တယ်။ အလုပ်တွေက ရှိသေးသည်။ သူ့လေကြောမှာ မျောပြီးနေရင် တစ်နေကုန်တောင် ပြောလို့ကုန်တော့မှာမဟုတ်။ ရှင်မင်းကတော့ မပြောချင်ဘဲ ရှိပါ့မလားနော်။ ဖြစ်နိုင်ရင် နားကြပ်တပ်ပြီး အချိန်တိုင်း သူနဲ့ဖုန်း





ပြောနေချင်တာ။ ဖုန်းချပြီးတာနဲ့ ရှင်မင်း သူ့ဆီ msg တစ်စောင် ရေးပြီးပို့လိုက်ပါသည်။

"ဝန်းတွေ နေ့တိုင်းပို့ပေးလို့ ကျေးဇူးပါ၊ နောက်မပို့ပါနဲ့တော့၊ ပိုက်ဆံကုန်မှာစိုးလို့၊ ရှင်မင်း ရှင့်ရဲ့အကြင်နာတွေကို ဒီလောက်ဆို နားလည်သဘောပေါက်ပါပြီ"

လျှံတိုးဝေ တစ်ယောက် အိပ်ရာပေါ်ကနေ ထ,ဖို့ ဟန်ပြင်နေတုန်း ရှင်မင်းညီဆီက message ဝင်လာတာမို့ ဖတ်ကြည့်တော့ မျက်ခုံးနှစ်ခု ထိစပ်မတတ် အံ့သြသွားမိသည်။ သူ ဘယ်တုန်းကမှ ရှင်မင်းညီကို ဝန်းခြင်းမပို့ခဲ့ဘူးပါ။ တစ်စုံတစ်ရာတော့ လွဲမှားလို့နေပြီ။ ဘယ်သူက သူ့နာမည်သုံးပြီး ပို့နေတာလဲ။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၇ )

ဒီနေ့လောက် စိတ်လှုပ်ရှားရတဲ့နေ့မျိုး သူ့ဘဝမှာ မရှိတာ သူသစ္စာဆိုလို့တောင်ရသည်။ ဒီနေ့ ရှင်မင်းကို propose လုပ်ဖို့ သူ ချိန်းဆိုထားခဲ့၍လေ။

ပန်းနုရောင် ဖမ်းဆက်လေး ဝတ်ထားတဲ့ သူမကို ခပ်ဝေးဝေးက လှမ်းမြင်စဉ် ခဏမှာပဲ သူ့ နှလုံးခုန်သံတွေကို ပတ်တုတ်လို့ပင်မရတော့။ တဒုန်းဒိုန်း၊ တဒိုင်းဒိုင်း သံစုံတီးဝိုင်း အလားလေ။

ကန်တင်းထဲကို သူမ ရောက်လာတော့ သူမသူငယ် ချင်းနှစ်ယောက်နဲ့ ခွဲထွက်လို့ သူ့စားပွဲစဆီ တန်းတန်းမတ်မတ်





သူမ လျှောက်လာသည်။ ပါးချိုင့်လေးနှစ်ဖက်ခွက်အောင် ပြုံးနေတဲ့ သူမမျက်နှာ ချိုမြမြလေးကို သူ မျက်တောင်မခတ် ငေးကြည့်နေမိပါသည်။

"ရောက်နေတာ ကြာပြီလား"

သူ့ရှေ့တည့်တည့်မှာ ဝင်ထိုင်ရင်း ကြည်လင်တဲ့ အသံလေးနဲ့ သူမ မေးသည်။

"မကြာသေးပါဘူး၊ ရှင်မင်း ဘာသောက်မလဲ၊ ဘာစား မလဲ၊ မှာလေ".

ကန်တင်းထဲက လူတွေအားလုံးရဲ့အကြည့်တွေက ရှင်မင်းတို့နှစ်ယောက်ဆီမှာသာ။ ရှင်မင်းညီဖြိုးဆိုတဲ့ သမိုင်းမေဂျာ ကွင်းက ဘယ်ယောက်ျားလေးနဲ့မှ နှစ်ယောက်တွဲ မထိုင်တတ်ခဲ့ ဘူးလေ။ သို့လော၊ သို့လော အတွေးများနဲ့ ထင်မြင်ချက်တွေက အခုလောက်ဆို ကိုယ်စီကိုယ်ငှရဲ့ပါးစပ်ဖျားမှာ နေရာယူနေကြမည် ထင်သည်။

"စားလည်း မစားချင်ဘူး၊ သောက်လည်း မသောက်ချင် ဘူး၊ ကိုကျော်ဘုန်းသက် ပြောမယ့်စကားကို နားထောင်

www.burmeseclassic.com



ရအောင် သက်သက်ရောက်လာခဲ့တာ၊ ကဲ ... ဘာပြော
မှာလဲ ... ပြော"

ပန်းနုရောင်နှုတ်ခမ်းနှစ်မြွာကိုကြည့်ရင်း သူ့ရင်ခုန်သံတွေက ကျယ်လောင်လို့ လာပြန်သည်။ ရွှန်းစိုတောက်ပသော မျက်ဝန်းတွေဆီ အကြည့်ရောက်ပြန်တော့လည်း ရင်ခုန်သံက တိုးလို့လာဆဲ။

သူ ရဲဆေးတင်ပြီး ကျောပိုးအိတ်ထဲမှာ အဆင်သင့်ပါလာတဲ့ နှင်းဆီနီတစ်ပွင့်၊ I ♡ you လို့ ရင်ဘတ်စာတန်းပါ အဖြူရောင်ဝက်ဝံရုပ်လေးတစ်ရုပ်နဲ့၊ သူ့ရင်တွင်းဖြစ် ကဗျာတစ်ပုဒ် ရေးသားထားတဲ့ post card တစ်ခုကိုထုတ်ပြီး ရှင်မင်းရှေ့မှာ ချပေးလိုက်သည်။

"အဲဒါ ဘာလဲ ... ကိုကျော်ဘုန်းသက်"

"ကျွန်တော် ရှင်မင်းညိုကို ချစ်တယ်"

"ချစ်တယ် ... ဟုတ်လား၊ ဟင်း ဟင်း ဟင်း"

ရှင်မင်းညိုက ကိုယ်လေးလှုပ်ကာ ရယ်လိုက်တာမို့ ကျော်ဘုန်းသက် မျက်နှာပျက်သွားသည်။ တစ်ခဏအတွင်း





မှာပဲ သူမမျက်ဝန်းတွေက အရောင်ပြောင်းသွားပြီ မဟုတ်လား။ သူ့မှာ အသိတစ်ခု ဝင်ဝင်လာချင်းမှာပဲ သူ သူမရဲ့မာယာထောင်ချောက်ထဲ ခြေချော်လဲပြီမှန်း အတပ်သိလိုက်ရသည်။ သို့ပေမဲ့ သူ နောက်မဆုတ်နိုင်တော့ပါ။ သူ့အချစ်တွေက သူမဆီမှာ ပြန်ဆွဲယူလို့မရအောင် နစ်ဝင်သွားခဲ့ပြီမို့ပါ။

"ရှင်မင်းက ရှင့်ကို စာရင်းတစ်ခုထဲ သွင်းထားပြီးသား ဖြစ်နေတော့ ဘယ်လိုလုပ်မလဲ"

ရှင်မင်းညိုက ရှေ့မှာရှိတဲ့ ဝက်ဝံရုပ်လေးကိုကောက်ကိုင်ရင်းက ရယ်ဟာဟာပြောသည်။

"ရှင်မင်း ကျွန်တော့်ကို အစာမကြေဘူး ဆိုရင်လည်း ကြိုက်သလို ပြောနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အချစ်ကိုတော့ ပြက်ရယ်မပြုပါနဲ့၊ ကျွန်တော် ရှင်မင်းကိုတကယ် လေးလေးနက်နက် ချစ်တာပါ"

သူ့ပုံစံက တကယ်ခံစားနေရတဲ့ ပုံမျိုးလေ။ ရုပ်ရော၊ အသံရော တကယ်ကို heart ထိနေတဲ့ပုံ။ ရှင်မင်းက ဘောဘီဝံယာကို တစ်ချက်အကဲခတ်ပြီး အားလုံးစောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ အနေအထားကို အတွေ့မှာ သူပေးတဲ့ နှင်းဆီပန်းကို တစ်စစီ ဖဲ့ခြွေပစ်လိုက်သည်။

"ဟာ ... ရှင်မင်း"

သူ အလန့်တကြား ထ,အော်လို့ မဆုံးသေးခင်မှာပင် အပြာရော post card လေးကို ဖတ်၍ပင်မကြည့်ဘဲ ဆွဲဆုတ်ပစ်လိုက်သည်။

"ဘယ် ... ဘယ်လို လုပ်လိုက်တာလဲ ရှင်မင်းညို"

ဒေါသရော ရှက်စိတ်ပါ ပေါင်းထွက်လာတဲ့ သူ့လေသံကို ရှင်မင်း နားအရသာခံ နားထောင်၊ ရဲပဒေါင်းခတ်လာတဲ့ သူ့မျက်နှာကိုပါ အားရကျေနပ်ဟန် တစိမ့်စိမ့်ကြည့်ရင်းက...

"ကျွန်မ ရှင့်ကို လုံးဝစိတ်မဝင်စားဘူး၊ ရှင်လည်းမခန့်ဘူး၊ ချစ်ဖို့ဆိုတာတော့ ဝေးပါသေးတယ်၊ ကျွန်မကို propose လုပ်ထားတဲ့သူတွေ စာရင်းထဲလည်း မထည့်နိုင်ဘူး၊ ရှင်နားလည်ပါတယ်နော် ကိုကျော်ဘုန်းသက်"

ရှင်မင်းက နောက်ဆုံးပိတ်အနေနဲ့ ဝက်ဝံရုပ်လေးကို ကောက်ယူလွှင့်ပစ်ပြီး မတ်တတ်ထ,ရပ်လိုက်သည်။ သူက





လည်း ချက်ချင်းဆိုသလို ဂုန်းခနဲ ထ,ရပ်လိုက်ပြီး တဆတ်ဆတ် တုန်နေသော နှုတ်ခမ်းတို့မှ တစ်ခုခုပြောဖို့ အားယူရင်းက ငြိမ်ကျသွားသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တို့ကို ရှင်မင်း တွေ့နေရသည်။ သနားစိတ် တစ်ကလေးတောင် မယိုဖိတ်တဲ့အပြင် ရှင်မင်း နှစ်ထောင်းအားရ ဖြစ်နေမိပါသည်။ ပြီးတော့ သူ့ကို ကြောက်စိတ်ဆိုတာလည်း ရှင်မင်းမှာ တစ်စိတောင် ရှိမနေ။

"နောက် ဘယ်တော့မှ ကျွန်မနဲ့ လာမပတ်သက်ပါနဲ့ ကိုကျော်ဘုန်းသက်"

အောင်နိုင်သူတို့အပြုံးနှင့် ဝင့်ကြွားစွာပြုံးရင် ရှင်မင်း ချာခနဲနေအောင် သူ့ရှေ့က လှည့်ထွက်ခဲ့သည်။ ဘယ်သူတွေ ဘယ်လိုအကြည့်မျိုးနဲ့ ရှင်မင်းတို့ ကြည့်နေကြမလဲ ရှင်မင်း ဂရုမစိုက်။ ကိုယ်လုပ်ချင်တဲ့ အလုပ်တစ်ခုကို ပြောင်ပြောင်မြောက်မြောက် လုပ်နိုင်ခဲ့သည့်အတွက်သာ ရှင်မင်း ကျေနပ်ပီတိဖြစ်နေမိသည်။ ရှင်မင်းညို ဆိုတာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ရှင်အခုတော့ နှလုံးသားနဲ့ရင်းပြီး သဘောပေါက်လောက်ပြီ ထင်ပါရဲ့။

"ကျော်ဘုန်းသက် ... ဟေ့ကောင် ကျော်ဘုန်းသက်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဘုန်းသက် အနားကို သူ့သူငယ်ချင်းနှစ်ယောက် အပြေးအလွှား ရောက်လို့လာသည်။ ကျော်ဘုန်းသက်တစ်ယောက် မတ်တတ်ထရပ်လျက်သားနှင့် မျက်ဝန်းက မျက်ရည်တွေ လျှံကျနေသည်လေ။ လက်သီးတင်းတင်းဆုပ်၊ အံတင်းတင်းကြိတ်ထားတဲ့ သူ့ပုံစံက ရင်ထဲက ထုထည်ကြီးမားတဲ့ ခံစားချက်ကို မနည်းကြီး မျိုချထားရတဲ့ဟန်။

"ဟေ့ကောင် ... လာ ... လာ၊ ငါတို့နဲ့ လိုက်ခဲ့"

သူငယ်ချင်းနှစ်ယောက်က ပတ်ဝန်းကျင်က မျက်လုံးတွေကြားက သူ့ကို ဆွဲထုတ်ခေါ်ငင်လာကြသည်။ လမ်းတစ်လျှောက်လုံး ရှင်မင်းညိုကို ကျိန်ဆဲလာကြရင်းပေါ့။ အဖြစ်အပျက်အစ,အဆုံးက သူတို့မျက်စိရှေ့တင်မို့ သင်း ကျော်ဘုန်းသက်ကို သက်သက်ပညာပြမှန်း သိလိုက်ရသည်။

"ကျေးဇူးကွာ၊ ငါ အတန်းတက်လို့ ရမယ်မထင်ဘူးကွာ၊ တစ်နေရာရာမှာ တစ်ယောက်တည်း ထိုင်နေချင်တယ်"

ကျော်ဘုန်းသက် ပုံစံက တကာယ်ကို ရုပ်ပျက်ဆင်းပျက်လေ။ ခံစားမှုတွေကို ဟန်ဆောင်ထိန်းချုပ်ထားရလို့ မေးကြောတွေထောင်ထ,ပြီး လူက တဆတ်ဆတ် တုန်နေသည်။





"ဟေ့ကောင် ... မင်း ကားမောင်းလို့တော့ မဖြစ်ဘူးထင်တယ်၊ မင်းစိတ်တွေ ဒီနေ့ သိပ်လှုပ်ရှားနေတယ်၊ ငါတို့ စိတ်မချဘူး"

တင်ကိုကိုနဲ့ အောင်သူတို့က ကျော်ဘုန်းသက်ကို တားကြပါသော်လည်း ကျော်ဘုန်းသက်က ခေါင်းမာမာနှင့် ငြင်းဆန်သည်။

"ဘာမှမဖြစ်ပါဘူး၊ စိတ်မပူကြပါနဲ့၊ ငါသွားပြီ"

ကျော်ဘုန်းသက်က သူတို့နှစ်ယောက်ပခုံးကိုပုတ်ပြီး နှုတ်ဆက်သည်။ တစ်ဘဝစာအတွက် ထာဝရ နှုတ်ဆက်သွားတာမှန်း သိခဲ့ရင် သူတို့ ကျော်ဘုန်းသက်ကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ တားခဲ့ကြမှာပါ။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၈ )

reception က စာရေးမလေးတစ်ယောက်က ရှင်မင်းကို လှမ်း၍သတင်းပို့ပါသည်။ ရှင်မင်းနဲ့တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် ရောက်နေပါသည်တဲ့။ ရှင်မင်းကို တခုတ်တရ လာတွေ့တဲ့ ဧည့်သည်က ဘယ်သူများပါလိမ့်။

"ဘယ်သူလို့ပြောလဲ သရဖီ"

"မမရှင်မင်းရဲ့ ကျောင်းတုန်းက သူငယ်ချင်းလို့ ပြောတယ်။ နာမည်မေးတာ မပြောဘူး၊ ဘယ်လိုလူလဲ မသိဘူး၊ ပြန်လွှတ်လိုက်ရမလား မမရှင်မင်း"

"နေ ... နေ ... သူ့ကိုထိုင်ခိုင်းထားလိုက်၊ ငါလာခဲ့မယ်"





ရှင်မင်း အခန်းထဲကနေ သုတ်သုတ်ထွက်လာခဲ့သည်။ ပုံမှန်ဆို ရှင်မင်းက ဧည့်သည်ကို အခန်းထဲကို လာတွေ့ခိုင်းနေကျပါ။ အခုဟာက ထူးဆန်းနေတာ မဟုတ်လား။ သူက နာမည်မပြောနိုင်အောင် ဘယ်သူမို့လို့လဲ။

ရှင်မင်း reception ကိုရောက်တော့ ဧည့်သည့်ထိုင်ဖို့ချထားတဲ့ ခုံတန်းမှာ ထိုင်နေတဲ့ လူတစ်ယောက်ကို တွေ့ရပါသည်။ သူက ရှင်မင်းကို မြင်မြင်ချင်း မတ်တပ်ထ,ရပ်သည်။

"ဟင် ... ဇော်ဝဏ္ဏ"

ဖျတ်ခနဲ ပြုံးပြတဲ့ သူ့အပြုံးမှာ ရှင်မင်း ပါးစပ်က နာမည်တစ်ခု ထွက်ကျလာသည်။ သူက ခေါင်းဆတ်ပြရင်း ...

"မှတ်မိသေးလို့ ကျေးဇူးကမ္ဘာပါ ရှင်မင်း၊ ရှင်မင်း ရုတ်တရက် အံ့ဩသွားစေချင်လို့ နာမည်မပြောခဲ့တာ ခွင့်လွှတ်"

ကိုယ့်ဆီ တကူးတက ရောက်လာခဲ့တဲ့ ဧည့်သည်မို့ ရှင်မင်းကုမ္ပဏီမျက်စောင်းထိုးက cafe မှာ သူ့ကို ကော်ဖီတိုက်ရင်း စကားပြောဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလို အလှများ လျော့ပါးမသွားဘဲ အလှ ပေါ်တွင် တည်ငြိမ်မှု ဆင့်ထားတာမို့ သူ့မျက်ဝန်းထဲမှာ ရှင်မင်းညို က ဟိုးအရင်တုန်းကလိုပဲ ရင်ခုန်ဖွယ် ကောင်းဆဲပဲလေ။

"တို့ ရှင်မင်းကို နေ့တိုင်း ပန်းခြင်းပို့ပေးတာ ရှင်မင်း ရလား"

"ဘာရယ်"

မမျှော်လင့်တဲ့စကားမို့ ရှင်မင်း အာမေဋိတ် ထွက် မိသည် အထိလေ။ ရှင်မင်း အပါအဝင် အားလုံးက ပန်းခြင်းကို ကိုလျှံ ပို့ပေးခဲ့တယ်ပဲ ထင်ကြတာ မဟုတ်လား။

"ဟား ဟား ... ရှင်မင်း အံ့သြသွားအောင်လို့ပါ၊ တို့ ရှင်မင်းကို ရှာခဲ့တာ တော်တော်ကြာပါပြီ၊ ရှင်မင်း ကျောင်း ထွက်သွားကတည်းက ဖုန်းကိုလည်း ရောင်းပစ်ခဲ့တာဆို တော့ ကွင်းဆက်ပြတ်သွားတယ်လေ၊ နောက် ရန်ကုန် ပြန်ရောက်နေတယ် ကြားလို့ စုံစမ်းကြည့်တော့လည်း စင်ကာပူမှာ သင်တန်းသွားတက်တယ်လို့ သိရပြန်တယ်၊ တို့လည်း ဖေဖေဆုံးလို့ စည်သွပ်ဘူးစက်ရုံကို ဦးစီးလိုက် ရတယ်"





"အင်း"

"ရှင်မင်းတို့တော့ တစ်နေ့မှ မေ့မရခဲ့ပါဘူး၊ တလောလေး က ရှင်မင်း ကားပေါ်ကနေ ဆင်းလာတာ တွေ့လိုက် တော့မှ ရှင်မင်း ပြန်ရောက်နေမှန်းသိတာ"

ရှင်မင်းကတော့ သူ့စကားတွေကို နားထောင်ပြီး ခပ်ငြိမ်ငြိမ်သာ ရှိနေသည်။ အခုနေ ရှင်မင်း ဘာတွေတွေးနေမလဲ သူ သိနေပါသည်။

"ဘာပဲဖြစ်ဖြစ် ရှင်မင်းရယ်၊ ပြီးတာတွေလည်း ပြီးခဲ့ပြီပဲ၊ သတ္တဝါတစ်ခု ကံတစ်ခုပါ၊ ရှင်မင်းကြောင့် မဟုတ်တောင် သူမှာ ဒီလိုဖြစ်ဖို့ အကြောင်းကံ ပါခဲ့ရင် ဖြစ်မှာပဲ"

"အဲဒီအကြောင်း အစ,ဖော်မပေးပါနဲ့လား ဝဏ္ဏ"

"ဪ ... sorry ပါကွာ၊ ဒါဆိုလည်း"

ရှင်မင်းက sandwich တစ်ခုကို ယူပြီးစားနေသည်။ ပါးစပ်ထဲမှာတော့ sandwich အရသာကို ရှာမတွေ့။ နှစ်တွေ ဘယ်လောက်ပဲကြာကြာ ဒီအဖြစ်အပျက်က ရှင်မင်းကို ခြောက် လှန့်လျှမ်းမိုးနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝဏ္ဏာကတော့ စကားလမ်းကြောင်းတစ်ခု ပြောင်းဖို့ အားယူလိုက်ကာ ...

"တို့လည်း အခုအထိ တစ်ယောက်တည်းပါ၊ ရှင်မင်းကို အရင်ကလို မပြယ်တဲ့မေတ္တာနဲ့လည်း ချစ်နေဆဲပါ။ ရှင်မင်း အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်ဆိုရင် တို့ အမြဲအသင့်ပါ ... ဟား ဟား၊ ရှင်မင်း ပျော်အောင် စ,တာပါနော်၊ ဒါပေမဲ့ အတည်ပါနော်"

"ဟင်း ဟင်း"

ရှင်မင်းက သူနဲ့အတူ လိုက်ပါရယ်မောလိုက်သည်။ စိတ်ဖော့လိုဖော့ငြားပေါ့။ ပြီးမှ အရယ်ရှိန်လေး လျှော့လိုက်ရင်း ...

"တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းတယ်လို့ မထင်ပါနဲ့ ဝဏ္ဏာရယ်၊ ရှင့်ကို ရှင်မင်း သံယောဇဉ် ရှိပါတယ်၊ ဒါပေမဲ့ ရင်မခုန်တာတော့ အမှန်ပဲ၊ ပြီးတော့ ရှင်မင်းမှာ ..."

"ရှင်မင်းမှာ ဘာဖြစ်လဲ၊ ချစ်သူရှိနေပြီလား"

ရှင်မင်းက ပါးစပ်ကမပြောဘဲ ခေါင်းလေးညိတ်ပြလိုက်သည်။ သူ့ကို မျှော်လင့်ချက်တွေပေးပြီး မနာကျင်စေချင်





တော့။ ဒီအလုပ်မျိုးတွေကို လွန်ခဲ့တဲ့ ခုနစ်နှစ်ကပဲ ရှင်မင်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီးပြီလေ။

"အေးလေ ... ဟုတ်ပါတယ်၊ ရှင်မင်းလို အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးမှာ ဒီအချိန်လောက်ဆို ပိုင်ရှင်လည်း ရှိလောက်ပြီပေါ့၊ ဒါပေမဲ့ပေါ့၊ သူငယ်ချင်းမိတ်ဆွေတစ်ယောက်အဖြစ်တော့ တို့ကို သဘောထားပေးပါ ရှင်မင်း"

"ရပါတယ် ဝဏ္ဏာ၊ ရှင်မင်းရဲ့ ထာဝရမိတ်ဆွေတစ်ယောက်အဖြစ် သဘောထားပေးပါ့မယ်"

စလင်းဘတ်ထဲက ဖုန်းမြည်သံ ကြားတာမို့ ရှင်မင်း သူ့ကိုခွင့်တောင်းပြီး ဖုန်းကိုင်လိုက်သည်။

"ရှင်မင်း ... အခု ဘယ်မှာလဲ"

"ဩော် ... ကိုလှျံ၊ ကုမ္ပဏီမျက်စောင်းထိုးက cafe ထဲမှာ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် ရောက်လာလို့"

"အင်း ... ဒါဆိုလည်း မနှောင့်ယှက်တော့ပါဘူးကွာ၊ ကိုယ်က ရှင်မင်းနဲ့ ကော်ဖီသောက်ရအောင်လို့ ကုမ္ပဏီတောင် ရောက်လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲဒါဆို ကိုလှျံ ပြန်တော့မလို့လား၊ ရှင်မင်းကို ခဏလောက် စောင့်ပါဦး၊ အခုပဲ ပြန်ကြတော့မှာပါ"

"အဲဒါဆိုလည်း ပြီးရောလေ၊ ကိုယ် ကားပေါ်တောင်ရောက် နေပြီ"

ဖုန်းချပြီးတော့ ရှင်မင်းမှာ ပျာယာတွေ ခတ်နေသည်။ သူ စိတ်မရှည်ဘဲ ထွက်သွားမှာစိုး၍လေ။

"ပြန်ကြရအောင် ဝဏ္ဏ၊ နောက် အားရင်လည်း လာခဲ့ပေါ့"

"ရှင်မင်းချစ်သူ ဖုန်းဆက်တာထင်တယ်"

"အင်း ... သူ ကုမ္ပဏီမှာ ရောက်နေလို့"

"အဲဒါဆို တို့နဲ့မိတ်ဆက်ပေးလေ"

ဟင်း ... အဲဒါမှအခက် ရှင်မင်းနဲ့ ကိုလှျံက အခု အထိ ဘာမှမ မဟုတ်ကြသေးတာ။ ဘယ်လိုပြောပြီး မိတ်ဆက် ပေးရမှာလဲ။ ဇော်ဝဏ္ဏ ဆိုတာလည်း ဖွဲ့ခပ်ကြီးကြီးထဲကမို့ ဘာ ပတ်သက်မှုမှ မရှိတာ သိသွားလို့ကတော့ ခွာချလို့တောင် ရမည် မဟုတ်။

"ရပါတယ်၊ မိတ်ဆက်ပေးဆိုလည်း မိတ်ဆက်ပေးရတာ ပေါ့"





ရှင်မင်းတို့ ကော်ဖီဆိုင်မှန်တံခါးကို ဆွဲဖွင့်ပြီးထွက် လာကြသည်။ ကုမ္ပဏီရှေ့မှာ ထိုးရပ်ထားတဲ့ နက်ပြာရောင် Harrier ထဲကနေ သူ ရှင်မင်းတို့ကို လှမ်းတွေ့မည် ထင်ပါသည်။ ကားလမ်းကူးလာပြီး သူ့ကားနားရောက်တော့ သူက ကားတံခါး ဖွင့်ဆင်းလာသည်။

သူ့အကြည့်တို့က ဇော်ဝဏ္ဏဆီမှသာ စူးစူးစိုက်စိုက် ရှိနေ၏။

"မိတ်ဆက်ပေးရဦးမယ် ကိုလှျံ၊ သူက ဇော်ဝဏ္ဏနဲ့ ကျောင်း တုန်းက ရှင်မင်းရဲ့သူငယ်ချင်းပါ၊ ဝဏ္ဏ ... ဒါ ကိုလှျံတိုးဝေ တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

ရှင်မင်းစကားဆုံးတော့ ဇော်ဝဏ္ဏရဲ့စကားသံ ထွက် ပေါ်လာသည်။ ဒီလူ့ကို ရှင်မင်း ဘာကြောင့် ရွေးချယ်ခဲ့လဲ သူ ထူးပြီးအံ့ဩမနေတော့ပါ။ ဒီဘဲက ဘာမှပြောစရာမရှိအောင် ယောကျ်ားပီသ ချောမောသူတစ်ယောက် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ... ကိုယ်လည်း တွေ့ရတာ ဝမ်းသာပါတယ်၊ လမ်းတွေ့ရင်ခေါ်ပေါ့၊ ရှင်မင်းကို ခင်သလိုပဲ ကိုယ့်ကိုခင်နိုင်ပါတယ်"

ဒီလိုပဲ အဆင်ပြေပြေနဲ့ သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးနိုင်ခဲ့၍ ရှင်မင်း ရင်အေးရပါသည်။ စိတ်ထဲမှာ ကျိတ်ပြုံးမိတာ တစ်ခုတော့ရှိသည်။ ကိုလျှံကိုပေါ့။ သူက ရှင်မင်းရဲ့ ဘာလိုလိုစတိုင်လ်ကြီး ဖမ်းထားလို့လေ။

ဇော်ဝဏ္ဏ ပြန်သွားတော့ ကိုလျှံက ပြုံးစစမျက်နှာပေးနှင့် ရှင်မင်းကိုကြည့်ကာ ...

"ရှင်မင်းကို ဝန်းခြင်းပို့ပေးနေတာ ဒီကောင်, မဟုတ်လား"

"ဟင် ... ကိုလျှံ ဘယ်လိုသိ"

"သိသာနေတာပဲဟာ၊ နေပါဦး ... ရှင်မင်းက ဘာလို့ ကိုယ်ပို့တယ်လို့ ထင်မြင်ယူဆရတာလဲ ... ပြော"

"သိဘူးလေ၊ ဒီလိုပဲ ထင်လိုက်တာပေါ့၊ ရှင်မင်း အနားမှာ ရှိနေတဲ့သူက ကိုလျှံ တစ်ယောက်ပဲ ရှိနေတာကိုး"





"ဟား ဟား"

သူက ရှင်မင်းအဖြေကို သဘောကျဟန် ရယ်နေရင်းက ချစ်ရိပ်ခိုနေသော မျက်ဝန်းညိုတို့နှင့် ရှင်မင်း မျက်ဝန်းတွေထဲ ငုံကြည့်လာရင်း ...

"ဒီနေ့ တစ်ခုလောက် တောင်းဆိုချင်လို့ ရမလား ရှင်မင်း"

"ဘာလဲဟင်"

ဒီစကားလေးရဲ့အဆုံး "ဟင်"မှ တုန်ယင်မှုများစွာ ပါပြီး ခါနေသည်။ သူ့မရင်ထဲမှာ သူက အခုဆို နေရာတစ်ခုတော့ ရထားပြီးတာ သိပ်ကို သေချာတဲ့ ပြယုဂ်ပေါ့။

"ရှင်မင်းကို ... ကိုယ် ..."

အိုး ... ရှင်မင်း ရင်တွေခုန်ရတာ သေမတတ်။ ယောင်ယမ်းပြီးတောင် ရင်ဘတ်ကိုလက်နဲ့ဖိမိတော့မလို ဖြစ်သွားတာမို့ မနည်း လက်ကိုထိန်းချုပ်နေရပါသည်။

"ရှင်မင်းကို ကိုယ် ... ရှင်လေးလို့ ခေါ်လို့ရမလား"

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း တစ်ယောက် သက်ပြင်းရှည်ကြီးတစ်ခု မှုတ်ထုတ်မိလျက်သားလေ။ သူ ရှင်မင်းစိတ်ဆိုးမှာစိုးလို့ စကား လှည့်ပစ်လိုက်တာများလား။

"ရပါတယ်၊ ရှင်မင်းက ကိုလျှံထက် ငယ်တာပဲ"

"ဝမ်းသာပါတယ်၊ ကဲ ... ရှင်လေး ကားပေါ်တက်"

"ဟုတ်ကဲ့ပါ ရှင့်"

✤ ✧ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။





## ( ၁၉ )

Internet ဖွင့်ဖွင့်ချင်း ဝင်လာတဲ့ message ကြောင့် သူ့နှလုံးသွေးတွေ ရပ်မတတ်။ သူ့အမြင်အာရုံတွေက မှုန်ဝါးပြီး သူ့လက်တွေက တဆတ်ဆတ် တုန်လို့လာသည်။

"လျှံ ... ကျော် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံမှာအတွင်း လူနာအဖြစ် တင်ထားရတယ်၊ ဦးကလည်း ဒီသတင်းရရ ချင်း သွေးဆောင့်တက်သွားလို့ ဆေးရုံပေါ်မှာ"

သူ စာမေးပွဲရက်တွေမှာ အင်တာနက်မသုံး၊ ဖုန်း မသုံးဘဲ စာတွေဖိပြီး လုပ်နေမိပါသည်။ ဖုန်းကိုလည်း silent လုပ်ထားတဲ့အချိန်များသည်။ အိမ်က သူ့ကို ဘယ်နှကြိမ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နခါတောင် ဆက်သွယ်နေပြီလဲမသိ။ သူ စာမေးပွဲပြီးဖို့က နှစ်ရက်လိုနေသေးသည်။

မမျှော်လင့်တဲ့ အ,မင်္ဂလာသတင်းစကားမှာ သူ shock ဖြစ်နေလို့ စိတ်ငြိမ်အောင် တော်တော်ကြီး အချိန်ယူလိုက်ရပါသည်။

ပြီးမှ ပန်းသွေးဆီ ဖုန်းခေါ်လိုက်သည်။

"ဟယ်လို ... လျှံ"

"ပြောပါ ပန်း၊ ဘာတွေ ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"ပန်း ... ဖုန်းခေါ်တာ အကြိမ်ကြိမ်ရှိပြီ လျှံ၊ စာမေးပွဲရက်မို့ လျှံ အလုပ်ရှုပ်နေမှာ သိပါတယ်၊ ဒါပေမဲ့ ..."

"ပြောပါ ပန်း၊အခု မေမေရော ဘယ်လိုနေလဲ၊ ပြီးတော့ ကျော်နဲ့ ဖေဖေရဲ့ အခြေအနေကို အမှန်အတိုင်းပြောပါ"

"အန်တီကတော့ တငိုငို တရယ်ရယ်ပေါ့၊ ပန်တို့ အန်တီအနားမှာ ရှိနေကြတာမို့ လျှံ စိတ်မပူပါနဲ့၊ ကျော်ကတော့ အခြေအနေ သိပ်မကောင်းဘူး၊ ဦးကတော့ ..."

"ဖေဖေ ဘာဖြစ်လဲ ပန်း၊ ဟင် ... ဖေဖေ ဘာဖြစ်လဲ"





"အခုလေး ... အခုလေးပဲ သတင်းရတယ်၊ သူ ဦးနှောက်သွေးကြောတစ်ကြော ထပ်ပြတ်ပြီး ... ဆုံး ..."

"........."

"လျှံ ... လျှံရယ်၊ စိတ်ထိန်းပါ၊ စာမေးပွဲအောင် ဖြေပြီးမှ ပြန်လာခဲ့ပါတော့"

လျှံတိုးဝေ လက်ထဲက ဖုန်းလွတ်ကျသွားပါသည်။ လူတစ်ကိုယ်လုံးလည်း ဝမ်းနည်းကြေကွဲမှုကြောင့် နုံးချိပျော့ခွေကျသွားသည်။ ပျော်ရွှင်သာယာ အေးချမ်းသော၊ လူတကာက လေးစားအားကျရသော မိသားစုအသိုက်အမြုံလေးတစ်ခု ကံကြမ္မာလေပြင်းပြင်းအတိုက်မှာ ဝရုန်းသုန်းကားနှင့် ပြိုလဲရရှာပြီလေ။

အခုအချိန် မေမေဘယ်လောက်ခံစားရပြီး အားငယ်လိုက်ရှာမလဲ။ ကျော် ... သူရော အသက်ရှင်ပါ့မလား။ သူ မျက်ရည်များတန်မဲ့ ရှိုက်ကြီးတငင်ငင် အော်ဟစ်ငိုကြွေးမိပါသည်။ အခန်းဖော်သူငယ်ချင်းတွေက သူ့အနားရောက်လာပြီး အဖြစ်အပျက်ကို မေးသည်။ သူ တော်တော်နှင့် အဖြေပြန်မပေးမိပါ။ နောက်နှစ်ရက် ... နောက်နှစ်ရက်ကို သူ ဘယ်လိုကျော်ဖြတ်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်နေသေးတဲ့ စာမေးပွဲနှစ်ရက်ကို သူ အားတင်းပြီး ဖြေဆိုခဲ့ပါသည်။ အားရလောက်အောင် ဖြေဆိုနိုင်ခြင်းတော့မရှိ။ အခန်းဖော်တွေကတော့ သူ့ကို အစစအရာရာ အားပေးကူညီကြပါသည်။ စာမေးပွဲပြီးပြီးချင်းပဲ သူ မြန်မာပြည်ကို ပြန်လာခဲ့သည်။

ဖေဖေ့ပုံရိပ်တွေက သူ့ မျက်ဝန်းထဲမှာ တဝဲလည်လည်။ ကျော်ရဲ့တက်ကြွတဲ့စကားသံတွေကို သူအထပ်ထပ် ပြန်ကြားယောင်လို့ နေသည်။

"လျှံ … မင်း ပြန်လာရင် ငါ ကြားစရာတစ်ခု ရှိတယ်"

"အံမာ … မင်းက ငါ့ထက် ဘယ်နေရာမှာများ ပိုသာနေလို့ ကြားစရာရှိရတာလဲ"

"ဟား ဟား … ဟုတ်ပါတယ်၊ ငါက မင်းလောက်လည်း မချောဘူး၊ မင်းလိုလည်း ပညာမတော်ဘူး၊ ဒါပေမဲ့ မင်း ကောင်မလေး ပန်းထက်ချောတဲ့ ရည်းစားတော့ ရတော့မယ်ကွ၊ သဘောပေါက်"





"ရှူးပါကွာ၊ အထည်မှတ်လို့ နားထောင်နေတာ၊ အခုမှရ တော့မယ်ပဲ ရှိသေးတာလား"

"မင်း ပြန်ရောက်ရင် သူနဲ့ငါ ချစ်သူဖြစ်နေလောက်ပါပြီကွာ၊ သေချာတယ်၊ သူ့မျက်ဝန်းတွေရဲ့အကြည့်ကို ငါ အဓိပ္ပာယ်ဖွင့်လို့ ရတယ်၊ သူ့စကားသံထဲကနေလည်း အရိပ်ဖမ်းလို့ရတယ်

"ကောင်းပါလေ့ကွာ၊ မင်းဆီက ကောင်မလေးနဲ့ ပတ်သက်ပြီး တစ်ခါမှ မကြားစဖူး အကြားထူးကတည်းက သူ တော်တော်လှမယ်မှန်း ငါ တွက်လို့ရပါတယ်"

"အဟုတ်ပဲ … တော်ရုံတန်ရုံ အလှလောက်တော့ ငါ့နှလုံးသားက မတိုးဘူး"

"အေးပါ … အေးပါ … ဒါနဲ့ သူ့နာမည်က ဘယ်သူတဲ့လဲ"

"ရှင်မင်းညိုတဲ့ … သမိုင်းမေဂျာကကွင်းပေါ့၊ အင်း … တက္ကသိုလ်တစ်ခုလုံးရဲ့ကွင်းလို့တောင် ပြောလို့ရပါတယ်"

"ဟက် ဟက် … ကံကောင်းပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ရည်တစ်စ,ကို လက်ကိုင်ပဝါနဲ့ တို့ဖိသုတ်မိလိုက်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ သူ့ကို စောင့်ကြိုနေသူက ပန်းတစ်ယောက်တည်းသာ။ တကယ်ဆို သူ အပြန်ကို စောင့်ကြိုနေရမှာ သူ့ရဲ့အချစ်ဆုံးမိသားစုဝင် သုံးယောက် မဟုတ်လား။

မပီဝိုးတဝါး ပြုံးပြတဲ့ သူ့အပြုံးတွေကို ပန်းက နားလည်စာနာစွာဖြင့် ကရုဏာပြုံးဖြင့် တုံ့ပြန်ရှာသည်။ ပန်း မောင်းလာတဲ့ကားပေါ်မှာ သူရော ပန်းပါ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စကားမဆိုမိကြပါ။ အတန်ကြာ တိတ်ဆိတ်နေပြီးတော့မှ ပန်းက စကားစ,သည်။

"မနက်ဖြန် ဦး အသုဘအတွက် အားလုံးစီစဉ်လို့ပြီးပါပြီ လျှံ၊ လျှံ့အိမ်မှာ အမျိုးတွေလည်း စုံနေပါပြီ၊ အန်တီက တော့ သားစိတ်၊ ယောကျ်ားစိတ်ကြောင့် နည်းနည်းတော့"

"ကိုယ် နားလည်ပါတယ် ပန်း၊ ကျော်ရော ... သူဘယ့် နှယ်နေသေးလဲ၊ ကိုယ့်ကို အခု ဆေးရုံကို အရင်ပို့ပေးလို့ ရမလား"





ပန်းက သူ့ကို ခွန်းတုံ့မပြန်ဘဲ ငြိမ်နေသည်။ ဒါကို သူ ဘဝင်မကျ။ သူ့မ မောင်းနေတဲ့လမ်းကို အိမ်ကိုသာ ဦးတည်၍ နေပါသည်။

"ပန်း ... ကိုယ်ပြောနေတယ်လေ၊ ကိုယ် ကျော့်ကိုကြည့် ပါရစေ၊ ဆေးရုံသာ် အရင်မောင်းပေးပါ"

"ကျော် ... သူ ..."

"ကျော် ... သူ ဘာဖြစ်လဲ ပန်း၊ ဘာဖြစ်လဲ"

"သူ ... ညကပဲ ဆုံးသွားပါပြီ လျှံ"

ပန်းရဲ့ငိုသံအက်အက်နှင့် အပြောမှာ သူ အသံမထွက်နိုင်လောက်အောင် လည်ချောင်းဝမှာ နာကျင်ကြေကွဲမှုက တစ်ဆို့လို့ သွားသည်။ တင်းထားတဲ့ကြားက သူ့မျက်ဝန်းက မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ သူ့အတွေးထဲက သူ စာမေးပွဲ ပြီးလို့ အိမ်ပြန်ရင်ဆိုတဲ့ စိတ်ကူးယဉ်ပြကွက်ထဲမှာ ဒီပြကွက်တွေ လုံးဝမပါဝင်ခဲ့ပါ။

"ပန်း တကယ် စိတ်မကောင်းပါဘူး၊ လျှံ ပြန်လာတဲ့နေ့ မှာမှ သူ ဆုံးသွားခဲ့တာ၊ ဒီအချိန်မှာ တရားနဲ့ဖြေပါလို့ ပြောချင်ပေမယ့် လျှံ့နာကျင်မှုတွေကို ပန်း ကိုယ်ချင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်က လျှံ့ကိုကုစားပေးမှာပါ၊ လူ့ရယ်လို့ ဖြစ်လာရင် တစ်ချိန်မဟုတ် တစ်ချိန်တော့ သေဘေးနဲ့ တွေ့ရမှာပဲ မဟုတ်လား”

ပန်းက တတ်သလောက် မှတ်သလောက်နှင့် တရားချနေပါသော်လည်း လှိုင်တိုးဝေကတော့ ကျိတ်ကျိတ်ပြီးသာ ရှိုက်လို့နေပါသည်။ လင်သားနဲ့ သားတွေပေါ်မှာ သူမတူအောင် တာဝန်ကျေပြီး ချစ်တတ်လွန်းတဲ့မေမေ နှလုံးသွေးရပ်မသွားတာကိုပဲ ကျေးဇူးတင်ရမည်။

ဖွင့်ထားတဲ့ ခြံတံခါးကနေ ပေါ်တီကိုရှေ့ရောက်တော့ သူ ဘုန်ယင်နေတဲ့ ခြေလှမ်းတွေနဲ့ ကားဝင်ခါးဖွင့်ဆင်းလာသည်။ အိမ်ထဲက စကားပြောသံတွေက သူဝင်လာတာနှင့် မီးကိုရေနဲ့ငြိမ်းလိုက်သလို တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

“မေမေ”

အဒေါ်တစ်ယောက် ခွံ့ကျွေးနေသည့် ဘမင်းလုပ်ကို လက်ဖြင့်ပုတ်ထုတ်နေသည့် မေမေက သူ့လေသံတိုးတိုးကြောင့် လှည့်ကြည့်ပြီး မျက်လုံးတွေ အရောင်တောက်လို့လာကာ ...

“သားကြီး ... သားကြီး”





ဟု ဆိုပြီး သူ့ဆီ အပြေးရောက်လာသည်။ သူ မေမေ့ကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားလိုက်သည်။

“သားကြီး ... ကျော် ဘောလုံးသွားကန်တာ ပြန်မလာသေးဘူး၊ အဲဒါ လိုက်ခေါ်ပေးဦး၊ သားတို့အဖေလည်း ကျော့်ကို သွားခေါ်တာ ပြန်မလာသေးဘူး၊ သွားခေါ်ပေးနော် သားကြီး”

လှိုင်တိုးဝေ မျက်ရည်တွေက မေမေ့ရဲ့ပခုံးပေါ် စီးကျလို့သွားသည်။ ဒီမြင်ကွင်းက မြင်ရသူရင်ကို အတော်ထိခိုက်စေတာမို့ အားလုံး ကိုယ်စီရဲ့မျက်ဝန်းမှာ ဝမ်းနည်းကြေကွဲရိပ်တွေ ထင်လို့လာကာ တချို့က မျက်ဝန်းက မျက်ရည်တို့ပြိုလို့ဆောင်လာသည်။ မခံစားနိုင်တော့တာနှင့် အပြင်ဘက် ထွက်ရပ်ပြီး ကျိတ်ငိုတဲ့သူက ငိုလို့ပေါ့။

“အင်းပါ ... မေမေရယ်၊ သား သွားခေါ်ပေးပါ့မယ်နော်၊ မေမေ ထမင်းမစားဘူးလား၊ သား ခွံ့ကျွေးမယ်လေ၊ လာပါ မေမေရယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း … လေးယောက်ဆုံမှ အတူတူစားမယ်လေ၊ ငါ့သားကြီးတောင် ပြန်ရောက်လာပြီ၊ သူတို့က အခုအထိ ပေါ်ကိုပေါ်မလာကြသေးဘူး"

"အင်းပါ မေမေရယ်၊ အခု အဆာပြေလေး ရင်စားလိုက်ပါဦး"

မေမေ့ကို ချော့မော့ပြီး သူ ထမင်းပန်းကန်ကိုယူပြီး ခွံ့ကျွေးနေမိသည်။ ပန်းက သူ့အနားမှာ ကျုံ့ကျုံ့လာထိုင်သည်။ ပြီးတော့ သူ့လက်တစ်ဖက်ကို အားပေးဟန်နှင့် ခပ်တင်းတင်းလေး ဆုပ်ကိုင်လာသည်။ သူပန်းဘက်လှည့်ပြီး လျော့ရဲရဲပြုံးပြလိုက်သည်။ ဘယ်သူမဆို ပျော်ရွှင်စရာ အခြေအနေတွေကိုပဲ မျှော်လင့်ကြတာပါ။ ဝမ်းနည်းပူဆွေးစရာဆိုရင် ယောင်လို့တောင် စိတ်ကူး အိပ်မက်ထဲ ထည့်တတ်ကြတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အကောင်း အဆိုး ဒွန်တွဲနေတဲ့ လောကကြီးမှာ မကြုံချင်ပေမယ့်လည်း ကြုံရ ဆုံရတာ မမွှတာပဲလေ။ လှည့်ရှောင်လို့မရနိုင်တဲ့အတွက် အကောင်းဆုံး ကြိုးစားပြီးတော့ပဲ ရင်ဆိုင်ဖြေရှင်းရမှာပါပဲ။

✤ ✧ ✤





( ၂၀ )

ကျော်ဘုန်းသက် တစ်ယောက် ကားအက်ဆီးဒင့် ဖြစ်သွားသည်ဆိုသည့်သတင်း ကျောင်းမှာပျံ့နှံ့သွားတာနှင့် တစ်ပြိုင်နက်တည်း ရှင်မင်းညို့ရဲ့အခန်းရှေ့မှာ ကျော်ဘက်သက်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေ စုပြုံရောက်ရှိလာပြီး မကျေနပ်ချက်တွေကို တစ်ယောက်တစ်ပေါက် ပြောဆိုလာကြတာမို့ ရှင်မင်းညို့ မျက်နှာမမော့ရဲလောက်အောင် အရှက်ရခဲ့ပါသည်။ လူတကာရဲ့ မုန်းတီးတဲ့အကြည့်တွေ၊ ရွံရှာတဲ့အပြုအမူတွေကြားမှာ ရှင်မင်းညို့ မရပ်တည်နိုင်ရဲလောက်အောင် သတ္တိမဲ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှမ်းခင်ပါသည်ဆိုသည့် နွယ်နဲ့ သွယ်သွယ်တောင် ရှင်မင်းညိုကို စကားမပြောချင်ကြတဲ့ပုံမျိုး။ အခန်းရှေ့မှာ အုတ်အော်သောင်းနင်းတွေ ဖြစ်လာတာမို့ ဆရာ၊ ဆရာမတွေက မနည်းထိန်းခဲ့ရသည်။ ဒီလောက်အထိ ဖြစ်သွားမယ်လို့ ရှင်မင်းညို မထင်မှတ်ထားခဲ့မိပါ။ သူ့ကို အသည်းကွဲရုံသက်သက်ပဲ ပညာပြဖို့ ကြိုးပမ်းမိတာလေ။

"ငါ သူ့ကို သွားတွေ့ချင်တယ်၊ ငါနဲ့ အဖော်လိုက်ပေးပါ"

"နေပါစေ ထားလိုက်ပါ ရှင်မင်း၊ သူ့ အခြေအနေလုံးဝ မကောင်းဘူးလို့ သတင်းကြားတယ်၊ နင်သွားရင် သူ အသေဖြောင့်မှာ မဟုတ်ဘူး"

"ဟုတ်တယ် ရှင်မင်း၊ သူ့ဘာသူ ကားအက်ဆီးဒင့်ဖြစ်တာ နင်နဲ့မဆိုင်ဘူးလို့သဘောထားလို့ ရကောင်းရပေမယ့် နင် သူ့ကိုသွားတွေ့ဖို့ လိပ်ပြာလုံရဲ့လား ရှင်မင်းညို"

"ငါ ... ငါ"

ရှင်မင်းမှာ တုံ့ပြန်စကားဆိုလို့ တစ်လုံးမှမရှိခဲ့။ လှုတာကာရဲ့ လက်ညှိုးတွေနဲ့ အကြည့်စိမ်းတွေအောက်မှာ သိမ်





ငယ်ရှက်စွံ့ဖွာနဲ့ပဲ ငိုရှိုက်နေမိသည်။ ဖုန်းကိုလည်း ပိတ်ထားရပါသည်။

ဖုန်းဆက်ပြီး ရှင်မင်းညိုကို ပိုးစိုးပက်စက်ပြောကြတဲ့သူတွေရဲ့ ဖုန်းကောတွေကို နားခံနိုင်စွမ်း မရှိတော့၍ပါ။

"ရှင်မင်း ကျောင်းမတက်တော့ဘူး"

ထမင်းစားပွဲမှာ တိုးတိမ်တိမ် ပြောလာတဲ့ ရှင်မင်းစကားကြောင့် မိသားစုဝင်တွေ အံ့သြကုန်ကြပါသည်။ ဒီရက်ထဲ ရှင်မင်းညို မျက်နှာမလန်းတာလည်း အားလုံး သတိထားမိကြတာမို့ ထိတ်ထိတ်ပျာပျာတွေ ဖြစ်ကုန်ကြသည်။

"ဘာဖြစ်လို့လဲ ရှင်မင်း"

ရှင်မင်း ခေါင်းကို တွင်တွင်ခါရင်း မျက်ရည်တွေ တွေကျနေသည်။ ပါးစပ်ကတော့ ဘာစကားတစ်လုံးမှ မထွက်ခဲ့။ ရုတ်တရက် အိမ်ရှေ့က ဆူညံညံစကားသံတွေကြောင့် အားလုံး ခေါင်းထောင်ပြီး နားစွင့်နေမိကြသည်။

"ရှင်မင်းညို ... ကဝေမ ... နင့်ကြောင့် ငါတို့သူငယ်ချင်း သေပြီ"

www.burmeseclassic.com



"ငါတို့ သူငယ်ချင်းသေသလို နင်လည်း အသေဆိုးနဲ့သေပါစေ"

"ရုပ်လေးဇန်းပြပြီး ယောက်ျားတွေကို မြှူဆွယ်ပြီး အသည်းခွဲတဲ့ မိန်းမ နင်လည်း တစ်နေ့ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရပါစေ"

ဒေါသမာန်ပါနေသော အသံဟိန်းဟိန်းတို့ကို ပီပီသသ ကြားစဉ်ခဏ အားလုံးရဲ့အကြည့်က ရှင်မင်းဆီမှာ စုပြုံရောက်ရှိလို့လာသည်။

"သူ ဒီလိုဖြစ်မယ်မှန်း မသိလို့ ရှင်မင်း ... ရှင်မင်း ..."

"တော် ... တော် ... နင် ဆက်မပြောနဲ့တော့။ ငါသဘောပေါက်ပြီ၊ ဟင် ... ကောင်းကြသေးရဲ့လား၊ အိမ်ရှေ့မှာ ဒီလိုလာအအော်ခံရတာ ငါ ရှက်တယ် ရှင်မင်းညို၊ ငါ ညိုပ်ရှက်တယ်"

ဒက်ဒီရဲ့ဒေါသတကြီးစကားသံ၊ မာမီရဲ့ဆူပူကြိမ်းမောင်းသံ၊ မမငွေနှင်းရဲ့ အပြစ်တင်တဲ့ အသံတွေကြားမှာ ရှင်မင်း





ချက်နှာကို လက်နှစ်ဖက်ထဲ မှောက်ချပြီး ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ အခုအချိန်မှာ ရှင်မင်း ရင်ထဲ နောင်တ,တရားတို့နှင့် အတိလွှမ်းနေသလို သူ့ကို သနားစိတ်ကြောင့် နင့်နင့်နဲနဲ ခံစားနေရသည်။

ခဏနေတော့ မမငွေနှင်းနဲ့ ဒက်ဒီတို့ အိမ်ရှေ့ထွက်ပြီး အိမ်ရှေ့ရောက်လာတဲ့ အုပ်စုကို ပြေရာပြေကြောင်း ပြောနေတဲ့ စကားသံတွေ ကြားနေရသည်။ ရှင်မင်းကတော့ ငိုရှိုက်၍ ကောင်းနေဆဲ။

ထိုနေ့မှစ၍ ရှင်မင်းညို ဆိုသည့် အလှပဂေး ကျောင်းတော်မဟာကနေ ကွယ်ပျောက်သွားခဲ့ပါသည်။ နာမည်ကြီးဘောလုံးသမား ကျော်ဘုန်းသက်နဲ့ သမိုင်းမေဂျာကွင်း ရှင်မင်းညိုတို့ရဲ့ အကြောင်းကတော့ ကျောင်းရာဇဝင်မှာ တင်ကျန်ခဲ့သည်။ ဒီရာဇဝင်ကို နားထောင်ပြီးသူတိုင်း ကျော်ဘုန်းသက် အတွက် စုတ်သပ်ကြပြီး ရှင်မင်းညိုကိုတော့ စက်ဆုပ်မုန်းတီးကြသည်ချည်း။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းညိုဆိုတဲ့ ကောင်မလေးတစ်ယောက် အမြင်မှန်တွေရပြီး ဖျက်လုပ်လိုက်တဲ့ အရုပ်လေးတစ်ရုပ်လို ပြောင်းလဲသွားခဲ့တာကိုတော့ ဘယ်သူမှ မသိသလို အသိအမှတ်လည်းမပြုကြတော့ပါ။ ရာဇဝင်တစ်ခုက တွင်ပြီးသွားပြီဆိုရင် ပြောင်းလဲဖျောက်ဖျက်ဖို့က အခက်သားမဟုတ်လား။

"ဟော့ ... ကောင်မလေး၊ ကိုယ်မေးတဲ့မေးခွန်း မင်းအတွက်အနှေဖြေမျှားခက်နေလို့လား၊ ခက်နေရင်တော့ မဖြေနဲ့လေ"

သူ့ရဲ့အမေးစကား တစ်ခွန်းကြောင့် အတိတ်ကမ္ဘာဆီ လွင့်ပြေးသွားတဲ့ ရှင်မင်းရဲ့စိတ်အစဉ်ကို သူက သိလေဟန်နှင့်ဆိုသည်။ သူမေးတဲ့ မေးခွန်းက ရှင်မင်းမှာ နာကျင်စရာအတိတ်ဆိုးမျိုး ရှိခဲ့ဖူးသလားတဲ့လေ။

"ဟင်းဟင်း ... မဟုတ်ပါဘူး၊ ရှင်မင်း စဉ်းစားနေတာပါ၊ ကိုလျှံ မေးခွန်းက တစ်မျိုးများ ဖြစ်နေသလားလို့"

သူက မျက်ခုံးနှစ်ဖက် မြင့်တက်ပြီး ရှင်မင်းစကားကို အံ့ဩဟန်နှင့် ...





"ဘာလို့"

"ချစ်သူရှိခဲ့ဖူးလား၊ ဘာလားလို့ပဲ တချို့က မေးတတ်တယ်လေ၊ နာကျင်စရာ အတိတ်ဆိုးမျိုးဆိုတော့ ..."

"သြော် ... ဒါလား၊ ကိုယ်က ရှင်လေးနဲ့ပိုပြီး ခင်မင်ရင်းနှီးချင်တဲ့ သဘောမျိုးနဲ့မေးတာပါ၊ ချစ်သူရှိခဲ့ဖူးလား မေးခွန်းကတော့ ရိုးလွန်းသလားလို့"

"အင်း ... skeleton in the cupboard ဆိုတဲ့ စကားကိုတော့ ကိုလျှံ ကြားဖူးမှာပေါ့၊ လူတိုင်းကိုယ်စီမှာတော့ ရှိကြတာချည်းပါပဲ"

"ဒါဆို ရှင်လေးမှာလည်း ရှိတယ်ပေါ့"

"ဒါပေါ့ ... ကိုလျှံလိုပဲ ပြောမိရင် ငိုမိမှာစိုးလို့၊ ကိုလျှံရဲ့ နာကျင်စရာအတိတ်ကို ပြောပြတဲ့နေ့မှာ ရှင်မင်းလည်း နာကျင်စရာအတိတ်ကို ပြောမယ်လေ"

"ဟက် ဟက်"

ရယ်မောလိုက်တဲ့ သူ့မျက်နှာ ချိုမြသွားပေမယ့် ရှင်မင်းကို မရယ်ခင်ကြည့်လိုက်တဲ့ သူ့အကြည့်ထဲမှာ ထူးခြားမှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပျော်ဝင်နေတာ ရှင်မင်းရင်မှာ အလိုလိုသိနေသည်။ အဲဒါ ဘာကြောင့်များပါလိမ့်။

"Ok လေ၊ တစ်နေ့ ... တစ်နေ့တော့ ကိုယ်တို့အတိတ်တွေ ဖလှယ်မိကြမှာပါ"





## (၂၀)

"သူနဲ့ ကောင်မလေးတစ်ယောက်ကို သုံးလေးခါလောက်တွဲပြီး မြင်ခဲ့ဖူးတယ်၊ ကောင်မလေးက အရမ်းချောပြီး အရမ်းလှတယ်၊ sky blue tour company မှာ ရာထူးကြီးကြီးထဲကထင်တယ်၊ သူတို့ချင်း တော်တော်ရင်းနှီးပုံရတယ်"

နောက်ဆုံးစကားကို ချင့်ချင့်ချိန်ချိန် ပြောလိုက်တဲ့ ကိုတင်အောင့်စကားကြောင့် ပန်းသွေး မဲ့ပြုံးလေး ပြုံးမိပါသည်။ ဒီစကားက တကယ်ကိုပဲ ပန်းသွေး နှလုံးသားကို စပ်ဖျဉ်းဖျဉ်းဖြစ်စေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ကိုတင်အောင်၊ ဒီလောက်ဆို ရပါပြီ၊ ဆက်စုံစမ်းဖို့ မလိုအပ်တော့ပါဘူး"

"ဟုတ်ကဲ့"

ကိုတင်အောင် ပြန်သွားတော့ ပန်းသွေး အတွေးတွေက ပျံ့လွင့်နေသည်။ အခု ပန်းသွေး စုံစမ်းရမှာက အဲဒီတစ်ယောက်က ကျော်နဲ့ ပတ်သက်မှု ရှိထားသည့် မိန်းကလေးလားဆိုတာ။ အကယ်၍များ အဲဒီတစ်ယောက်က ကျော်နဲ့ ဘာအကန့်မှ မရှိခဲ့ဘူးဆိုရင် သူ တကယ်ပဲ ပန်းသွေးကို ရိုးသွားလို့ ထားခဲ့တာပဲပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် သူ ကျော်နဲ့ပတ်သက်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သိပ်ချော သိပ်လှနေသည့်အတွက် ပန်း စိတ်မချနိုင်အောင် ဖြစ်ရပါသည်။ အခုလောလောဆယ် လျှို့အနားမှာရှိနေတဲ့ သူက ပန်းမဟုတ်တဲ့ တခြားတစ်ယောက်လေ။ သူ ဘယ်လိုပဲ ပြန်လာခဲ့မယ်ပြောပြော ပန်း ဘယ်လိုလုပ် စိတ်ချယုံကြည်ရမှာတဲ့လဲ။





"အခု အဲဒီမိန်းမ ကျောင်းတောင် မတက်နိုင်တော့ဘူးအစ်ကို၊ ကျွန်တော်တို့ သူ့အိမ်ရှေ့မှာသွားပြီး ပွဲကြမ်းပေးခဲ့တယ်။ အဲဒီနေ့က သူသာ ကျော်ဘုန်းသက်ကို လူပုံအလယ်မှာ မချိုးခဲ့ဘူးဆိုရင် ဒါမျိုး ဖြစ်စရာအကြောင်းကို မရှိဘူး"

ကျော်ရဲ့ရှာပနမှာ ကျော့်သူငယ်ချင်းတစ်ယောက် လျှို့ကိုပြောနေတဲ့စကားတွေ ပန်းသွေးနားထဲ ပြန်လို့ကြားယောင်နေပါသည်။ မေးကြောတွေ ထောင်ထနေအောင် အံတင်းတင်းကြိတ်ပြီး မျက်ဝန်းများ နီရဲစွတ်စိုနေတဲ့ လျှို့ရဲ့ပုံရိပ်ကိုလည်း ပန်းသွေး မြင်ယောင်မိနေပါသည်။

Sky Blue Tour Company က နာမည်ကြီးမို့ ပန်းသွေး ကြားဖူးထားပါသည်။ အခု သူမနောက် ပန်းသွေး နောက်ယောင်ခံ လိုက်ဖို့ပဲ ရှိတော့သည်။ မကြာခင်မှာ လျှို့ရဲ့ သို့ဝှက်ချက်ကို သိရတော့မှာမို့ ပန်းသွေး စိတ်တွေလှုပ်ရှားလို့ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့ သူက အဲဒီကောင်မလေးကို ကျော့်အတွက် ကလဲ့စားချေဖို့အတွက်ပါဆို ပန်းသွေး ဘာလုပ်သင့်လဲ။ အကယ်၍ သူက အဲဒီကောင်မလေးပေါ် စိတ်ရောက်သွားလို့ ပန်းသွေးကို ရမယ်ရှာ ဖြတ်ခဲ့တာဆိုရင်ရော။ ဟင့်အင်း ... သူက ဒီလိုလူစားမျိုး မဟုတ်ပါဘူး။ ပန်းသွေး တစ်ယောက် ဘယ်ဘက်က လှည့်တွေးတွေး စိတ်မသက်မသာစရာမို့ သက်ပြင်းကို အကြိမ်ကြိမ် ချနေမိသည်။

"ဆွေဆွေရေ... မမ ဒီနေ့ သွားစရာလေးတစ်ခုရှိလို့ စောပြန်နှင့်မယ်၊ ပြန်ရင် မီးတွေသတိထားပြီး ပိတ်နော်"

"ဟုတ်ကဲ့ မမ"

ပန်းသွေး ကသုတ်ကရက်နှင့် ဆိုင်ခန်းထဲကအထွက် ကလေးတစ်ယောက်နှင့် ဝင်တိုးမိပြီး ကလေးလက်ထဲက ရေခဲမုန့်က ပန်းသွေးထမီစကတ်ကို စွန်းထင်းသွားတော့သည်။

"အို ... သမီးလေး ဘာဖြစ်သွားလဲ"

"ဟင် ... အစ်မထဘီစကွတ်တော့ ပေကုန်ပါပြီ"





ပန်းသွေး၏ ကလေးကို စိုးရိမ်တကြီး မေးနေချိန်မှာ ကလေးလက်တစ်ဖက်ကို ဆွဲထားတဲ့ အမျိုးသမီးငယ်ကတော့ ပန်းသွေးကိုကြည့်ပြီး အားတုံ့အားနာ ဆိုရှာသည်။

"ရပါတယ် ... ဘာမှမဖြစ်ပါဘူး"

စလင်းဘက်ထဲက တစ်ရှူးကိုထုတ်ပြီး ပန်းသွေးက ထဘီစကတ်ကိုသုတ်ရင်း မော့အကြည့် ချောမောလှပလွန်းတဲ့ အဲဒီကောင်မလေးရဲ့ မျက်နှာလေးကို မြင်တယ်ဆိုရင်ပဲ မှင်သက်ငေးမောသွားမိသည်။ ဖျတ်ခနဲ ပြုံးပြလို့ ပေါ်သွားတဲ့ ပါးချိုင့်နှစ်ဖက်က သူမအလှကိုပိုပြီး အားဖြည့်ထားတာမို့ ပန်းသွေးနေရာမှာ ယောကျ်ားလေးတစ်ယောက်ဆိုရင် စက္ကန့်ပိုင်းလေးအတွင်းမှာတင် ဒီအပြုံးနဲ့ ကြွေလောက်သည်။

"လာ ... ပီတီ"

ကလေးမလေးကို လက်ဆွဲပြီး သူမဆိုင်ထဲ ဝင်သွားသည့် ကောင်မလေးရဲ့နောက်ကျောအလှကို တစ်ချက်ကြည့် မျက်လုံးလွှဲပြီး ပန်းသွေးကားပါကင်ဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။ အခု ပန်းသွေး မောင်းနှင်သွားနေမိတာက Sky Blue Tour & Travel company ဆီကို။



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီရှေ့ ကားစါကင်မှာ ပန်းသွေး ကားထိုးရပ်လိုက်သည်။ ကဲ ... ရောက်ပြီ။ ပန်းသွေး ဘာလုပ်ရမှာလဲ။ ဒီတော့မှ ပန်းသွေးက အကြံအစည်ဗလာနဲ့ အရူးတစ်ယောက်လို သွေးရူးသွေးတန်း၊ ကယောင်ချောက်ချား ဖြစ်နေမှန်း သတိပြုမိလိုက်သည်။ ပန်းသွေးနီ ပင့်သက်ရှိုက်ပြီး ကားကူရှင်မှာ ခေါင်းမှီထိုင်နေမိသည်။ ပန်းသွေး ဒီမိန်းမအကြောင်း စုံစမ်းဖို့ တော်တော်ကြိုးစားရမည်ထင်သည်။ နာမည်တောင် မသိတဲ့ အဖြစ်လေ။

ငိုင်နေမိတာ ဘယ်လောက် ကြာသွားမှန်းမသိ။ ပန်းသွေးကားအနား အဖြူရောင် Pajero ကားလေး ဆိုက်ရောက်ထိုးရပ်လာတော့မှ သတိဝင်လာပြီး ကားစက်နှိုးပြီး နောက်ပြန်လှည့်ဖို့ စိတ်ကူးမိသည်။

Pajero ကားပေါ်က ဆင်းလာတဲ့ ကောင်မလေးကို တွေ့တော့ ပန်းသွေး တုံ့ခနဲ ဖြစ်သွားသည်။ သူ ... Shoppig Centre မှာ တွေ့ခဲ့တဲ့ ကောင်မလေးပဲ။ ကလေးမလေးလက်ကို ဆွဲပြီး သူ ဦးတည်သွားနေတာ Sky Blue company ဆီကိုပါ။

"ညီမ ... ညီမ"





နောက်က ခေါ်သံကြောင့် ရှင်မင်းညို ငဲ့စောင်းကြည့်လိုက်တော့ Junction မှာတွေ့ခဲ့သည့် အမျိုးသမီးမှန်း ချက်ချင်းမှတ်မိလိုက်သည်။ ဖြူဖြူသွယ်သွယ် ပိန်ပိန်ပါးပါးနှင့် မျက်နှာအေးလေး။ လှသည်။ ချောသည် ဆိုသည်ထက် ယဉ်သည်ဟုဆိုရမလား။

"ဪ ... အစ်မပါလား"

"အင်း ... ညီမက ဒီကုမ္ပဏီကလား"

"ဟုတ်ပါတယ်၊ အစ်မ ဘာကိစ္စရှိလို့လဲ မသိဘူး"

"ခရီးစဉ်လေးတွေ စုံစမ်းချင်လို့၊ နိုဝင်ဘာလထဲမှာ ဘာခရီးစဉ်များ ရှိမလဲလို့"

"ဪ ... ခရီးစဉ်တွေကတော့ ရှိတယ် အစ်မ၊ လာ ... ရှင်မင်း အခန်းထဲ လိုက်ခဲ့ပါ၊ Plan flat တွေပါ ပေးမယ်"

"ရှင်မင်း" လို့ ကိုယ့်ကိုယ်ကိုယ် နာမ်စားသုံးသွားသည်မို့ သူ့နာမည်က ရှင်မင်း ရှေ့ဆက် ဒါမှမဟုတ် နောက်ဆက်ပဲ ဖြစ်ရမည်။

"ပီတီ ... သွား ဘိုးဘိုးအခန်းထဲကို၊ ဒီမှာ တီလေး အန်တီနဲ့ စကားပြောလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ကလေးမလေးက သူတို့အနားကနေ ပြေးထွက်သွားသည်။

"ချစ်စရာလေးနော်"

"အဟင်း ... တူမလေးလေ"

ရှင်မင်းက အံဆွဲထဲက cathlouge ကိုထုတ်ပြီး အထဲက Plam flat တွေကို ပန်းသွေးနီကို လက်ကမ်းပေးရင်း ခရီးစဉ်တွေနဲ့ ဝန်ဆောင်မှုတွေကို ရှင်းပြ၊ ပြောပြနေသည်။

"ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရဦးမယ်၊ အစ်မက ရှင်မင်းတို့ ဝင်သွားတဲ့ Purple Fashion Shop ပိုင်ရှင် ပန်းသွေးနီပါ"

"ဪ ... ဟုတ်လား၊ နောက်လာဖြစ်ရင်လည်း ဝင်အားပေးမယ်နော်။ ရှင်မင်းကတော့ ရှင်မင်းညိုပါ၊ ဒီ company မှာ tour plan instructor လို့ ခေါ်မလား၊ Manager လို့ ခေါ်မလား၊ ဒါရိုက်တာလို့ပဲ ခေါ်မလားပဲပေါ့နော် ... ဟင်း ... ဟင်း"





"ဟင်း ဟင်း"

ပန်းသွေးက ရှင်မင်းညိုနဲ့ အတူရောယောင် နေလိုက်သည်။ အနေအထား ကြည့်လိုက်တာနဲ့ ဒီကလေးမက company ပိုင်ရှင်ရဲ့ သမီးတော်မှန်း သဘောပေါက်လိုက်ပါသည်။ လှ ... ပန်းသွေးထက် အစစအရာရာသာတဲ့ ဒီကောင်မလေးပေါ်မှာ တကယ်ချစ်စိတ်ဝင်သွားတာများလား။ ပြုံးရယ်နေရင်းက ပန်းသွေး မျက်ဝန်းမှာ မျက်ရည်ဝိုင်းလာသည်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



# ၄ ။ ၆

ဒီနေ့ ဒင်နာကျွေးဖို့ဖိတ်သည့် သူ့မျက်နှာပြင် သွင်ပြင် အမူအရာက ခါတိုင်းထက်ပိုပြီး နူးညံ့သိမ်မွေ့နေပြီး သူ့မျက်ဝန်းနဲ့ နှုတ်ခမ်းတစ်စုံမှာ တစ်စုံတစ်ရာ ပျော်ဝင်နေသလို ရှင်မင်း ခံစားနေရပါသည်။ ရေညှိစိမ်းရောင် စပို့ရှပ် body fit က သူ့ရဲ့ အပိုအလိုမရှိ ကျစ်လျစ်တဲ့ အပေါ်ပိုင်းခန္ဓာကိုယ်ပေါ်မှာ smart တကျရှိနေပြီး ခပ်တိုတို ခပ်ပါးပါး ညှပ်ထားတဲ့ ဆံပင်နဲ့ မုတ်ဆိတ်ပါးမြိုင်းမွေးတွေ ရိတ်သင်ထားတဲ့ သူ့မျက်နှာက ရှင်းသန့်ချောမွေ့လို့နေသည်။





ထုံးစံအတိုင်း menu ကို ရှင်မင်းဘက် တိုးပေးရင်း ရှင်မင်း ကြိုက်တာ မှာစေသည်။ ရှင်မင်း မှာတာတွေပဲ သူစားတတ်တာ ထုံးစံတစ်ခုလို။ တကယ်ဆို လူတစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်းတော့ ဘယ်မှာလာတူနိုင်ပါ့မလဲနော်။

waiter ကို ရှင်မင်းက စားစရာ သောက်စရာတွေ မှာကြားပြီး သူ့ဘက်လှည့်တော့ သူက ရှင်မင်းကို ရှန်းရှန်းစားစား ပြုံးလို့ကြည့်သည်။ ဒီအကြည့်တွေက ဟိုအရင်ရက်က အကြည့်တွေထက် ပို့အားများလွန်းတာမို့ ရှင်မင်းတောင် မခံနိုင်ဘဲ မျက်လွှာချလိုက်မိပါသည်။ မိန်းကလေးတစ်ယောက်၏ မွေးရာပါ အသိတရားတစ်ခုက ရှင်မင်းကို တိုးတိုးလေး အသိပေးနေပါသည်။ သူ ဒီနေ့ ရှင်မင်းကို propose လုပ်တော့ပါမည်တဲ့။

သူက မပြောမဆိုနဲ့ ရှင်မင်းရဲ့ဖော့ဖယောင်းလို ပျော့ပျောင်းသော လက်ကလေးတစ်ဖက်ကို အုပ်မိုးလို့ ဆုပ်ကိုင်လာသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မသိမသာလေး ရှင်မင်း သူ့လက်ဖဝါးထဲမှ ရှင်မင်းလက်ကလေးကို ရုန်းမိပါသည်။ သူ့ရဲ့သန်မာတဲ့ လက်ကတော့ ရှင်မင်း လက်ကလေးကို လွတ်မြောက်ခွင့် မပေးခဲ့။ သူ့လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး နက်ပြာရောင်ကတ္တီပါဘူးလေးကို ထုတ်ယူလာသည်။

အခု သူ ဘာလုပ်တော့မည်ကို ရိပ်စားမိတဲ့ ရှင်မင်းတစ်ယောက်တော့ ရင်တွေခုန်နေပါသည်။ ဒီတစ်ခါတော့ လွတ်လွတ်လပ်လပ်ခုန်ခွင့် ပေးလိုက်မိသည်။ သူ ရှင်မင်းကို တကယ် propose လုပ်တော့မှာပဲလေ။ မသိစိတ်က လိုလားစွာ တောင့်တခဲ့တဲ့ သူ့ရဲ့အချစ်ကို ရှင်မင်း တကယ်ပိုင်ဆိုင်ရတော့မယ်ဆိုတဲ့အခါ ဖြစ်ပေါ်လာတဲ့ ပီတိလေး ဘာနဲ့မှမတူပါလားကွယ်။

ရှင်မင်းရဲ့ လက်သူကြွယ်မှာ စွပ်ထားတဲ့ ပတ္တမြားလက်စွပ်ကို သူ ချွတ်ပြီး ရှင်မင်းကို ကမ်းပေးတာမို့ ရှင်မင်းလည်း ရှက်ရဲရဲရုပ်နှင့် လှမ်းယူလိုက်မိသည်။ ဘယ်လိုလှုကြီးပါလဲ။ ဖွတ်ကြီးပါလားနော်။





နက်ပြာရောင်ကတ္တီပါဘူးထဲက လက်စွပ်ကို ရှင်မင်းစိတ်ဝင်တစားနဲ့ မျှော်ကြည့်မိပါသည်။ ပလက်တီနမ်မှုတ်ထားတဲ့ စိန်လက်စွပ်လေးတစ်ကွင်းပါ။ ရှည်သွယ်နုပျောင်းသော ရှင်မင်းလက်သူကြွယ်မှာ သူက ပန်းရစွာနှင့် တင့်တယ်လှပနေသည်။ ချောင်ခြင်း၊ ကျပ်ခြင်း အလျဉ်းမရှိဘဲ ကွက်တိဝင်နေတာမို့ သူ့ကို စိတ်ထဲကကျိတ်ပြီး ရှင်မင်း ချီးကျူးမိပါသည်။

"ရှင်လေးကို သိပ်ချစ်တယ်၊ ဒီလက်စွပ်လေးနဲ့ ဦးစွာပဏာမချစ်ခွင့်တောင်းပါရစေနော်"

ရင်ခုန်သံလှိုင်းတံပိုးတို့က ဒီရေအလားတိုးလို့ ရှင်မင်းခေါင်းကိုသာ ငုံ့ထားမိပါသည်။ လူက အာစေးမိထားသလို ပြောစရာစကား ရှာမတွေ့သလို ဘာတစ်လုံးမှလဲ ပြောလို့မထွက်။ သူ့ရဲ့ချစ်ရည်လူးထားတဲ့ စကားချိုမြမြထဲမှာ ရှင်မင်း ရှိန်းပြလိုက်ဖိုစွာ သာယာနေမိသည်။

"ရှင်လေး"

"ခို"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ခပ်တိုးတိုးခေါ်သံက ရှင်မင်းနားမှာ "ရှင်လေး" အစား "ရှဥ်လေး"လို့ ကြားမိတာကို မထိန်းနိုင်ဘဲ အသံထွက် ရယ်မိသည်။ waiter တစ်ယောက် ဝင်လာတာတွေ့တော့ သူ မလွှတ်ချင် လွှတ်ချင်နဲ့ ရှင်မင်းလက်ကို လွှတ်ပေးရာသည်။

ဒီတော့မှ ရှင်မင်းလည်း အသက်ဝဝရှူနိုင်တော့သည်။ သူ လက်ကိုင်ထားတဲ့ တစ်ချိန်လုံး လူမှာ ကတုန်ကယင်တွေ ဖြစ်နေရတာ မဟုတ်လား။

"ဟော့ကောင်မလေး ... စောစောက ဘာလို့ ရယ်တာလဲ ကိုယ့်ကိုပြော"

waiter ထွက်သွားတာနဲ့ သူက ရှင်မင်းဘက်လှည့် ပြီး အားမလို အားမရဟန်နှင့် မေးသည်။ ရှင်မင်းက တူတစ်စုံကို ယူပြီး ကိုက်လန်ကြော်ကို ညှပ်ယူဆွဲစားရင်းက ပြုံးတုံ့တုံ့လေး လုပ်နေသည်။

"ရှင်လေး"

"ခွ"





ရှင်မင်း တူကိုအသာချပြီး ပါးစပ်လက်နှင့်အုပ် ရယ်မိပြန်သည်။ ဒီနေ့ တစ်နေ့လုံး သူ့အခေါ်အဝေါ်ကို ရှင်မင်း နားထဲ ကြားနေတာ "ရှဥ်လေး"လို့သာ။

"တွေ့လား ... ရယ်ပြန်ပြီကွာ၊ ရှင်လေး ကိုယ့်ကို ပြက် ရယ်ပြုနေတာလား၊ ကိုယ်က ရှင်လေးအတွက် ရယ်စရာ ဖြစ်နေပြီလား"

မှုန်ကုပ်ကုပ်ရုပ်နှင့် သူဆိုတော့ ရှင်မင်းမျက်နှာပိုး ပြန်သတ်လိုက်ကာ ...

"ဟုတ်ပါဘူး၊ ကိုလျှံ ဒီနေ့ ရှင်မင်းကိုခေါ်တာ ရှင်မင်းနား ထဲမှာ ရှည့်လေးလို့ပဲ ကြားနေရလို့ပါ"

"ရှဥ်လေးလို့ပဲ ခေါ်နေတာလေ"

"ဟာမ်"

"ဟုတ်တယ်လေ၊ ဒီနေ့ ရှင်လေးက ဆံပင်တွေကို အပေါ် စုစည်းထားတာ ရှဥ်မြီးလေးလိုပဲ ချစ်ဖို့ကောင်းလို့"

"ဟင့် ... အပိုတွေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှင်မင်း လက်ကလေးတစ်ဖက်ကို ထွေးဆုပ်လာပြန်သည်။ အိုး ... ဒီနေ့တော့ဖြင့် ရှင်မင်းညို့ရဲ့နှလုံးသားစက်ရုံ အလုပ်များတဲ့နေ့ပေါ့။

"ကိုယ့်ကို 'ချစ်လား ... ဟင်"

"ထမင်းစားမှာ စားစမ်းပါ၊ လှတာမက်ရင် ညစာခက်လိမ့်မယ်ရှင့်"

"ညစာက အမြဲစားဖူးနေကျပဲ၊ ဒီလောက်လှတဲ့ ကောင်မလေးရဲ့အချစ်ကိုတော့ မရဘူးလို့ပါ"

ဖြူနုဝင်းမွတ်နေသော ရှင်မင်းရဲ့ပါးလေးနှစ်ဖက် အနီရောင်ပြေးသွားသည်။ သူ တော်တော်ဆိုးတဲ့လူ။

"ကိုယ့်ကိုချစ်လား ... ဟင်"

"အခုရေတွင်းတူးပြီး အခု ရေကြည်သောက်လို့တော့ ဘယ်ရမှာတုန်း"

"အခုချက်ချင်း ရေကြည်သောက်ချင်လို့ ရေသန့်ဘူး ဝယ်ထားတဲ့ဟာ"

"ကိုလှုံ့နော်"





"ရှည့်လေးနော်"

သူက ရှင်မင်းလက်ကိုလွှတ်ပြီး ရှင်မင်းနဖူးလေးကို နှာမကျင်အောင် အသာထုရင်း ရယ်မောနေသည်။ အိုး ... စွဲမက်ဖွယ် ကောင်းလေစွ။

ပြီးတော့ ခွန်းနဲ့ခက်ရင်းကို ကျွမ်းကျင်စွာကိုင်တွယ်ရင်း ထမင်းအေးဆေး စားနေသည်။ တစ်ချက် တစ်ချက် ရှင်မင်းကို စိုက်စိုက်ကြည့်ပြီးလည်း ပြုံးတတ်သေးသည်။ အင်း ... ရှင်မင်းကတော့ သူ့အကြည့်၊ သူ့အပြုံး၊ သူ့လှုပ်ရှားမှုတိုင်းကို တစ်ခုမယွင်း နှလုံးသားထဲ ဆွဲသွင်းနေမိပြီ ထင်ပါရဲ့။

စားသောက်ပြီးတော့ သူ ဒီကိစ္စကို ထပ်မဆက်တော့၊ လက်ကနာရီကို မြှောက်ကာကြည့်ရင်း ရှင်မင်းကို အိမ်ပြန်ဖို့ လာခေါ်သည်။ သူ ရှင်မင်းကိုများ စိတ်ဆိုးသွားလို့လား။

ကားပါကင်ရောက်တဲ့အထိ သူ စကားတစ်ခွန်းမှ မဟ။ ရှင်မင်း စိတ်ထဲ မချင့်မရဲလေးနှင့် သူ့ကိုနှုတ်ဆက်ပြီး ကားတံခါးဆွဲဖွင့် ဝင်ထိုင်ချိန်မှာတော့ သူက အုယားဖာယားနှင့် ဟိုတစ်ဖက်က တံခါးဆွဲဖွင့်ပြီး ဖြန်းခနဲ ရှင်မင်းဘေး လာထိုင်တာမို့ ရှင်မင်း လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ရဲဇက်ရဲနှင့် ရှင်မင်း ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး တင်းတင်းကျပ်ကျပ် ဖက်တွယ်ထား၏။ ပြီးတော့ ရှင်မင်းရဲ့နဖူးလေး၊ ပါးလေးတစ်ဝိုက်နှင့် နှုတ်ခမ်းသားတွေပေါ်ကို သူ့အနမ်းနွေးနွေးတွေ ကျရောက်လို့လာသည်။ ရုန်းဖယ်မိတဲ့ ရှင်မင်းမှာ အားအင်ချို့တဲ့နေသလိုလို။ သူ့ရင်ခွင်ထဲ ရောက်သွားတဲ့ ရှင်မင်းရဲ့ ရင်ခုန်သံပြင်းရှရှက အပြင်းစားရော့ခ်ဂီတတစ်ခုနှင့် နင်လားငါလားပင်။ ချစ်သူရဲ့ ရင်ခွင်က အထူးထူး အပြားပြားသော ရသမျိုးစုံ ပေးစွမ်းနိုင်တဲ့ ဆန်းကြယ်တဲ့ နေရာလေးတစ်ခုပါလားနော်။

✤ ✧ ✤





## ၂၃

မနက်မိုးလင်း အလင်းရောက်တော့ ဒီမနက်က ရှင်မင်းအတွက် ထူးခြားနေသလိုပါ။ ရှင်မင်း ရင်ထဲမှာ နွေးထွေးပြည့်စုံခြင်းတွေက နိုလှုံဝင်ရောက်နေကြတယ်လေ။ အခု ရှင်မင်းက ဟိုအရင်လို အထီးကျန်မှု မဟုတ်တော့တာ။ အားကိုးချစ်ခင်ရာ ချစ်သူတစ်ယောက် အနားရောက်နေခဲ့လို့ပေါ့။

"ရှင်လေး ကိုယ့်ကိုချစ်နေတာ ကိုယ် အစောကြီးတည်းက သိတယ်၊ ကိုယ်လည်း ရှင်လေးကို သိပ်ချစ်တယ်၊ ဒီတော့ အချိန်တွေ မဖြုန်းကြရင် ကောင်းမယ်လို့ ကိုယ်ထင်တယ်၊ အခု ကိုယ့်ရဲ့အပြုအမူဟာ ရှင်လေးကို အထင်သေးလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သလို အနိုင်ကျင့်တာလည်း မဟုတ်ရပါဘူး၊ အရမ်းချစ်နေမိလို့ပါ၊ နားလည်ပေးပါကွာ ... နော်"

ညက သူ့အနမ်းလေးတွေ၊ သူ့စကားလေးတွေ မြင်ယောင်ကြားယောင်စဉ်ခဏ ရှင်မင်းမျက်နှာလေး ပြုံးကျသွားသည်။ ရှင်မင်းညိုရဲ့ဘဝမှာ ရှင်ဟာ အထူးခြားဆုံး ယောက်ျားတစ်ယောက်ပါပဲ ကိုလှျံရယ်။

ဖုန်းမြည်သံလေးကြားတော့ ရှင်မင်း လွန့်လွန့်လေး ပြုံးမိပြန်သည်။ ကြည့်စရာကို မလိုပါ။ ဒါ ကိုလှျံဆီကဖုန်း။

"ဟယ်လို"

"အိပ်ဝုပ်မလေး ... ခုထိ အိပ်ရာထဲမှာ နပ်တုန်းလား"

"အံမာ ... တစ်ခါတလေလေး အစောနိုးတာနဲ့ လေသံကိုက"

"မနက်တိုင်း ရှဉ်လေး အရင်နိုးအောင်ထ,ပြီး ရှဉ်လေးကို နှိုးဖို့ စဉ်းစားထားတယ်"

"ကောင်းပါ့ ... alarm ပေးစရာ မလိုတော့ဘူးပေါ့"

"ရှဉ်လေး"





"ရှင်"

"ဒီမနက် ဘာစားချင်လဲဟင်၊ ကိုယ်ပို့ပေးမလို့"

"ခိခိ ... သိပ်ပြီးမဖားပါနဲ့ရှင်၊ ရှဉ်လေး ကိုလှျံ့ကို ညက ကြောက်ပြီး ချစ်တယ်လို့ ပြောခဲ့တာ မဟုတ်ပါဘူး။ တကယ်ချစ်လို့ ချစ်တယ် ပြောခဲ့တာပါ၊ ဘယ်တော့မှလဲ ဒီစကားကို ပြန်မရုပ်သိမ်းဘူး၊ ပုံမှန်ပဲဆက်ဆံပါ ကိုလှျံရယ်"

ရှင်မင်းညို မမြင်နိုင်တဲ့ ဟိုတစ်ဖက်မှာ လှျံတိုးဝေမျက်လုံးမှေးစင်းပြီး ခပ်ထေ့ထေ့ ပြုံးနေသည်။ မဆိုးပါဘူး။ ရှင်မင်းညိုကို သိမ်းသွင်းရတာ အခက်ကြီးမှ မဟုတ်တာပဲ။ ညက သူမရဲ့နူးညံ့တဲ့ နှုတ်ခမ်းသားလေးတွေကို ပြန်အမှတ်ရမိစဉ်ခဏ သူ ခေါင်းခါရင်း ရယ်မောမိသည်။ ဘာဆန်းလို့လဲ။ သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်ယောက်ျားမဆို ရင်ခုန်တပ်မက်စွာနဲ့ နမ်းရှိုက်မိကြမှာပဲလေ။ ဒါကို အချစ်လို့ နာမည်တပ်မယ်ဆိုရင်တော့ ရူးလို့ပဲ။

"ကိုလှျံ ... ဟယ်လို"

www.burmeseclassic.com



"အင်း ... ပြော ရှဥ်လေး"

"အသံတိတ်သွားလို့ ခေါ်ကြည့်တာ၊ ကိုလှျံရော breakfast မစားရသေးဘူး မှလား၊ ဒီမနက် အိမ်မှာ မြီးရှည်လုပ်စားလို့ ကိုလှျံ ကြိုက်ရင် ပို့ပေးလိုက်မယ်လေ"

"နေပါစေကွာ၊ ရှဥ်လေးအသံ ကြားရတာနဲ့တင်ကို ဗိုက်ပြည့်ပါပြီ"

"ဟွန်း ... ကိုပို"

"ကိုလှျံပါကွာ၊ ဗိုက်ရဲ့အပြင် လှျံတောင် လှျံနေပါသေးတယ်"

"ဟင်း ဟင်း ဟင်း ဟင်း"

ရှင်မင်းညိုရဲ့ ရယ်သံလွင်လွင်လေးက ဆည်းလည်းသံလေးလို သူ့နားထဲသို့ သာယာငြိမ့်ညောင်းစွာ ဝင်ရောက်လို့လာသည်။ လှျံတိုးဝေ ... သဏ္ဌာန်လုပ် သရုပ်တူအောင်လုပ်တဲ့ အထဲ သူမနဲ့ပတ်သက်ပြီး အသေးအဖွဲလေးကအစ မက်မောတွယ်တာစရာလို့ ယောင်လို့တောင် မသတ်မှတ်ချင့်စမ်းပါနဲ့။

တစ်နေ့နေ့ တစ်ချိန်ချိန် ကမ်းကုန်အောင် ရက်စက်ရမယ့်အလှည့် ရောက်လာတဲ့အခါ တွေဝေပျော့ညံ့မှုတွေ မဖြစ်





အောင် အခုကတည်းက လေ့ကျင့်ထားစမ်းပါ။ အသိတစ်ခုရဲ့ အမိန့်ပေးခိုင်းစေမှုရဲ့အောက် သူက စက်ရုပ်တစ်ရုပ်လို ပြန်၍ ဖြစ်သွားသည်။

"အဲဒါဆို ကိုယ် ဖုန်းချလိုက်တော့မယ်နော်၊ ဒီနေ့ တွေ့ခွင့်ရှိမလား"

"မနေ့ကမှ အပြင်ထွက်ထားတာ ဆိုတော့လေ ...

"အင်းလေ ... ဟုတ်တာပေါ့၊ ကိုယ်နားလည်ပါပြီ၊ ရှဥ်လေး အဆင်ပြေမှပါ၊ ကိုယ်ကတော့ အချိန်တိုင်း ရှဥ်လေးမျက်နှာကိုပဲ မြင်ချင်နေတဲ့ကောင်ပါ ... bye"

သူမဆီက တုံ့ပြန်သံကို မစောင့်ဘဲ သူကအရင် ဖုန်းချလိုက်သည်။ သူ အတပ်ပြောရဲပါသည်။ သူမ ဒီနေ့ သူ့ဖုန်းထပ်ဆက်ပြီး တစ်နေရာရာကိုတွေ့ဖို့ ချိန်းလိမ့်မည်။ ဟားဟား ... ရှေ့လျှောက် ငါ့ talking တွေနဲ့ technique တွေရဲ့အောက် မင်း ပြားမှောက်ရမှာပါ ရှင်မင်းညို။ မင်း ငါ့ဆီမှာလုံးဝကို ပျော်ဝင်သွားတဲ့နေ့။ ငါမရှိရင် မင်းမရှိတော့သလောက် ငါ့အပေါ် ငြိတွယ်သွားတဲ့တစ်နေ့ ငါ မင်းရဲ့ဘေးနားကနေ ခြေရာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားမှာပါ။ အရှုံးလုပ်ခံရတဲ့အရသာ ဘယ်လိုမျိုးလဲဆိုတာ မင်းကို မြည်းစမ်းကြည့်စေချင်တယ်။ ငါညီလို မင်းသေချင်မှ သေလိမ့်မယ်။ ဒါပေမဲ့ မင်းနှလုံးသားမှာတော့ သေရာပါအမှတ်အသားတစ်ခု ထင်ကျန်စေခဲ့ရမယ်။ ဒါ ငါ့ရဲ့ကျိန်ဆိုမှုပဲ။ သူ ထင်သလိုပါပဲ။ ရေမိုးချိုးပြီး ရေချိုးခန်းထဲက သူထွက်လာတော့ ဖုန်းမှာ message တစ်စောင် ဝင်နေသည်။ ရှင်မင်းညိုဆီက ...

"နေ့လယ် ထမင်းစားချိန် ဆယ့်နှစ်နာရီလောက် ကုမ္ပဏီရှေ့မှာ စောင့်နေပါ။ ရှဥ်လေး ထွက်လာခဲ့မယ်"

message ကိုဖတ်ပြီး သူ့ အသားအယားပြုံးသည်။ မကြာတော့ဘူး။ မင်း ငါ့ရဲ့မာယာထောင်ချောက်ထဲမှာ အပြီးပြီး အလဲလဲနဲ့ ငိုပွဲဆင်စေရမယ် ရှင်မင်းညို။

သူ ခေါင်းကို မျက်နှာသုတ်ပဝါနဲ့ သုတ်ရင်းက ခေါင်းရင်းစားပွဲပေါ် တင်ထားတဲ့ ဓာတ်ပုံ stand ဆီ အကြည့်ရောက်သွားသည်။ သူနဲ့ပန်းတို့ရဲ့ နှစ်ယောက်တွဲ ဓာတ်ပုံလေး။ ခွဲခွာနေရတဲ့ ဒီကာလအတွင်းမှာ သူမကို ထူးထူးခြားခြားကြီး သတိမရမိတာ ဘေးနားမှာ ရှင်မင်းညို ရှိနေလို့များလား။





"sorry ပန်း၊ မင်းမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို ကိုယ် နမ်းမိခဲ့တယ်၊ တာဝန်နဲ့ ဝတ္တရားအရမို့ ကိုယ်"

သူ့စကားက တစ်ဝက်တစ်ပျက်မှာပဲ ရပ်တန့်သွားခဲ့သည်။ ပြုံးနေတဲ့ ပန်းပုံက သူ့ကို လှောင်ပြောင်နေသလို စိတ်ဝယ်ထင်မိတာမို့ သူ အဲဒီဓာတ်ပုံလေးကို စားပွဲခုံပေါ်ကို မှောက်ချပစ်လိုက်သည်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ( ၂၄ )

ရှင်မင်းညိုနဲ့ တွေ့ပြီးကတည်းက ပန်းသွေးနီ ခေါင်းထဲမှာ တွေးစရာတွေက တစ်ပုံတစ်ခေါင်း။ သူမ တကယ်ပဲ ကျော်နဲ့ ပတ်သက်ဖူးခဲ့သလား။ အခုအချိန်မှ ထ,ပြီး ကျော့်သူငယ်ချင်းတွေ ဘယ်လိုက်ရှာရပါ့။ အဲဒီတုန်းက စပ်စပ်စုစုနဲ့ အဲဒီကောင်မလေးနာမည်ကို မေးခဲ့လိုက်ရမှာ။ ပြီးတော့ လျှံ ...၊ သူ့ပါးစပ်က အဲဒီကောင်မလေးနာမည်နဲ့အကြောင်း ဘာတစ်လုံးမှ မထွက်ခဲ့တာ ဘာကြောင့်လဲ။

စဉ်းစားရင်းနဲ့ ခေါင်းတွေလည်း ချာချာလည်။ ကိုယ်ချစ်ရတဲ့ချစ်သူ တွဲနေတဲ့ ကောင်မလေးရဲ့ အလှတရားကို





လက်တွေ့မြင်ခဲ့ရသည်မို့ ရင်ထဲမှာလည်း စိုးရိမ်စိတ်ကြောင့် ဗလောင်ဆူနေသည်။ တစ်သက်မှာတစ်ခါ။ တစ်ခါမှာတစ်ယောက်တည်းသာ စုပုံပြီး အချစ်တွေအပ်နှင်းထားတဲ့ လျှံကို ပန်းသွေးဘယ်နည်းနဲ့မှ အဆုံးအရှုံးမခံပါ။ သူပေးတဲ့ ကတိစကား ဘယ်လိုနှလုံးသားမျိုးနဲ့ ယုံကြည်ပေးပြီး စောင့်စားပေးရမှာတဲ့လဲ။

ဆောက်တည်ရာမရသော စိတ်အစဉ်ကြောင့် ပန်းသွေးနီ ဂနာမငြိမ် ဖြစ်နေသည်။ အခုပဲ လျှံနောက်လိုက်ပြီး ပေါ်တင်မေးရကောင်းမလား။ ရှင်မင်းညိုကိုပဲ ပွင့်ပွင့်လင်းလင်းနဲ့ ကျော်ဘုန်းသက်နဲ့ ပတ်သက်ခဲ့ဖူးသလား မေးရကောင်းမလားနှင့် ဗျာများနေမိသည်။

နောက်ဆုံးတော့ ကိုယ့်လူကိုယ်မေးပြီး စာရင်းရှင်းဖို့ ဆုံးဖြတ်လိုက်ပါသည်။ တအုံ့နွေးနွေး ဝေဒနာကို ဒီထက်ပိုပြီး ခံစားရရင် ပန်းသွေး ရူးရလိမ့်မည်။ အိပ်ရာပေါ် ငုတ်တုတ်ထ, ထိုင်တော့ မနက်ခြောက်နာရီပဲ ရှိသေးသည်။ ဒီရက်တွေထဲမှာ နေ့မအိပ်နိုင်၊ ညမအိပ်နိုင်၊ မစားနိုင်၊ မသောက်နိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်ရတဲ့အထဲ လျှံနဲ့လည်း အဆက်အသွယ် ပြတ်နေ၊



www.burmeseclassic.com

www.burmeseclassic.com



တာမို့ အိမ်ကလူတွေကလည်း မေးကြ မြန်းကြ စပ်စုကြသည်။ ကိုယ်တောင် အူလည်လည် ဖြစ်နေတဲ့ ဒီအခြေအနေကို နားလည်အောင် ရှင်းပြဖို့ကလည်း ခပ်ခက်ခက်မို့ ရန်ဖြစ်ပြီး မခေါ်ကြဘူးလို့သာ ပြောထားရသည်။

ရေမိုးချိုး ပြင်ဆင်အဝတ်အစားလဲပြီး သူ့တိုက်ခန်းရှိရာဆီ ပန်းသွေး ကားမောင်းလာခဲ့သည်။ ဒီနေ့တော့ ပန်းသွေးသူ့ကို အရှုံးမပေး သိချင်တာကို မရမက မေးရမည်။ ဒီတစ်ခါတော့ သူ ငြင်းလို့ရမည် မထင်ပါ။

ကားပါကင်မှာ ကားထိုးပြီး ပန်းသွေး သူ့ကိုစောင့်ကြည့်နေသည်။ ရှစ်နာရီတိတိမှာ သူ ဆင်းလာပြီး ကားပါကင်ကို ဖြတ်လျှောက်လာသည်။

"လျှံ"

"ဟင်"

ကိုယ့်အတွေးနဲ့ကိုယ် ဖြစ်နေတာတစ်ကြောင်း၊ မျှော်လည်းမမျှော်လင့်ထားတာ တစ်ကြောင်းမို့ ရှုတ်တရက် ပန်းကိုအတွေ့မှာ သူ အံ့သြမှင်သက်သွားမိသည်။





"စကားနည်းနည်း ပြောရအောင်"

"ပြောစရာမရှိဘူး ပန်း၊ ပန်း ပြန်ပါ၊ ကိုယ် စကားတစ်ခွန်းကို အထပ်ထပ် မပြောချင်ဘူး"

မတွေ့ရတာကြာပြီဖြစ်တဲ့ ချစ်သူချောကို စေ့စေ့စပ်စပ်ကြည့်ရင်း ပန်းသွေးနီ မဲ့ပြုံး ပြုံးမိပါသည်။

"ပန်းမှာတော့ ပြောစရာရှိနေတယ် လျှံ၊ ဆယ့်ငါးမိနစ်၊ နာရီဝက်လောက်ပဲ အချိန်ပေးပါ"

သူက လက်ကနာရီကို မြှောက်လို့ကြည့်ရင်း ...

"sorry ကွာ၊ ကိုယ် ချိန်းထားတာ တစ်ခုရှိလို့"

"ဘယ်သူနဲ့လဲ၊ ရှင်မင်းညိုနဲ့လား"

"ဟင် ... ဘာ"

အလန့်တကြား ဖြစ်သွားတဲ့ သူ့ဟန်ပန်ကိုကြည့်ရင်း ပန်းသွေး ခပ်သဲ့သဲ့ ရယ်လိုက်မိသည်။ ဒီရယ်မောမှုမှာ လှောင်ပြောင်မှုတစ်ခုလည်း ပါဝင်ကောင်း ပါဝင်လိမ့်မည်။ ရက်ပေါင်းများစွာ မတွေ့ရသည့် နှစ်ပေါင်းများစွာ ချစ်ခဲ့ရတဲ့ ချစ်သူအပေါ် သူ့ဆက်ဆံပုံက တစ်ဆိတ်တော့ အေးစက်လွန်းနေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ပန်း ဘယ်လိုလုပ် သိလဲ"

ပန်းသွေးက အောက်ထပ်က bakery shop တစ်ခုဆီ မျက်စိဝေ့ကြည့်ရင်း ခေါင်းလှမ်းပြင် ဦးတည်လိုက်တာမို့ သူ မငြင်းတော့ဘဲ ပန်းသွေးနောက်က လိုက်လျှောက်လာသည်။

စားပွဲတစ်ခုမှာ ဝင်ထိုင်ပြီးပြီးချင်းမှာပဲ မထွေးနိုင် မအန်နိုင်အောင် မျိုသိပ်ထားရတဲ့ ဝေဒနာတွေကို ပန်းသွေးနီ ဖွင့်ဟာချမိပါသည်။

"ရှင် တော်တော်လွန်တယ် လျှံ၊ အရမ်းလွန်တဲ့လူ၊ အရမ်း အတ္တကြီးပြီး တစ်ကိုယ်ကောင်းလည်း ဆန်တယ်၊ တစ်သက်လုံး ရှင့်အပေါ် ချစ်သူလိုရော နှမတစ်ယောက်လိုပါ ချစ်ခဲ့ရတဲ့ ပန်းဘက်ကို ရှင် တစ်ချက်တောင် ငဲ့မကြည့်ဘူး"

ပြောရင်းနဲ့ ပန်းသွေးနီ အသံတွေတိမ်ဝင်ပြီး မျက်ရည်တွေ စို့လာတာမို့ သူက သူ့အိတ်ထဲက လက်ကိုင်ပဝါနဲ့ ပန်းသွေးကို လှမ်းသုတ်ပေးတာမို့ ပန်းသွေး သူ့လက်ကိုရှောင်လိုက်သည်။





"sorry ပါကွာ၊ ပန်းကိုပြောရင် ပန်းတားမှာ ကြိုသိထားလို့ ကိုယ် ဒီလိုလုပ်လိုက်ရတာပါ"

"ဒါဆို ရှင်မင်းညိုက ကျော်နဲ့ ပတ်သက်ဖူးတဲ့ ကောင်မလေးပေါ့"

"ဟုတ်တယ်"

"အဲဒါဆို ရောက်တဲ့နေရာမှာပဲ ရပ်လိုက်ပါတော့ လျှံ"

"အချိန်တန်ရင် ရပ်မှာပါ"

waiter ကို ကော်ဖီအေးနှစ်ခွက် သူလှမ်းမှာပြီး ပန်းသွေးရဲ့စကားကို မာနခံဘဲ အကျောတင်းစွာနှင့် သူ တုံ့ပြန်သည်။

"ကလဲ့စားချေတယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူး လျှံ"

"ဟင်း ဟင်း ... မင်းသာ ကိုယ့်နေရာမှာဆိုရင် ဒီ့ထက် ဆယ်ပြန်မကတောင် ဆိုးဦးမလားပဲ၊ ကိုယ် ဘာတွေနဲ့ ဘယ်လိုရင်ဆိုင်ကြုံတွေ့ခဲ့ရလဲဆိုတာ မင်းအသိဆုံးပါ ပန်း၊ ကိုယ်ချင်းစာစိတ် နည်းနည်းရှိစမ်းပါ၊ ကိုယ် သူ့ကိုမှတ်လောက်သားလောက်အောင် lesson ပဲပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့၊ အခုလောလောဆယ် လျှံတို့အခြေအနေက ဘာလဲ"

"ချစ်သူ"

အေးစက်စက် သူ့အဖြေစကားက ပန်းသွေးရင်ထဲမှာတော့ မီးထတောက်သွား၏။

"သိပ်စိတ်မပူပါနဲ့ ပန်း၊ ကိုယ်ပြောပြီးပြီပဲ၊ ကိုယ် ပန်းကိုပဲ လက်ထပ်မှာပါ၊ ဒီနှစ်ထဲမှာ၊ ဒီနှစ်ထဲမှာမှ ဆယ်လပိုင်း သီတင်းကျွတ်မှာ"

ပန်းသွေး သူ့မျက်နှာကို မမြင်ဘူးသူတစ်ယောက်လို ကြောင်ငေးငေး ကြည့်နေမိပါသည်။ သူက ဟိုကောင်မလေးကို ဖြတ်အပြီး ပန်းသွေးနဲ့ ချက်ချင်းလက်ထပ်ဖို့ အစီအစဉ်ချထားတဲ့ပုံ။

"ပိုင်လှချည်လား၊ ဒီဘက်က သဘောထားလေးလည်း မေးဦးမှပေါ့"

"မေးစရာမှ မလိုတာ၊ ပန်းဘဝမှာ အချစ်ဆုံးက ကိုယ့်ကို၊ ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်သလို ဘယ်သူ့ကိုမှလဲ ယူမှာမဟုတ်ဘူး"





"သိတယ်လား၊ ဒါနဲ့များတောင် နေနိုင်ရက်တယ်"

"တော်ပြီကွာ ... မငိုနဲ့တော့၊ လူတွေလည်း ကြည့်နေကြပြီ၊ ဆင်ခြင်ပါဦး ပန်းရယ်"

သူက ပန်းမျက်ဝန်းက မျက်ရည်တွေကိုမြင်တော့ ခေါက်မသာနှင့် ပြောသည်။ စားပွဲပေါ်တင်ထားတဲ့ သူ့ဖုန်းဆီက ring tone မြည်လာတာမို့ သူ ချက်ချင်းကောက်ကိုင်ပြီး ပန်းသွေးကို တိတ်တိတ်နေဖို့ လက်ဟန်ခြေဟန်ဖြင့် အချက်ပြသည်။

"ဟယ်လို ... ရှဥ်လေး"

"........."

"လာနေပါတယ်ကွာ၊ ဆီပြတ်သွားလို့ ဓာတ်ဆီဆိုင် ဆီဝင်ထည့်နေတာ"

"........."

"Ok ... Ok ,... ဆယ့်ငါးမိနစ်အတွင်း ရောက်အောင်လာခဲ့မယ်"

ဖုန်းချပြီး သူက ပန်းကိုကြည့်သည်။ ပန်းကလည်း သူ့ကို တန်ပြန်ကြည့်လိုက်သည်။ ဖုန်းပြောနေတုန်း သကာလို ချိုမြင်နေတဲ့ သူ့ရုပ်ကို မုန်းမုန်းနဲ့ကို စိုက်ကြည့်နေမိခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သွားတော့မယ် ပန်း၊ promise ကတိထပ်ပေးပါတယ်၊ ဒီကမ္ဘာပေါ်မှာ ကိုယ်လက်ထပ်မယ့် မိန်းကလေးက ပန်းတစ်ယောက်တည်းပါ"

ပန်းရဲ့ပါးလေးတစ်ဖက်ကို သူ မနာမကျင်အောင် ဆွဲလိမ်ပြီး ပြောပြောပြေးပြေးနဲ့ ထွက်သွားသည်။ သူ့နောက်ကျောကိုကြည့်ပြီး ပန်းသွေး သက်ပြင်းရှည်ကြီးတစ်ခု လေးလေးပင်ပင် ချလိုက်မိသည်။

✤ ✧ ✤





# ၄ ၂ ၆

"သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားကြပြီ မမငွေနှင်း"

မီးဖိုချောင်ထဲမှာ အလုပ်နဲ့လက် ဖယ်ဆက်သလို လုပ်နေတဲ့ မမငွေနှင်းနောက် တကောက်ကောက်လိုက်ရင်းက ရှင်မင်း အသိပေးမိသည်။ မမငွေနှင်းရဲ့အမျိုးသား ကိုသူရ ခရီးထွက်သွားတိုင်း ရှင်မင်းက လာအိပ်ပေးနေကျလေ။ အိမ်ထောင်ရှင်မ ပီသလွန်းတဲ့ မမငွေနှင်းက အိမ်မှာ လူအပိုခေါ်မထား၊ လက်တိုလက်တောင်းခိုင်းဖို့ ကလေးမလေးတစ်ယောက်ကိုတောင် မနည်းဖျောင်းဖျပြီး ခေါ်ထားခိုင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတာနဲ့ ဈေးဝယ်၊ ချက်ပြုတ်၊ လျှော်ဖွပ် သူတစ်ယောက်တည်း ဒိုင်ခံလုပ်သည်။ ကလေးမလေးကိုတော့ သေးသေးမြွားမြွား တိုတိုထွာထွာလေးတွေပဲ ခိုင်းတတ်သည်။ ကိုသူရရဲ့အစ်မဝမ်းကွဲတစ်ယောက်ကတော့ မနက်လာ ညနေပြန် နေ့တိုင်း အဖော်လာလုပ်ပေးတတ်ပါသည်။

"ရော့ ... ရော့ ... မုန့်ဟင်းခါးအရည်တည်ပန်းကန် ယူသွား၊ ဘယ်လိုဖြစ်နေလို့ အလောတကြီး ပြောနေတာလဲ၊ စားရင်းသောက်ရင်းနဲ့ ပြောကြတာပေါ့"

ရှင်မင်းက မမငွေနှင်းစကားကြောင့် ပြုံးစစရုပ်နှင့် မုန့်ဟင်းခါးဟင်းရည်ပန်းကန်လုံးကြီးကို မမငွေနှင်း လက်ထဲက ပြောင်းယူလိုက်သည်။

"ဝိတိလေး မနိုးသေးဘူးလား မမငွေနှင်း"

"မနိုးသေးဘူး၊ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ သူ့ကိုမနှိုးတော့ဘူးလေ၊ ကျုရှင်က ညနေမှ ခေါ်ထားတာ"

"တကယ်တော့ ရှင်မင်း ညကတည်းက ပြောချင်တာ၊ မမငွေနှင်း ဘုရားရှိခိုးနေတာ မစောင့်နိုင်တော့တာနဲ့"





"အေးလေ ... ငါ ဘုရားရှိခိုးပြီး နင့်အခန်းဘက်လျှောက်လာတော့ ဖုန်းပြောနေတာနဲ့ မနှောင့်ယှက်တော့တာ၊ ကဲပြော၊ လျှံတိုးဝေနဲ့ မဟုတ်လား"

"ဟုတ်တယ်"

ရှင်မင်းက မုန့်ဟင်းခါးပန်းကန်ထဲ ခြေပြီးသားအကြော်တွေ ခပ်ထည့်ရင်းက ခေါင်းညိတ်ပြလိုက်သည်။

"သူ့အကြောင်း နင် စုံစမ်းပြီးပြီလား"

"ဟင့်အင်း"

"ပေါ်လှချည်လား၊ ငါ သေချာပြောထားရက်နဲ့"

"ဩော် ... မမငွေနှင်းကလည်း သူ့မှာ မိသားစုဝင်တွေ မရှိတော့ဘူး၊ ကွန်ဒိုတိုက်ခန်းမှာ တစ်ယောက်တည်းနေတယ်၊ မကြာခင် trading company တစ်ခု ထောင်တော့မယ်၊ လောလောဆယ် share ဝင်ထားတာ ကုမ္ပဏီသုံးလေးခုလောက်ရှိတယ်"

"ဒါတွေ ငါသိပြီးသားပဲ၊ သူပြောသလောက်နဲ့ ယုံကြည်လို့ ဘယ်ရမှာလဲ၊ ဥပမာ သူ့မှာ မိသားစုဝင်တွေ မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ကိစ္စ၊ အဲဒါဘာကြောင့်လဲ၊ ဘယ်လိုဖြစ်တာလဲ၊ နင်သိလား"

"ဟင့်အင်း ... ရှင်မင်း မေးပါသေးတယ်၊ ဒါပေမဲ့ သူက ပြောမိရင် မျက်ရည်ကျမိမှာစိုးလို့တဲ့"

"ကျကျပေါ့ ရအောင်မေး၊ မိသားစုဝင်တွေ အကုန်လုံးသေသွားကြတယ် ဆိုရင်တောင် ဖြစ်နိုင်ပါ့မလား"

"ပြောလို့တော့မရဘူးလေ မမငွေနှင်းရဲ့၊ အင်း ... ရှင်မင်း စုံစမ်းလိုက်ပါ့မယ်"

မငွေနှင်းက ရေနွေးခွက်ကို မော့သောက်ပြီးတော့ စကားထပ်ဆက်သည်။

"အရင်စုံစမ်းပြီးမှ နင် အဖြေပေးသင့်တာလေ၊ အေးလေထားလိုက်ပါတော့၊ နင်မပြောနဲ့ ဒက်ဒီတောင် သူ့ကိုသဘောတွေ စွတ်ကျနေတာ ဆိုတော့လည်း၊ ဒါပေမဲ့ သတိဆိုတာ ပိုတယ်လို့တော့ ဘယ်ရှိမလဲ၊ ပြီးတော့ နင်အခုမှ ရည်းစားစ,ထားတာဆိုတော့ဘဝတစ်ခုလုံးအတွက် ရည်ရွယ်ပြီး နင် သူ့ကိုချစ်တယ်ဆိုတာ ငါယုံတယ်"





ရှင်မင်းကတော့ မမငွေနှင်း စကားကြောင့် ရှက်ရဲရဲနှင့် ရယ်နေသည်။ တကယ်လည်း ကျော်ဘုန်းသက်ကိစ္စ ဖြစ်ပြီးကတည်းက ရှင်မင်း ယောကျ်ားတွေနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့တာလေ။ တစ်ခါတည်းလည်း ဆုံးဖြတ်ပြီးသားပါ။ ရှင်မင်း တကယ်ချစ်ပြီး ရှင်မင်းဘဝအတွက် အားကိုးရတဲ့ ယောကျ်ားမျိုးတွေမှ ပတ်သက်တော့မည်ဟုပေါ့။

ဖုန်းမြည်သံကြောင့် မမငွေနှင်းက ရှင်မင်းကို မျက်စ,ပစ်ပြရင်း ...

"နင့်ဘဲဘဲဆီက ထင်ပါရဲ့"

ဖုန်းနံပါတ်ကြည့်တော့ သူ့ဖုန်းနံပါတ် မဟုတ်။ ဇော်ဝဏ္ဏဆီက။ ရုတ်ခြည်း ပျော်သွားတဲ့ အပျော်စိတ်လေးက လွင့်သွားသည်။ မကိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီးမှ အားနာတာနှင့် ရှင်မင်း ဖုန်းကိုင်လိုက်သည်။

"ဟယ်လို"

"ရှင်မင်း ... တို့ ဇော်ဝဏ္ဏပါ"

"အင်း ... သိပါတယ် ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်း အခု ဘယ်မှာလဲ"

"အစ်မအိမ်မှာ ရောက်နေတာ မနေ့ကညကတည်းက"

"အရေးတကြီး ပြောစရာကိစ္စရှိလို့ အပြင်ထွက်လာခဲ့လို့ ရမလား"

"အရေးတကြီးကိစ္စ ... ဟုတ်လား"

"ဟုတ်တယ်၊ ရှင်မင်းအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးတယ်လို့တောင် ပြောလို့ရတယ်"

သူ့ရဲ့ထူးထူးဆန်းဆန်း စကားကြောင့် ရှင်မင်း တွေဝေသွားသည်။ သူ့လေသံထဲမှာ လေးနက်မှုတစ်ခု ပျော်ဝင်နေတာ ရှင်မင်း ခံစားရသည်။ ရှင်မင်း သူနဲ့သွားတွေ့သင့်သလား။ သူ့ကို ရှင်မင်း ဘယ်အတိုင်းအတာထိ ယုံကြည်ရမလဲ။

"Ok လေ၊ ရှင်မင်း လာခဲ့မယ်၊ ဘယ်ကိုလာခဲ့ရမလဲ"

"တို့ အခု Mr. guitar မှာ၊ ကိုလှျံတိုးဝေကိုတော့ ခေါ်မလာခဲ့ပါနဲ့"

"ဘာလို့"

ကိုလှျံကို ခေါ်သွားမည်ဆိုသည့် ရှင်မင်းစိတ်ကူးကို သူ ကြိုများသိနေလေရော့သလား။





"ဘာလို့လဲဆိုတော့ သူ့ရဲ့လျှို့ဝှက်ချက်ကို ပြောမှာမို့လို့ပဲ"

"ဟင်"

ဖုန်းကိုင်ထားတဲ့ ရှင်မင်းလက်တွေ တုန်ခါလို့သွားပါသည်။ အကဲခတ်ကြည့်နေတဲ့ မမငွေနှင်းရဲ့ အကြည့်တွေအောက် ရှင်မင်း ရုပ်မပျက်အောင် မနည်းကြိုးစားထိန်းထားရသည်။ အခုပဲ ကိုလှျံနောက်ကြောင်း ရာဇဝင်ကိစ္စ ပြောနေကြတာ မဟုတ်လား။

"ဘယ်သူလဲ ရှင်မင်း"

"သူငယ်ချင်း တစ်ယောက်ပါ မမငွေနှင်း၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စလေး တိုင်ပင်ချင်လို့တဲ့၊ အဲဒါ ရှင်မင်း ခဏ သွားလိုက်ဦးမယ်"

"သြော် ... အေး၊ သွားလေ"

ရှင်မင်း ကမန်းကတန်း အကျီလဲပြီး ထွက်လာခဲ့သည်။ ရှင်မင်း ရင်က မကြားရသေးတဲ့ သတင်းစကားအတွက် စိုးရိမ်စိတ်ကြောင့် မငြိမ်မသက် ဖြစ်နေပါသည်။ ကိုလှျံ ... သူ့မှာ ဘာလျှို့ဝှက်ချက်တွေများ ရှိနေလို့လဲ။ သူ့မှာ အိမ်ထောင်တွေ ဘာတွေများ ...။ ရှင်မင်း ဆက်မတွေးနိုင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားမိသည်။ မမငွေနှင်း ပြောသလို ရှင်မင်း အပေါ်စား ဆန်သွားသလား။ သူ့ကိုချစ်မိတဲ့ အချစ်စိတ်တစ်ခုနဲ့ ရှင်မင်း ကန်းခဲ့တယ် ထင်ပါရဲ့။

Mr. guitar ကိုရောက်တော့ ဇော်ဝဏ္ဏက ရှင်မင်းကို စောင့်နေရတာ ကြာပြီထင့် ရှေ့မှာ အအေးခွက်တစ်ခွက်တောင် ကုန်နေပြီ။

"ဝဏ္ဏ ... ဘာမို့လို့လဲဟင်၊ ရှင်မင်း ရင်တုန်ပန်းတုံရှိလိုက်တာ"

သူက ရှင်မင်းကို စိတ်မကောင်းစွာ တစ်ချက်ကြည့်ပြီး ခပ်လေးလေးပြောသည်။

"ရှင်မင်း ... သူ ဘယ်သူလဲဆိုတာသိရင် သိပ်အံ့ဩသွားမှာပါ"

✣✧✣





## ၂၆

သူ့လက်ဖဝါးကို သူမလက်ဖဝါးလေးနဲ့ ထွေးဆုပ်ရင်း သူ့ရင်ခွင်ထဲကနေ သူ့မျက်နှာကို သူမမော့ကြည့်လာသည်။ သူက သူမရဲ့နဖူးဆံစပ်လေးကို ခပ်ဖွဖွလေး နမ်းရှိုက်တော့ သူမ မျက်နှာလေး ပြုံးယောင်သမ်းသွားသည်။

"ရှဉ့်လေးလေ ... ကိုလှုံနဲ့ဝေးရမှာ အရမ်းကြောက်တာပဲ"

သူက သူမရဲ့ဖူးဖူးအိအိ နှုတ်ခမ်းလေးကို လက်ဖြင့် အသာပိတ်ရင်း ...

"ဘာလို့ဝေးရမှာလဲကွာ၊ အဓိပ္ပာယ်မရှိတာ"

"ကံကြမ္မာဆိုတာ ပြောရတာ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာဆိုတာ လူဖန်တီးတာပါကွာ"

ရှင်မင်းက သူ့ရင်ခွင်ထဲကနေ လူးလွန့်ပြီး သူ့ပခုံးမှာ ခေါင်းမှီရင်းက ...

"ရှင်လေးရဲ့နာကျင်စရာ အတိတ်ဆိုးတစ်ခုကို ပြောပြချင်တယ်၊ ကိုလျှံ နားထောင်ချင်လား"

"အင်း ... ရှည်လေး ဆန္ဒရှိရင် ပြောပါ"

"ဆယ်ကျော်သက် အရွယ်တုန်းက ရှင်မင်းညို ဆိုတာ အလှမာန်ယစ်ပြီး သူ့အလှမှာ ယောက်ျားတကာကို ကြွေဆင်းသွားစေချင်ခဲ့တယ်လေ၊ တစ်နေ့တော့ သူ့အလှနဲ့ သူ့မာနကို ထိပါးလာတဲ့ ကောင်လေးတစ်ယောက်နဲ့ဆုံခဲ့တယ်၊ အဲဒီကောင်လေးကို စာန်ကျအောင် ရိုက်ချိုးဖို့ ရှည်လေး ကြိုးစားခဲ့တယ်၊ ချိုးလည်း ချိုးနိုင်ခဲ့ပါတယ်၊ ကံဆိုးချင်တော့ အဲဒီနေ့ပဲ ကောင်လေး ကားဆက်ဆီးဒင့်ဖြစ်သွားခဲ့တယ်"

သူ့ပခုံးပေါ်မှာ မှီထိုင်နေတဲ့ ရှင်မင်းညိုကို သူ တူးတူးခါးခါး မုန်းတီးစိတ်အဟုန်ဖြင့် ကြည့်နေမိပါသည်။





"ချစ်လို့ပေါ့ရှင်၊ အဲဒီအချိန် ရှည်လေးအသံလေး ကြားချင်တယ်ဆိုတဲ့ စကားကြောင့်၊ ပြီးတော့ ဖုန်းခေါ်လိုက်ရင် မကိုင်တာ ခံစားရတယ်ဆိုတဲ့ ကိုလျှံ့ စကားကြောင့်ပါ"

ရှင်မင်း စကားကြောင့် သူ့ဘက်က အတန်ကြာ တိတ်ဆိတ်နေပြီးမှ ...

"ရှည်လေး ကိုယ့်ကို အဲဒီလောက်တောင် ချစ်တယ်လား"

"ရင်ကိုခွဲပြီး အသည်းကိုထုတ်ပေးရမယ် ဆိုရင်တောင် ထုတ်ပေးမယ့်သူပါ ကိုလျှံရယ်၊ ကိုလျှံသာ ဆန္ဒရှိမယ်ဆိုရင် ရှည်လေး အသက်ကိုတောင် ပေးပါတယ်"

"ဟားဟ ... ဒီစကားတွေ ကြားရတာ ကိုယ် အရမ်း proud ဖြစ်ပြီး ပျော်မိတယ်၊ ရှင်မင်းညိုဆိုတာ အလွယ်တကူ ချစ်တတ်တဲ့ မိန်းကလေး မဟုတ်သလို၊ သာမန်ညောင်ညအဆင့်အတန်းမျိုးလည်း မဟုတ်ဘူးလေ။ ကမ္ဘာပေါ်မှာ ကိုယ် ကံအကောင်းဆုံး ထင်ပါရဲ့"

"အင်း ... ဖုန်းခေါ်လို့ ကိုင်လိုက်ပြီနော်၊ ပြောစရာရှိရင် နောက်နာရီဝက်လောက်နေမှ ပြန်ခေါ်ပေါ့၊ ဒါမှမဟုတ်လည်း metting ပြီးရင် ရှည်လေး ပြန်ခေါ်လိုက်ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှဉ့်လေးလည်း အဒေါ်တွေရှိတဲ့ မော်လမြိုင်မှာ ကျောင်းဆက်တက်ဖြစ်တယ်။ နောက် ကျောင်းပြီးတော့ ဒက်ဒီတက်ခိုင်းတဲ့ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ပြီးတော့ အလုပ်ဝင်တာပါပဲ၊ တကယ်ပါပဲ ... ဒီအဖြစ်အပျက်က ရှဉ့်လေးဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့မရမယ့် အဖြစ်အပျက်ပါ၊ ဒီအမည်းစက်သာ တကယ်ပျောက်မယ်ဆိုရင် ရှင်မင်း ဘာပဲ ပေးဆပ်ရ ပေးဆပ်ရပ"

ပြောနေပုံကတော့ ကရုဏာသက်စရာပါ။ အမှုအရာရော၊ လေသံကပါ တကယ်ထိခိုက် နာကျင်ခံစားနေတဲ့ပုံ။ ပြောသွားတဲ့စကားတွေက သိပ်ကို ပညာသားပါပြီး သူမမှာပဲ အပြစ်မရှိသယောင်ယောင်၊ ဘာယောင်ယောင်။ အမည်းစက်သာ တကယ်ပျောက်မယ်ဆိုရင် ဘာပဲပေးဆပ်ရ ပေးဆပ်ရ ဆိုပဲလား။ သင်းလုပ်လိုက်တဲ့ ဂယက်ကြောင့် နောက်ဆက်တွဲ သေဆုံးခဲ့တဲ့ လူနှစ်ယောက်နဲ့ စိတ်ဒဏ်ရာ ပြောက်မြားစွာရခဲ့တဲ့ လူတစ်ယောက်အတွက် ဆယ်ခါပြန် လျှော်ကြေးပေးတောင် ကြေနိုင်မှာမှမဟုတ်တာ။



"ကိုလျှံရဲ့အတိတ်ကိုရော ရှင့်လေးကို ပြောပြနိုင်မလား"

သူ့လည်ပင်းကို သူမ လက်နှစ်ဖက်နဲ့ သိုင်းဖက်ရင်းက တီးတိုးဆိုသည်။ သူက ရှင်မင်းညို့ရဲ့ မျက်ခွံလေးတွေ၊ နှာသီးဖျားလေးတွေ၊ မေးဖျားလေးတွေကို မထိခလုတ် ထိခလုတ် နမ်းကြူလိုက်ရင်း ...

"လောလောဆယ်တော့ ကိုယ်မပြောချင်သေးဘူးကွာ၊ ကိုယ့်ရဲ့နာကျင်စရာ အတိတ်ဆိုးက ရှင်လေးရဲ့အတိတ်ဆိုးထက် အဆရာထောင်မက ပိုဆိုးနေတယ်၊ အခု ကိုယ်ပျော်နေတယ်၊ ရှဉ့်လေးအနားမှာ နေနေရလို့ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ကိုယ် ပြောဖြစ်မှာပါ"

"အင်း ... ကောင်းပါပြီ၊ ကိုလျှံ့ သဘောပါ၊ မျက်ရည်တွေကျခဲ့မယ် ဆိုရင်လည်း ရှဉ့်လေး သုတ်ပေးဖို့ အသင့်ပါကွယ်"

သူ့ကိုသိုင်းဖက်ရင်း သူ မမြင်နိုင်တဲ့တစ်ဖက်မှာ ရှင်မင်း မချိုပြုံးလေး ပြုံးမိသည်။ သူ ဘာကြောင့် ရှင်မင်းကို ချဉ်းကပ်ခဲ့လဲ ဒေါ်ဝဏ္ဏ ဆီကနေ ရှင်မင်း ကြားခဲ့ပြီးပါပြီ။ ဒီ

www.burmeseclassic.com

စကားတွေ နားထောင်နေရတဲ့ စက္ကန့်မိနစ်တွေမှာ ရှင်မင်းရဲ့ကမ္ဘာကြီး ပြိုကျသွားသလိုပါပဲ၊ ဇော်ဝဏ္ဏရှေ့မှာ မျက်ရည်မကျဖို့ အတော်ကြီး ကြိုးစားပမ်းစား ဟန်ဆောင်မျိုသိပ်လိုက်ရပါသည်။

အဲဒီည တစ်ညလုံး ရှင်မင်း မအိပ်ဘဲ ဖြစ်စဉ်အစအဆုံး စဉ်းစားမိပါသည်။ ရှင်မင်း ဘာဆက်လုပ်ရမလဲ။ ဘာဆက်လုပ်သင့်သလဲ။ ရှင်မင်း သူ့ကို နင့်နင့်နဲနဲ ချစ်ခဲ့ရတာပါ။ ဘဝမှာ ပထမဦးဆုံး ချစ်ခဲ့ရသူပေါ့။ ညီက ကားအက်ဆီးဒင့်ကြောင့်, ဘဝဆုံး၊ အဖေက သွေးဆောင့်တက်ပြီး ဦးနှောက်သွေးကြောပြတ်ပြီးသေ။ အမေက ငါးနှစ်လောက် ယဉ်ယဉ်လေးရှူးပြီးမှ အသက်ဆုံး။ သူ့ဘက်ကကြည့်ရင် ရှင်မင်းက ဘယ်လိုမှ ခွင့်မလွှတ်သင့်တဲ့ ရန်သူတော်တစ်ယောက်။

အမုန်းတွေ၊ နာကြည်းမှုတွေနဲ့အတူ ရှင်မင်းအနားကို သူ ရောက်လာခဲ့တာ သိပ်ကိုညင်သာပြီး လှပလွန်းပါသည်။ သူ ရှင်မင်းအသည်းကို တစ်စစီ မွမွကြေအောင် ခွဲပစ်ဖို့ စနစ်တကျကို ပြင်ဆင်ထားခဲ့တာပါ။ ကံတရားက ရှင်မင်းကို မျက်နှာသာပေးပြီး သူ့အကြံအစည်ကို ကြိုတင်အသိပေးခဲ့ပေမယ့်လည်း





ရှင်မင်းကတော့ သူ့ဆန္ဒတွေ ပြည့်ဝအောင် လုပ်ခွင့်ပေးဖို့ ဆုံးဖြတ်ခဲ့ပါသည်။

ရှင်မင်း သူ့ကို သိပ်ချစ်လို့ပါ။ ပြီးတော့ ရှင်မင်းဘဝရဲ့အမည်းစက်ကို နှလုံးသားနဲ့ရင်းပြီး ပယ်ဖျက်ပစ်လိုက်ချင်သည်။ ပြီးတော့ ရှင်မင်းညီဆိုတဲ့ သူ သိပ်မုန်းတီးခဲ့တဲ့ မိန်းမတစ်ယောက်ကို လက်တုံ့ပြန်နိုင်လိုက်ပြီဆိုတဲ့ အသိနဲ့ သူ့ဘဝတစ်လျှောက်လုံး ဖြန်တွေးလိုက်တိုင်းမှာ ကျေနပ်အားရစေချင်၍ပါ။

"ရှဥ်လေး"

"ရှင်"

"ဘာတွေ စဉ်းစားနေတာလဲဟင်"

"ကိုလှုံ့ကို ဘာလက်ဆောင်ပေးရ ကောင်းမလဲလို့ စဉ်းစားနေတာ၊ ကိုလှုံက ရှဥ်လေးကို ဒီလက်စွပ်လေးပေးပြီး ချစ်ခွင့်တောင်းခဲ့တာလေ၊ ရှဥ်လေးကတော့ ဘာမှပြန်မပေးရသေးဘူးမှလား"

"ပေးပြီးပြီလေ"

www.burmeseclassic.com



ရှင်မင်း ပခုံးနှစ်ဖက်ကို သူက တင်းတင်းကျပ်ကျပ် ကိုင်တွယ်ပြီး ရှင်မင်းနဲ့ မျက်နှာချင်းဆိုင်ရင်း ...

"ရှည့်လေးရဲ့နှလုံးသားလေ၊ ကိုယ့်အတွက်တော့ တန်ဖိုးကြီးလွန်းတဲ့အရာပါ"

လှိုက်လှိုက်တက်လာသော ငိုချင်စိတ်တို့ကို ရှင်မင်း အပြုံးတုတစ်ခုနှင့် ဖုံးဖိပစ်လိုက်ပါသည်။

"စိတ်ချပါ၊ ရှည့်လေးနှလုံးသားက ကိုလှျံ တစ်ယောက်တည်းအတွက်ပါ"

ရှင်မင်း သူ့ရင်ခွင်ထဲ တိုးဝင်ပြီး ဖက်တွယ်ထားမိသည်။ ကိုလှျံပေးမယ့် ဒဏ်ရာတွေကို ရှင်မင်း ကြည်ဖြူစွာ ခံယူပါ့မယ်။ ကိုလှျံ သတ်မှတ်ထားတဲ့ နေ့စွဲရောက်တဲ့အထိ ရှင်မင်း ပါရမီ ဖြည့်ပေးပါ့မယ်။ ရူးတယ်ပြောပြော၊ ကြောင်တယ်ပြောပြော၊ မွှန်တယ်ပြောပြော၊ ကန်းတယ်ပြောပြော၊ ပြောချင်ရာတွေ ပြောကြပါစေ။ ကိုယ့်ကို အသေထိုးသတ်မယ့် ဓားတစ်ချောင်းကို ရှင်မင်း မရှောင်ဘဲ ရင်ဆိုင်တိုးပါ့မယ်။ အဲဒါ ကိုလှျံ့ကို ရှည့်လေး အသက်ထက်မက သိပ်ချစ်လို့ပါ။

✣ ✧ ✣





# ( ၂၇ )

meeting ခန်းထဲမှာ ဖုန်းပြောတာကို ဒက်ဒီက အထူးတားမြစ်ထားသည်။ သူကိုယ်တိုင်ကအစ meeting room ထဲရောက်ပြီ ဆိုတာနဲ့ ဖုန်းပိတ်ပြီးသား။ ဒီနေ့တော့ ရှင်မင်း ဒီစည်းကမ်းကို ချိုးဖောက်မိသည်။

ဆယ်နာရီခန့်ကျင်လောက် ဖုန်းဆက်မည်ပြောသော သူ့စကားကြောင့်ရယ်ပါ။ တကယ်ဆို meeting ရှိနေလို့ပြောလိုက်ရင် ရသားနဲ့။ ဖုန်းခေါ်လို့ မကိုင်ရင် စိတ်မကောင်းဖြစ်တတ်ပါတယ်ဆိုတဲ့ သူ့အလိမ်အညာစကားကို တကယ်လို့ပဲ နှလုံးသွင်းထားမိသည်။ အတူရှိနေတဲ့ အချိန်လေးတွေမှာ တတ်နိုင်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း သူ့ကို ပျော်အောင်ထားချင်ပါသည်။ ရှင်မင်း သူ့ကို အသေအလဲကြွေလေ သူပျော်လေပဲ မဟုတ်ပါလား။

တကယ်ကိုပဲ အစည်းအဝေးစ,ပြီး မိနစ်နှစ်ဆယ် အကြာမှာပဲ ရှင်မင်းဖုန်းက vibration ကို လှမ်းတွေ့လိုက်တာမို့ ဖုန်းကိုယူပြီး meeting room ထဲကနေ ခပ်သုတ်သုတ်ထ,ထွက်ခဲ့သည်။

မျက်မှန်ကိုကျော်ပြီး လိုက်ကြည့်နေတဲ့ ဒက်ဒီ့ကို မျက်လုံးနဲ့ လှမ်းခွင့်တောင်း၍ပြေ့ါ။

"ပြော ... ကိုလှ"

"ရှဉ့်လေး အခု ဘာလုပ်နေလဲ"

"meeting လုပ်နေတာ"

"ဟင် ... meeting room ထဲက ပြောနေတာလား"

"ဘယ်ဟုတ်မလဲ၊ အပြင်ထွက်ပြောနေတာ၊ ဒက်ဒီကတော့ meeting ပြီးရင် ဆူမှာသေချာတယ်"

"sorry ကွာ၊ ကိုယ်မသိလို့ပါ၊ ရှဉ့်လေးက ပြောရောပေါ့၊ အားနာစရာကွာ။ ဘာလို့မပြောတာလဲ"





"သိရုံတင် ဘယ်ကမလဲ ရှင်မင်းရယ်၊ သူနဲ့တို့က မကြာခင် လက်ထပ်ကြတော့မှာ"

ရှင်မင်းညိုက သူမစကားအတိုင်း လိုက်ပြောတဲ့ ပန်းသွေးနီရဲ့စကားကြောင့် ယောင်ယောင်လေး ပြုံးသည်။ ပြောတဲ့စကားလုံးတွေက သေစေလောက်ပေမင့် သူမကတော့ ကြိုတွက်ထားပြီးသားမို့ ထူးပြီးမတုန်လှုပ်တော့ပါ။

"သူနဲ့တို့ရဲ့ ရည်းစားသက်တမ်းက ဆယ်စုနှစ်တစ်နှစ်နီးပါးကို ကြာမြင့်ခဲ့ပြီ။ သူနဲ့တို့ စိတ်ကတောက်ကဆ ဖြစ်တုန်း သူ ရှင်မင်းကို ရွဲ့ပြီးတွဲခဲ့တာ၊ တစ်နေ့ သူလက်ထပ်မယ့်သူက တို့ပါပဲ၊ ဒါကြောင့် ရှင်မင်းကို နောက်ဆုတ်စေချင်တယ်"

ရှင်မင်းညိုက ဒီစကားတွေအတွက် မျက်နှာတစ်ချက်မပျက်ဘဲ မျက်ဝန်းမှာပါ အရယ်ဖက်နေတာမို့ ပန်းသွေးနီ ကြောင်တောင်တောင် ဖြစ်သွားသည်။ ဒီလိုတုံ့ပြန်မှုမျိုးနဲ့ ရှင်မင်းညို တုံ့ပြန်မည်ဟု ထင်မှတ်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"Ok ... Ok ... နှောင့်ယှက်မိသလို ဖြစ်သွားတဲ့အတွက် so sorry ပါ ရှဥ့်လေးရယ်"

သူမဆီက ဖုန်းချသွားတော့ သူနှုတ်ခမ်းမှာ ပီတိပြုံး တစ်ခု ပေါ်ထွန်းလာသည်။ ဒီတေိမ သူ့ကို အကြွေကြီးကို ကြွေ နေပြီပဲ။ ပြီးတော့ သူ့ကို အားကိုးယုံကြည်ပြီး အထင်ကြီးလေး စားသည်။ ဒီလိုလူတစ်ယောက်က သူမကို သစ်စိမ်းချိုး ချိုးသွား ခဲ့ရင် အသည်းအူပြတ် ထွက်မတတ်ကို ခံစားရမှာ ကျိန်းသေ ပေါက်ပဲ။

သူကရော ... ဒီမိန်းမပေါ်မှာ ...။ ဆက်မတွေးလို ဟန်နှင့် ခေါင်းခါပြီး သူ လှောင်ရယ် ရယ်နေသည်။ လျှံတိုးဝေ ဆိုတာ ဒီမိန်းမနဲ့ စစ်ခင်းဖို့ လိုလေသေးမရှိအောင် ပြင်ဆင်ထား တဲ့ သူတစ်ယောက်ပဲ။ အမုန်းသံချပ်ကာ ဝတ်ထားတဲ့ သူ့အဖို့ သင်းဘက်က ဘာလက်နက်နဲ့ ပစ်လွှတ်လွှတ် ထိခိုက်စရာ ဘာ အကြောင်းမှကို မရှိပါ။

သူ စိတ်ပြေလက်ပျောက် ဖြစ်သွားအောင် ပန်းဆီကို ဖုန်းခေါ်မိသည်။





"ဟယ်လို"

"အင်း ... ပန်း၊ တိုင်ပင်စရာလေးရှိလို့"

"ပြော ... လျှံ"

ပန်းအသံက သိပ်မကြည်လင်။ သူ့လုပ်ရပ်ကို သဘောမတွေ့သော်ငြား ပြောမရလို့ လွှတ်ထားရသည့်အပြင် မမုန်းနိုင် မမေ့နိုင် မစွန့်လွှတ်နိုင်လို့ အောင့်အည်းသည်းခံနေရ မှန်း သူ ကောင်းကောင်းကို သိနေပါသည်။

"ဒီလာကုန်လောက် ကိုယ့်ဦးလေး လင်မယားနဲ့ ပန်းကို လာတောင်းချင်လို့၊ အဲဒါ အဆင်ပြေပါ့မလား"

အရင်တုန်းကသာ ဒီစကားကြားရရင် ပန်းသွေး စိတ်လှုပ်ရှား ပျော်ရွှင်မိမှာပါ၊ အခုတော့ တစ်စုံတစ်ရာက ပန်းသွေး ကို ပျော်ရွှင်မှုမရအောင် ပိတ်ပင်တားဆီးနေသည်လေ။

"ရှင်မင်းညိုကို အလဲထိုးချင်ရုံလောက်နဲ့တော့ ဒီကိစ္စကို မစီစဉ်စေချင်ဘူး"

"ပန်း ကိုယ့်ကို မကြည်တာ ကိုယ်သိပါတယ်၊ ပန်းနေရာ မှာ ကိုယ်ဝင်နေကြည့်ပါတယ်၊ အရမ်းအခံရခက်တဲ့ နာကျင်



www.burmeseclassic.com

www.burmeseclassic.com



မှုမျိုး ခံစားရမှာပါ၊ ဒါပေမဲ့ ... ဟူး ... ကိုယ်ပြောပြီးပြီပဲ ပန်းရယ်၊ ကိုယ့်စိတ်ထဲမှာ သူ့ကို ကလဲ့စားချေချင်ရုံသက်သက်ပဲ သဘောထားခဲ့တာပါ"

"ပန်းကတော့ လျှို ကိုယ့်စိတ်ကိုကိုယ် သေချာဆန်းစစ်ကြည့်စေချင်တယ်၊ အမှန်အတိုင်း ပြောရရင် လျှို့ကိုစိတ်ပျက်မိတာ အမှန်ပဲ၊ ကလဲ့စားချေတယ်ဆိုတာ ကောင်းတဲ့လုပ်ရပ် မဟုတ်ဘူး၊ ပြီးတော့ ဘယ်လိုပဲပြောပြော ပန်းမဟုတ်တဲ့ ကောင်မလေးတစ်ယောက်နားမှာ လျှိုရှိနေတာ လုံးဝခံစားလို့ မရဘူး"

"ကိုယ်တို့ ဒီကိစ္စ ထပ်မဆွေးနွေးကြရင် ကောင်းမယ် ပန်း၊ ပန်း ကိုယ့်ကို လက်မခံနိုင်တော့ဘူး ဆိုရင်လည်း ပန်း သဘောပါ၊ ကိုယ်ကတော့ target ရောက်အောင်တော့ သွားရလိမ့်မယ်"

သူ့မဘက်က ဘာမှမတုံ့ပြန်သေးခင်မှာ သူ ဖုန်းချပစ်လိုက်သည်။ အကယ်၍သာ ပန်း ဒီကိစ္စတွေ မသိခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူ့မှာ အစောကြီးကတည်းက အကြ





အစည် ရှိပြီးသားမို့ သူမရှေ့မှာ "ရှင်မင်းညို"ဆိုတဲ့ နာမည်တောင်ဖွင့်မပြောခဲ့။ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ရှင်မင်းညို အကြောင်းတွေ ဒီနှစ်တွေထဲကျိတ်ပြီး စုံစမ်းခဲ့တာ။ တကယ်တော့ ပန်းသွေးနီဆိုတာလည်း အအနုနုမိန်းကလေး တစ်ယောက်မှ မဟုတ်တာပဲ။

သူ ဖုန်းချသွားတော့ ပန်း မျက်ရည်ကျမိသည်။ အခုတော့ ပန်းအဖြစ်က ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်လို့နေပြီလေ။ ရုတ်တရက် အတွေးထဲကို အကြံတစ်ခု ရောက်လာသည်။ အဲဒါက ရှင်မင်းညိုကို သူမနဲ့လျှိုဟာ ချစ်သူတွေဖြစ်တဲ့အကြောင်း အသိပေးဖို့။ အဲဒါဆို ရှင်မင်းညို ဒေါသတွေထွက်ပြီး သူ့ကို ပြဿနာရှာပြီးတော့ ခွာပြသွား။ ကလဲ့စားချေတဲ့ဇာတ်လမ်း လုံးလုံးပျောက်ထွက်သွားပြီး လူမှန် နေရာမှန် ပြန်ရောက်သွားမည်လေ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်မယ့် အစီအစဉ်ကောင်းမို့ ပန်းသွေးနီ ဆုံးဖြတ်ချက်ကို ရဲရဲကြီး ချပစ်လိုက်သည်။

visiting card ထဲက ရှင်မင်းညိုရဲ့ဖုန်းနံပါတ်ကို ပန်းသွေး အချိန်မဆိုင်းဘဲ ခေါ်ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလျှံကို ဖုန်းဆက်ဖို့ ဖုန်းကုင်ကိုင်ချင်း ဖုန်းတစ်ကော ဝင်လာတာမို့ ရှင်မင်း ကိုင်လိုက်ပါသည်။

"ဟယ်လို"

"ရှင်မင်းညိုလား"

"ဟုတ်ပါတယ်"

"တို့ ပန်းသွေးနီပါ၊ မှတ်မိလား၊ Purple Fashion Shop"

"ဟုတ် ... မှတ်မိပါတယ်၊ အစ်မ ပြောပါ"

"တို့ ရှင်မင်းညိုနဲ့ personal ကိစ္စလေး နည်းနည်းဆွေးနွေးစရာရှိလို့ ရှင်မင်းညို ခဏလောက် အချိန်ပေးနိုင်မလား"

"အခုလား"

"ရှင်မင်းညို အားတဲ့အချိန်ပဲ ပြောပါ"

"တော်ကြာနေ ထမင်းစားချိန် ရောက်တော့မှာ၊ ကုမ္ပဏီရှေ့က cafe ကို လာခဲ့ပါလား၊ ဘယ့်နှစ်နာရီလောက်ရောက်ရင် ဖုန်းခေါ်လိုက်ပါ၊ ဒါပဲနော် အစ်မ"

ရှင်မင်းညိုက ပန်းသွေးနီဆိုတဲ့ အမျိုးသမီးနဲ့စတင်ဆုံစည်းခဲ့တဲ့ အဖြစ်အပျက်ကို တရေးရေး မြင်ယောင်လို့နေသည်။





သူ ရှင်မင်းနဲ့ personal အကြောင်း ဆွေးနွေးစရာဆိုတာ ဘာကိစ္စ၊ တစ်စုံတစ်ခုကို တွေးမိတဲ့အချိန်မှာ ရှင်မင်း မျက်နှာလေး ဖြူရော်သွားသည်။ ပြီးတော့ အောင့်သက်သက် အပြုံးတစ်ခုက ရှင်မင်းနှုတ်ခမ်းထက်မှာ မပီဝိုးတဝါး ကပ်ငြိ၍လာသည်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ( ၂၀ )

စိမ်းပြာရောင် မြန်မာဝတ်စုံလေးနဲ့ အေးချမ်းသိမ်မွေ့ပြီး ပြစ်မျိုးမှည့်မထင် လှနိုင်ရက်လွန်းသော ရှင်မင်းညိုကိုကြည့်ပြီး ဘယ်စကားက ပြောလို့ပြောရမှန်း မသိဘဲ ပန်းသွေး လျှာတွန့်နေမိသည်။ ကော်ဖီကို ငုံ့သောက်ရင်း သူမဆီက စကားကို မျက်လုံးဝင့်ပြီး တောင်းဆိုနေတဲ့ ရှင်မင်းညို အကြည့်ကြောင့် ပန်းသွေးနီ လည်ချောင်းတစ်ချက် ဟန့်လိုက်ရင်း ...

"လျှံတိုးဝေကို ရှင်မင်းညို သိမှာပေါ့နော်"

"သိရုံတင် ဘယ်ကမလဲ အစ်မရယ်၊ သူက ရှင်မင်းရဲ့ချစ်သူပေါ့၊ သူနဲ့အစ်မ သိလို့လား"



"မရည်ရွယ်ပါဘူး၊ lesson ပေးရုံလောက်ပဲ ရည်မှန်းခဲ့တာပါ၊ သူ ကားအက်ဆီးဒင့် ဖြစ်တာနဲ့ ရှဥ်လေးရဲ့လုပ်ရပ်ကို တိုက်ရိုက်မပတ်သက်ပေမယ့် သွယ်ဝိုက်သောနည်းအရဆိုရင်တော့ ရှဥ်လေးစိတ်ကြောင့် သူဒီလိုဖြစ်ရတယ်လို့ မှတ်ယူမယ်ဆိုရင်တော့ မှတ်ယူလို့ ရပါတယ်။ မပြေးသော်လည်း ကံရာရှိဆိုသလို ကံဆိုးလှတဲ့ ရှင့်မင်းညိုကိုလူတကာက ဝိုင်းပြီးလက်ညှိုးထိုးကြတာပေါ့ ကိုလျှံ"

ဖျတ်ခနဲ မှိုထားတဲ့ခေါင်းက သူနဲ့မျက်နှာချင်းဆိုင်ရင်ဆိုင်လာတာမို့ သူ့မျက်ဝန်း အမှန်းတွေကို ချက်ချင်းရုပ်သိမ်းလိုက်ရပါသည်။

"နောက်တော့ ဘာဆက်ဖြစ်လဲ ရှဥ်လေး"

"သူ ဆုံးသွားခဲ့တယ်၊ အရမ်းစိတ်မကောင်းဖြစ်ပြီး နောင်တအကြီးအကျယ် ရခဲ့ပါတယ်၊ သူ့ဈာပနကို သွားချင်ခဲ့ပေမယ့် ... ဟင်း ဟင်း ဟင်း"

နာကျင်မှုနဲ့ တွဲဖက်ပြီး ရှင်မင်း ရယ်သည်။ သူမ မျက်ဝန်းထဲမှာ မျက်ရည်တွေက အပြည့်၊ အရယ်ရပ်ရင်း သူမစကားကို ထပ်ဆက်သည်။*

www.burmeseclassic.com

www.burmeseclassic.com



"သူ အစ်မကို ရွေးချယ်သွားမယ်ဆိုရင် ရှင်မင်း နေခဲ့ဖို့ အသင့်ပါ။ သူ ရှင်မင်းကို ရွေးချယ်မယ် ဆိုရင်လည်း အစ်မ ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါ"

"ဘာ"

လျှံ့ရဲ့လျှို့ဝှက်ချက်တို့ကို ပြောချင်လွန်း၍ ပါးစပ်က တတုတ်တုတ် ဖြစ်နေပါသော်လည်း အသိတရားတစ်ခုရဲ့ ထိန်းချုပ်မှုက လက်ဦးအောင် ထိန်းပေးထားနိုင်ခဲ့သည်။ ရှင်မင်းရဲ့စကားကို ဘယ်လိုနှုတ်လျှံထိုးရမှန်း မသိဘဲ ငေါင်နေတဲ့ ပန်းသွေးနီကို ရှင်မင်းညို ခပ်ထေ့ထေ့လေး ပြုံးကြည့်လိုက်သည်။

ကိုလျှံ့ရဲ့ ရှင်မင်းညိုပေါ်ထားတဲ့ အမှန်တရားက ကြောက်ခမန်းလိလိပါလားနော်။ နှစ်ပေါင်းများစွာ ချစ်ခဲ့သည့် မိန်းမကိုတောင် အဆက်ဖြတ်ပြီး ရှင်မင်းနားကိုရောက်အောင် လာခဲ့တာပဲကြည့်လေ။ အခုအချိန် ပန်းသွေးနီဆိုတဲ့ အမျိုးသမီး ရင်ထဲမှာ ဘယ်လောက်တောင် ဗလောင်ဆူနေလိုက်မလဲ။ ရှင်မင်းညို ကိုယ်ချင်းစာကြည့်၍ ရသည်။ ရှင်မင်းတောင် သူ့အပေါ်ကို ဒီကာလတိုလေးအတွင်း စူးနစ်စွာ ချစ်ခင်မိသေးရင် သူဆို_





"သူ တို့ကိုရွေးချယ်မှာ ကျိန်းသေတယ် ဆိုရင်ရော"

"ရှင်မင်း နေခဲ့မယ်လို့ ပြောပြီးသားပဲ မပန်းသွေးနီ"

"တကယ်တော့ တို့ အခုလို လာပြောရတာဟာ မင်းကို မနာကျင်စေချင်လို့ပါ ရှင်မင်းညို"

"ကျေးဇူးတင်ပါတယ် မပန်းသွေးနီ၊ ရှင်မင်းဘက်ကတော့ မကားကုန်နေပါပြီ၊ ရှင်မင်းကို သွားခွင့်ပြုပါဦး"

ရှင်မင်းက ထိုင်နေရာမှ ထ,ရပ် နှုတ်ဆက်ပြီး waiter ကို လှမ်းခေါ် bill ရှင်းလိုက်သည်။ ပန်းသွေးနီကတော့ ကျောက်ရုပ်တစ်ရုပ်အလား နေရာမှာ ထိုင်ကျန်ခဲ့ရင်း ထွက်သွားတဲ့ ရှင်မင်းညိုကိုသာ မမှိတ်မသုန်နှင့် စိုက်ကြည့်ကျန်ခဲ့သည်။

ရင်ထဲမှာလည်း သံသယလှိုင်းလေးတွေက တံပိုးထလို့။ လျှံ့ ... သူ ရှင်မင်းညိုကို တကယ်များ ချစ်သွားလို့လား။ အဲဒါကြောင့် ရှင်မင်းညို မျက်နှာမပျက်ဘဲ ယုံကြည်မှုရှိနေတာလား။

ပန်းသွေးနီရဲ့ မျက်ရည်တစ်စက်က ပူလောင်နာကျင်မှုကြောင့် ထွက်ကျလို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းသေးနီကို ကျောခိုင်းထားခဲ့သည့် ရှင်မင်းညို့ရဲ့ ရင်ထဲမှာ မျက်ရည်မိုးတို့ ရွာသွန်းဖြိုးလို့ နေပါသည်။ ပန်းသွေးနီနဲ့ ရှင်မင်းညို နှစ်ယောက်ထဲက ကိုလျှံ ရွေးချယ်မယ့်သူဟာ ပန်းသွေးနီပဲဖြစ်မှာ ကြိုသိထား၍ပါ။ တကယ်ဆို ရှင်မင်း အနိုင်ပိုင်းပြီး သူ့ရဲ့ကလဲ့စားချေမယ့် မဟာစီမံကိန်းကြီးကို ဖျက်ဆီးပစ်လိုက်၍ ရပါသည်။ ကိုယ်ကိုယ်တိုင်က ယဓ်ပလ္လင်ထက်မှာ ရင်အခွဲခံဖို့ ကျေကျေနပ်နပ် စောင့်စားနေခဲ့တာဟာ အမှားပြင်ဆင်ချက်တစ်ခုကို လုပ်ဆောင်ချင်တာထက် ရှင်မင်းရင်ကိုခွဲမည့်သူ့ကို ရူးသွပ်စွာ ချစ်မိလို့ပဲ ဖြစ်ခဲ့သည်။

"နေခွင့်ရသလောက် ကိုလျှံ့အနားမှာ နေချင်မိတယ်။ ကိုလျှံရဲ့ဟန်ဆောင်အချစ်တွေကို သိမ်းပိုက်ခွင့်ရသလောက် သိမ်းပိုက်ချင်မိတယ်။ အဆုံးတစ်နေ့ ကိုလျှံ ရယ်မောဟားတိုက်လို့ ရှင်မင်းကို ထားရစ်ခဲ့ရင် သေရာပါ အမှတ်တရအဖြစ် ရှင်မင်း နေကာ်ဆုံးထွက်သက်အထိ သိမ်းထားချင်လို့ပါ ကိုလျှံ၊ အဲ့လောက်အထိ ရှင်မင်း ကိုလျှံ့ကို ချစ်ပါတယ်"





ရင်ထဲက တီးတိုးစကားသံလေး ထွက်လာသည်နှင့် တစ်ပြိုင်နက်တည်းမှာပဲ ရှင်မင်း မျက်ဝန်းက ရင်ထဲက မျက်ရည်မိုးတို့ ကူးစက်ပြီး ရွာအုံ့ဆဲဆဲ ဖြစ်လာသည်။ ရှင်မင်းညို အံ့လေးမသိမသာကြိတ်၊ မျက်လုံးလေး ပုတ်ခတ်လို့ မျက်ရည်မကျအောင် တင်းထားလိုက်သည်။ ဘာလို့ဆိုတော့ လျှံတိုးဝေဆီက ဖုန်းလာနေ၍ပဲ ဖြစ်သည်။

"ဟယ်လို"

"ရှဥ့်လေး ... အစည်းအဝေး ပြီးပြီလား"

"metting လား၊ အင်း ဆယ့်တစ်နာရီလောက်က ပြီးတယ်"

"ဟင် ... ပြောတော့ ဖုန်းပြန်ခေါ်မယ်ဆိုပြီး"

"ဪ ... မိတ်ဆွေတစ်ယောက် ရောက်လာလို့ စကားလက်ခံပြောနေလို့ပါ ကိုလျှံရယ်"

"အဲဒီနာရီဝက် တစ်နာရီ အချိန်လေးတောင် ကိုယ် ရှဥ့်လေးကို အရမ်းလွမ်းနေတယ"

ရှင်မင်းညို နာနာကျင်ကျင်လေး ပြုံးလိုက်ပါသည်။ ဆဲ့ဝဲလာသော မျက်ရည်စတို့ကို မျက်ခွံလေး ဖိချလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်တွေ ရှင်မင်းပါးပေါ် စီးကျလာသည်။ ရင်ထဲက မဟုတ်တဲ့ သူ့လျှာဖျားက စကားမှန် သိသိနဲ့တောင် ရှင်မင်း နှလုံးသားက အရေးတယူနဲ့ ခံစားတတ်နေပြန်ပါသည်။

"ရှဥ့်လေးလည်း ကိုလျှံ့ကို လွမ်းတယ်"

"ဟင် ... အသံက ဘယ်လိုဖြစ်တာလဲ၊ ရှဥ့်လေး ငိုနေတာလားဟင်"

အခန်းထဲကို လူတွေဝင်လာတာမို့ ရှင်မင်း မျက်ရည်တွေကို တစ်ရှူးနဲ့ ဖိသုတ်လိုက်သည်။ သူ့လေသံတွေက အကြွင်နော ငွေ့ငွေ့တို့ ရောယှက်လို့နေသည်လေ။ စစ်မစစ် ဆိုတာတော့ သူကိုယ်တိုင်သာ သိပါလိမ့်မည်။

"မရတော့ဘူးကွာ၊ ရုံးဆင်းရင် ကိုယ် ရှဥ့်လေးကို လာတွေ့မှရတော့မယ်၊ ပြီးတော့ ဒီနေ့ ဘာနေ့လဲ ရှဥ့်လေးသိလား"

"ဟင့်အင်း"

သိသိနဲ့ ရှင်မင်း မသိချင်ယောင် ဆောင်လိုက်ပါသည်။

သူပြောမယ့် စကားကို အသာနားစွင့်လို့ပေါ့။





"ဒီနေ့ ကိုယ်တို့ ချစ်သူသက်တမ်း သုံးလပြည့်တဲ့နေ့ပေါ့။ ရှင့်လေး ကိုယ့်ကို ချစ်တယ်ဆိုတာ ဘာလဲ၊ ကိုယ်ကတော့ အဲဒီနေ့လေးကို တစ်သက်မမေ့နိုင်ပါဘူး။ ဒီရက်တွေထဲ ကိုယ် ဘာလုပ်နေလဲ သိလား"

"ဘယ်သိပါ့မလဲ"

"ကိုယ်လာတဲ့အခါ ရှဥ့်လေး တွေ့လိမ့်မယ်၊ ဒါပဲကွာ ... ဒီမှာ လုပ်လိုက်ဦးမယ်"

သူ ဖုန်းချသွားတော့ ရှင်မင်း သက်ပြင်းတစ်ခု ဆွဲဆွဲငင်ငင် ချလိုက်သည်။ ရင်ထဲမှာတော့ အောင့်တက်ပြီး စူးစူး ရှရှနှင့် နာကျင်လာသည်။ သူ့ရဲ့ပစ်ချက်တွေက တကယ်ကိုပဲ ရှင်မင်းညို ဓိဝိနကို ချူပ်စေနိုင်ပါတယ်။ အကယ်၍သာ ဇော်ဝဏ္ဏ ဆီက ဒီအကြောင်းတွေ ကြားမထားဘူးဆိုရင် သူထားခဲ့တဲ့ တစ်နေ့မှာ ရှင်မင်းညို ဆိုတဲ့ မိန်းကလေးလည်း ရင်ကွဲနာကျပြီး ကမ္ဘာမြေပေါ်ကတောင် ပျောက်ကွယ်သွားလောက်ပါသည်။

ရုံးဆင်းတော့ သူရောက်လာပါသည်။ သူ ရှင်မင်းကို လက်ဆောင်တစ်ခု ပေးသည်။ အဲဒါက ရှင်မင်းရဲ့ပုံတူပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်ချပ်။ ပန်းချီကားရဲ့ ညာဘက်ထောင့်မှာ သူ့လက်မှတ်လေး ရေးထိုးထားသည်။ ရှင်မင်းနဲ့ ခွဲမရအောင်တူတဲ့ ပန်းချီကားလေးပါ။

"ရှင့်လေး ထာဝရ အမြတ်တနိုး သိမ်းထားပါ့မယ် ကိုလှ၊ မမျှော်လင်တဲ့အချိန်မှာ မမျှော်လင့်တဲ့ပစ္စည်း လက်ဆောင်ပေးတဲ့အတွက် အရမ်းလည်း အံ့အားသင့်ပြီး ဝမ်းသာရပါတယ်"

"ဟား ဟား … ဒါကတော့ ကိုယ့်အကျင့်ပဲ ရှဥ်လေး၊ ကိုယ်က မမျှော်လင့်တဲ့အချိန်မှာ မထင်မှတ်ထားတဲ့ တစ်စုံတစ်ရာကို suprise ဖြစ်အောင် လုပ်တတ်တာ".

နှုတ်ခမ်းထောင့်က အချိုင့်လေးတွေပေါ်အောင် ရယ်လိုက်တဲ့ သူ့မျက်နှာချောချောကို ရှင်မင်း တမှေ့တမော ငေးကြည့်နေမိပါသည်။ အကာယ်၍များ သူပေးမယ့် surprise ကို ရှင်မင်းကြိုသိထားခဲ့တာ သူ သိခဲ့မယ်ဆို ဘယ်လိုခံစားရမလဲ။

စိုလက်တောက်ပသော မျက်ဝန်းတို့ဖြင့် ရှင်မင်းကို ငုံ့မိုးကြည့်လာတဲ့ သူ့လည်တိုင်ကို ရှင်မင်း သိုင်းဖက်လိုက်ပါ





သည်။ ပြီးတော့ သူ့မျက်နှာအနှံ့ ခပ်ဖွဖွ နမ်းရှိုက်မိသည်။ ဒီအနမ်းတို့ကို သူ တစ်ချိန်မှာ အမှတ်ရပါစေ။

စိတ်ပါလက်ပါနှင့် နူးညံ့စွာ နမ်းရှိုက်နေသော သူမရဲ့ အနမ်းမိုးကြားမှာ သူဟာ ခေတ္တခဏတော့ သာယာမိန်းမောသွားခဲ့ပါသည်။ သူ သတိမထားမိတဲ့အချိန်မှာ သူ့နှလုံးသားတစ်ထောင့်တစ်နေရာက စတင်ဖောက်ပြန်ပြီး လှုပ်ခါလာသည်။ သူ ရုတ်တရက် သူမကိုယ်လေးကို သူ့ရင်ခွင်ထဲက ဆွဲခွာမိလိုက်သည်။

"အို … ကိုလှ"

"sorry ရှဥ်လေး၊ ကိုယ် ရုတ်တရက် ခေါင်းတွေထိုးကိုက်လာလို့"

"ဟင် … ဟုတ်လား၊ နေမကောင်းဘူးလား၊ အဲဒါ ကိုလှရှဥ်လေးပုံကို အားစိုက်ပြီးဆွဲလို့ ဖြစ်မယ်"

သူ့နဖူးကို သူမလက်ဖဝါးနွေးနွေးလေးနဲ့ ဖိစမ်းရင်းမျက်စိပျက် မျက်နှာပျက် ဖြစ်နေတဲ့ ကောင်မလေးကို သူ မျက်တောင်မခတ် ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးသားဆုံး မျက်ဝန်းတွေ၊ အကြင်နာဆုံးအပြုအမူတွေ၊ ဒါတွေ ... ဒါတွေ သူလိုချင်တဲ့ ခံစားချက်အဆင့် ပြည့်မီတဲ့အပြင် ကျော်တောင် ကျော်လွန်နေခဲ့ပြီလေ။ သူ ခလုတ်တစ်ချက် ဆွဲလိုက်တဲ့အချိန်မှာ သူမ မသေတောင် ဗုန်းဗုန်းလဲသွားနိုင်တဲ့ အနေအထားမျိုးမှာ။

ဟား ဟား ... ဘယ်လိုဖြစ်တာလဲ လျှံတိုးဝေရဲ့။ သံမဏိလို တင်းမာပါတယ်ဆိုတဲ့ မင်းရဲ့ခံယူချက်၊ သဘောထားနဲ့ အနှစ်နှစ် အလလ တောင့်တခဲ့တဲ့ ကလဲ့စားချေလိုတဲ့ စိတ်ဆန္ဒတွေ ဒီမိန်းမခြေထောက်အောက်မှာ အရည်ပျော်ဆင်းသွားကြပြီလား။ ပြန်တွေးစမ်း ... ပြန်တွေးစမ်း၊ သူ့ကြောင့် မင်းညီ ဘယ်လိုသေခဲ့ရသလဲ။ မင်းအဖေ ဘယ်လိုသေခဲ့ရလဲ။ မင်းအမေရော ဘယ်လိုအသက်ဆုံးရှုံးခဲ့ရသလဲ။ မင်းကို မိသားစုနဲ့ တကွဲတပြားဖြစ်အောင် လုပ်ခဲ့တဲ့မိန်းမ၊ မင်းကို စိတ်ဒဏ်ရာမြောက်မြားစွာ ပေးခဲ့တဲ့မိန်းမ၊ ဒီမိန်းမကို မင်းက ဘာလို့ ...။

ရှင်မင်းညိုပေါ် တွယ်ငြိသွားသောစိတ်ကို အဝင်မခံနိုင်ဟန်နှင့် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။





"ပြန်ရအောင် ရှဥ့်လေး၊ ကိုယ် မရတော့ဘူး"

"ပြန်လေ ... ရှဥ့်လေး စိတ်မချလိုက်တာ၊ ကိုလျှံ ကားမောင်းလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"တော်ကြာ မတော်တဆ ..."

ဖျတ်ခနဲ လှည့်ကြည့်လာတဲ့ သူ့မျက်ဝန်းတွေကြောင့် ရှင်မင်း စကားတစ်ဝက်တစ်ပျက်မှာတင် ရပ်တန့်လို့သွားသည်။ ဒီအကြည့်တွေထဲက အရောင်တစ်မျိုးကို ရှင်မင်း အမိပွာယ်၍ ရခဲ့သည်လေ။ ချက်ချင်းဆိုသလိုပဲ သူ့မျက်ဝန်းက အရောင်ပြောင်းသွားခဲ့ပါသည်။

"Bye ... ရှဥ့်လေး၊ ကိုယ် မသေနိုင်သေးပါဘူး။ စိတ်ချပါ၊ ကိုယ့်မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေသေးတာ၊ မပြီးမချင်းတော့ ကိုယ် သေမှာမဟုတ်ဘူး"

ရှင်မင်း နဖူးပေါ် နှုတ်ဆက်အနမ်းပွင့် ခြွေရင်း ပြောလာတဲ့ သူ့စကားကြောင့် ရှင်မင်း မျက်ရည်ဝိုင်းတက်လာပါသည်။ ကိုယ်ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကိုသာ ဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ ကိုလျှံ၊ ကိုလျှံ့လုပ်ငန်း အောင်မြင်အောင် အပြီးအထိ ရှဥ့်လေး ပါဝင်ကူညီပေးမှာပါ။ ရှင်မင်း ရင်ထဲက တီးတိုးစကားသံလေးတွေကိုတော့ ကိုလျှံ ကြားနိုင်အံ့မထင်။





## ၂၉

"စိတ်ခိုင်တယ် ဆိုရင်တော့ ပန်းသွေးကို လာတောင်းလှည့်ပါ၊ အိမ်က ကိုလျှံ့ကို သားအရင်းတစ်ယောက်လို ချစ်ပြီးသားမို့ ကန့်ကွက်စရာ မရှိပါဘူး"

ပန်းစကားတွေက သူ့နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ သူ့အကြည့်တွေက မိသားစုလေးယောက် ရိုက်ထားတဲ့ ဓာတ်ပုံပေါ်မှာသာ စူးစူးစိုက်စိုက် ရှိနေပါသည်။ ဒီဓာတ်ပုံကိုသာ သူ ကြည့်နေပေမယ့် သူ မြင်နေရတာက ရှင်မင်းညို့ရဲ့ အရိပ်တွေ။

"လျှံ ... လျှံ ... ပန်းပြောတာ ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အေးနား လာရပ်ပြောသဲကြောင့် သူ ပန်းကို မော့ကြည့်လိုက်သည်။ သူ ဆယ်စုနှစ်တစ်နှစ်နီးပါး ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ကိုပေါ့။ တိတ်ဆိတ်ငြိမ်သက်လွန်းနေတဲ့ သူ့ရင်ခုန်သံကို သူ ပြန်မေးကြည့်နေမိသည်။ အချစ်ဆိုတာ အချိန်ကြာညောင်းသွားရင် သွေးအေးတတ်သွားပါသလား။

"ကြားပါတယ်"

"ကြားရင် ပြန်မဖြေပါလား"

အောက်ပါကေးခင်းပေါ်ကို ကြက်မွေးချရင်းက ပန်းက ဘုတောသည်။ ဒီနေ့ သူ ပန်းကို သူ့အခန်းသို့ ဖိတ်ခေါ်ခဲ့ပါသည်။ ရှင်မင်းနဲ့ ပတ်သက်ပြီး မှုမမှန်ချင်တဲ့ သူ့စိတ်တို့ကို ပန်းနဲ့ပြန်လည်ပြီး ပြင်ဆင်ကြည့်ချင်၍ပါ။

သူ ပန်းသွေးရဲ့ သွယ်လျပါးလျားသော ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူဖက်ထားလိုက်သည်။ မျက်လုံးလေးတွေမှိတ်ပြီး သူ့ရင်ခွင်ထဲမှာ အရုပ်လေးတစ်ရုပ်လိုငြိမ်သက်နေတဲ့ ပန်းကို အနမ်းပွင့်တို့ ခြွေမိပါသည်။ သို့သော်လည်း ရသတစ်ခုပျောက်ရှနေတာ သူ့နှလုံးသားက ချက်ချင်းဆိုသလို သူ့ကို သတင်းပေးသည်။





"ကဲ ... ကဲ ... ကိုယ် ဗိုက်ဆာပြီကွာ၊ ပန်းလက်ရာမစားရတာကြာပြီ၊ ထမင်းခူးပေး"

"ဟွန်း"

ပန်းက နှုတ်ခမ်းလေးစူရင်း သူ့ရင်ခွင်ထဲက ထွက်သွားသည်။ သူကတော့ သက်ပြင်းမောတစ်ခုချလို့ ရင်ခုန်သံစဉ်တွေနဲ့ လိုက်လျောညီထွေ ရှိလှသော ချိုမြိန်သောအနမ်းတို့ကို သတိရ အောက်မေ့မိသည်။ သူ့အကြည့်တွေ family photo ဆီ ရောက်သွားချိန်မှာ သူ သူတို့ရဲ့အကြည့်တွေကို ရင်မဆိုင်ရဲစွာဖြင့် မျက်နှာလွှဲ ခေါင်းငုံ့ချမိသည်။

"ခွင့်လွှတ်ပါ၊ ကျွန်တော် နေ့စဉ်နေ့တိုင်း မပျက်မကွက် ကတိပေးခဲ့တဲ့ ကတိစကားကို မချိုးဖောက်ပါဘူး။ ကျွန်တော် သူ့ကို လက်စားချေမှာပါ"

သူ ခေါင်းငုံ့ရင်းက ခပ်တိုးတိုး ရေရွတ်သည်။ ဒီရေရွတ်သံအောက်က သူ့နှလုံးသားကတော့ ဘာကြောင့်ရယ်မသိ တဆစ်ဆစ် နာနေသလိုလို။ လျှံတိုးဝေ ... မင်း ယောကျ်ားတစ်ယောက်ပါ။ ယောကျ်ားဆိုတာ ဆုံးဖြတ်ပြီးသွားရင် မဖြစ်,ဖြစ်အောင် လုပ်ရတယ်၊ ဘယ်လိုအခက်အခဲပဲရှိရှိ စိတ်ဓာတ်တွေ မပျော့ညံ့ရဘူး။ သူ ကိုယ့်ကိုယ်ကိုယ် အားပေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ချူးပြီးပါပြီရှင်၊ ထမင်းစားဖို့ ကြွရောက်တော်မူပါတော့ ကိုယ်တော်"

ပန်းရဲ့ ကမ်းပေးတဲ့ လက်ကလေးကို သူ ဆွဲကိုင်ပြီး ထလိုက်သည်။ ပြီးတော့ ပန်းရဲ့ပခုံးလေးကိုဖက်ရင်း ထမင်းစားခန်းဘက် လျှောက်လာသည်။

"နောက်အပတ်တနင်္ဂနွေ ကိုယ် ပန်းကို လာတောင်းမယ်၊ လူကြီးတွေကို သေချာပြောထားပါ"

"ဟင် ... တကယ်"

ဝမ်းသာခြင်းအရောင် လက်လက်ထနေတဲ့ မျက်ဝန်းတွေနဲ့ ပန်းရဲ့အသံက မြူးစူးလို့နေသည်။ သူမရော သူ့ကို တမြတ်တနိုးနဲ့ နှစ်ပေါင်းများစွာ သစ္စာရှိရှိ ချစ်လာခဲ့တဲ့ ချစ်သူတစ်ယောက်ပဲ မဟုတ်လား။ သူ့ရဲ့အထီးကျန်အဖော်မဲ့ နာကျင်ကြေကွဲရတဲ့ နေ့ရက်တွေမှာ သူမဘေးကနေ အမြဲကူဖေးမခဲ့သည်လေ။

"အဲဒါဆို ရှင်မင်းညိုကို ဘယ်လိုလုပ်မှာလဲ"

ဇွန်း၊ ခက်ရင်းနဲ့ အသံမမြည်အောင် ထမင်းစားနေတဲ့ သူက ပန်းသွေးရဲ့မေးခွန်းကို အဖြေပြန်မပေးပါ။ သူ့မျက်နှာပေါ်မှာ နာကျင်ရိပ်တချို့ကိုမြင်တော့ ပန်းသွေး ရင်ထဲတစ်ချက်အောင့်သွားသည်။ ငယ်ငယ်ကတည်းက ခင်ခဲ့တဲ့သူငယ်ချင်း၊ နှစ်အကြာကြီးတွဲခဲ့တဲ့ ဒီယောက်ျားသားရဲ့ စိတ်ခံစားမှုကို သူမ ထပ်တူနီးပါးမျှ လိုက်ခံစားလို့ ရသည်လေ။ သူ ပျော်နေလား။ သူ ဝမ်းနည်းနေလား။ သူ ဘာဖြစ်နေသလဲဆိုတာ မျက်နှာကြည့်ရုံနဲ့ သိတတ်ခဲ့သည်။ အခု သူ ကြေကွဲနေသည်။ အဲဒါဘာကြောင့်လဲ။ ဆက်စဉ်းမစားရဲလောက်အောင် ပန်းသွေး တုန်လှုပ်သွားမိသည်။

"လျှံ ... သူ့ကိုများ ..."

"အဓိပ္ပာယ်မရှိတာတွေ မပြောဘဲ ထမင်းစားမှသာစားပါ၊ ကိုယ် သူ့ကို လှလှပပကလဲ့စားချေမှာပါ၊ ပြီးရင် ပန်းကို ကိုယ်လက်ထပ်မှာပါ၊ ဒီအတိုင်းပဲ ကိုယ့်အစီအစဉ်မှာ လုံးဝအပြောင်းအလဲ မရှိဘူး"

စကားနိုင် မလုချင်တော့တာနှင့် ပန်းသွေး ထမင်းငုံ့စားနေမိသည်။ ရင်ထဲမှာတော့ သူ့ကို မေးခွန်းတစ်ခု အကျယ်ကြီး အော်မေးနေမိပါသည်။

"လျှံ ... ရှင် ... ရှင်မင်းညိုကို ချစ်နေပြီ မဟုတ်လား"





စေတနာစာပေ

www.burmeseclassic.com

ဖုန်းမြည်သံသဲ့သဲ့ကြောင့် ပန်းသွေး ထမင်းစားနေရာကထပြီး အိမ်ရှေ့ဆက်တီစားပွဲပေါ်ကဖုန်းကို ယူလိုက်သည်။ ဖုန်းမှာရိုက်ထည့်ထားတဲ့ နာမည်ကိုတွေ့တော့ မျက်မှောင်တစ်ချက်ကြုတ်မိသွားသည်။

"ရှဥ်လေး"

ဘယ်က ရှဥ်လေးပါလဲ။ ဖုန်းကိုယ်မယ် အလုပ်မှာ ဘယ်အချိန်က ဘယ်လိုရောက်လာမှန်းမသိတဲ့ လျှံက သူမလက်ထဲကဖုန်းကို ဆွဲလုပြီးကိုင်သည်။

"hi ရှဥ်လေး"

ပန်းသွေး ဒီတော့မှ ဖုန်းဆက်တဲ့သူကို ရှင်မင်းညီမှန်း ရိပ်စားမိလိုက်သည်။ အလိုက်တသိနဲ့ ထမင်းစားခန်းဘက်ထွက်လာတဲ့ ပန်းသွေးနီ မျက်ဝန်းထဲမှာ ခိုဝင်လာသော ဟန်ဆောင်တာမဟုတ်ဘဲ တကယ်ပျော်ရွှင်နေတဲ့ လျှံရဲ့မျက်နှာကိုပါ။

✤ ✧ ✤





## ၃၀

အပေါင်းအသင်းတွေနဲ့တွေ့မှ တစ်ခါတစ်ရံသောက်ဖြစ်သော အရက်ကို ဒီနေ့တော့ သွေးသားက လိုလားတောင့်တနေမိသည်။ ဝီစကီတစ်ခွက်က အူအရိုင်းလို ဖြစ်နေသော သူ့ကို ရီဝေဝေ ယစ်မူးသော ရသကို ပေးစွမ်းနေ၏။

သူ့မျက်ဝန်းမှာ အတိတ်ဆီက ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မိသားစုပုံရိပ်လေးတွေက တဝဲလည်လည်။ ဖေဖေ့ရဲ့ကြင်နာမှု၊ မေမေ့ရဲ့နွေးထွေးမှု၊ ကျော်ရဲ့တွယ်တာမှု။ ဒါတွေအားလုံးရဲ့နောက်မှာ တစ်ယောက်ချင်းစီကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အဖြစ်သနစ်တို့က စီကာစဉ်ကာ အရိပ်ထင်လာခဲ့သည်။

www.burmeseclassic.com



ငါးနှစ်တိတိ ယဉ်ယဉ်လေး ရှုးသွားတဲ့ မေမေ့ကို ကြည့်ပြီး သူ အံကြိတ်မျက်ရည်ကျခဲ့ရတဲ့ အဖြစ်တွေ။ ပြန်တွေး လိုက်တိုင်း သူ့နှလုံးသားက နာကျင်ဆဲပါ။ မေမေဆုံးသွားတော့ သူ့နှလုံးသားလည်း ကြွေပြုန်းသွားခဲ့သည်။

မခံစားတတ်တော့ဘူး ထင်ခဲ့တဲ့ ပျောက်ရှသွားခဲ့ပြီ ထင်ခဲ့တဲ့ သူ့နှလုံးသား။ အထူးသဖြင့် ရှင်မင်းညီအတွက် အမုန်း အဆိပ်ရည်နဲ့ ပြည့်ဝပျော်ဝင်နေတဲ့ သူ့နှလုံးသား အခု တော့ ဘာကြောင့်များ ကစဉ့်ကလျားတွေ ဖြစ်နေရပါလိမ့်။

"အဟက် ဟက်"

သူ လက်ရှိအနေအထားကို မခံချိမခံသာ ဖြစ်နေရင်း က မမှုဟန်ဖြင့် အော်ရယ်လိုက်သည်။

"မင်းက တကယ်စုန်းမပဲ၊ စုန်းမတောင်မှ အစွမ်းထက်တဲ့ စုန်းမ၊ ငါ့မိသားစုကို သေတွင်းထဲပို့ပြီးရုံတင် အားမရသေး ငါ့နှလုံးသားကိုပါ ဖမ်းစားဖို့ ကြိုးစားနေတာပေါ့လေ ဟား ဟား၊ ဒီတစ်ခါတော့ အရှုံးကြီး ရှုံးရမယ့်သူက မင်း ပဲဖြစ်မှာပါ ရှင်မင်းညို"





သူ့မျက်ဝန်းထဲကို ရှင်မင်းညိုရဲ့လှပတဲ့ ရုပ်လွှာ လေး ဝင်ရောက်လာပြန်သည်။ ကြင်နာတဲ့အကြည့်၊ နူးညံ့တဲ့ အပြုံး။ အတိုင်းသား မြင်နေရတဲ့ သူမရဲ့ သူ့အပေါ် ချစ်မြတ်နိုး မှုတွေ။ သွားစမ်းပါကွာ။ သူ ခေါင်းကို တွင်တွင်ကြီးကို ခါနေမိ သည်။

"မရဘူး ရှင်မင်းညို၊ တကယ်လို့များ ငါမသိလိုက်တဲ့ အချိန်မှာ ငါ့နှလုံးသားထဲ မင်းကိုချစ်မိတဲ့ အချစ်ဆူး စူး ခဲ့မယ်ဆိုရင်တောင် ငါအသေခံပြီး ဆွဲနုတ်ဖို့အသင့်ပဲ၊ အဲ့လောက်ထိ မင်းကိုမုန်းတယ် မှတ်ထား"

သူ့လက်ထဲက ဝီစကီဖန်ခွက်ကို ပစ်ပေါက်ခွဲချပစ် လိုက်သည်။ သူ့မျက်ဝန်းထောင့်က မျက်ရည်တွေက ဘာအတွက် ကြောင့် တိုးထွက်လာမှန်း သူကိုယ်တိုင် မသေချာ။ ဆိုဖာဆက်တီ ပေါ် ခေါင်းမှီနောက်လှန်ရင်း သူ တောင်စဉ်ရေမရသော စကား တို့ကို ရွတ်ဆိုနေမိသည်။

"ငါ မင်းကို သိပ်ချစ်မိနေပြီ ရှင်မင်းညို၊ ဒါပေမဲ့ ငါ မင်း ကို အရမ်းလည်း မုန်းနေခဲ့တယ်၊ အချစ်နဲ့အမုန်း ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်ဘက်ခံစားမှုနှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ၊ မင်းကို ချစ်တယ်၊ မင်းကိုမုန်းတယ်၊ မင်းကိုချစ်တယ်၊ မင်းကိုမုန်းတယ်၊ တစ်လှည့်စီ ပေါ်နေတာ ရှင်မင်းညို၊ ဒါပေမဲ့ အဆုံးသတ်တော့ …”

သူ မျက်နှာကို လက်နှစ်ဖက်ထဲ မှောက်ချရင်း သူ ငိုချမိသည်။ အတန်ကြာငိုပြီးတော့ သူ့မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။

ငိုပြီးထားတဲ့ သူ့မျက်ဝန်းထဲမှာ အေးစက်သောအရိပ်အငွေ့တို့ ကွန်းခိုလာသည်။

ပြီးတော့ သူ့ခြေထောက်တွေက မီသားစုလေးယောက် ရိုက်ထားတဲ့ဓာတ်ပုံရှေ့ ရောက်သွားသည်။

“ကျွန်တော် ခေတ္တခဏလောက် ရှုံးသွပ်သွားမိတာ တောင်းပန်ပါတယ် ဖေဖေနဲ့ မေမေ၊ ကျော် … ငါ သူ့ဆီကရစရာ နှလုံးသားအကြွေးကို ပြန်ယူပေးမှာပါကွာ၊ စိတ်ချ၊ သူ မင်းလို ဘဝမဆုံးရင်တောင် ရှင်သန်ရတဲ့ဘဝမှာ နှလုံးသား သေဆုံးသွားစေရမယ်”





သူ မိနစ်အနည်းငယ်လောက် ဓာတ်ပုံရှေ့မှာရပ်ပြီးတော့ အိပ်ရာဝင်လာကဲ့သည်။ ခေါင်းအုံးကို လှက်လှမ်းလိုက်တော့ ခေါင်းရင်းကဖုန်းဆီ လက်ရောက်သွားသည်။ ရှင်မင်းညို ခေါ်ထားတဲ့ miss call က ဆယ်ကြိမ်မက။ သူ နှုတ်ခမ်းတွန့်ပြုံးပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။

မနက်ဖြန်ကစပြီး ငါ့ခြေလှမ်းတွေ စ,တင်ပြီ ရှင်မင်းညို။ ငါက အကြွေးရှင်၊ မင်းက အကြွေးဆပ်ရမယ့်သူ။ တို့တွေ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပေါ့။ သူ အတွေးမှန်သမျှကို မောင်းထုတ်ပြီး အိပ်ပျော်အောင် ဇွတ်မှိတ်အိပ်ပစ်လိုက်သည်။ အိပ်မက်ထဲမှာ ရှင်မင်းညို ရှိသည်။ မေမေ၊ ဖေဖေနဲ့ ကျော်လည်း ရှိသည်။ လွန်ဆွဲမှုပေါင်းများစွာနဲ့ တစ်ညတာ အိပ်မက်ထဲမှာ သူ ပင်ပန်းနွမ်းနယ်ခဲ့သည်။

အိပ်ရာနိုးတော့ သူ့ခေါင်းတွေ နောက်ကျိရှုပ်ထွေးနေသည်။ ဖုန်းပြန်ဖွင့်တော့ ရှင်မင်းညို ပို့ထားတဲ့ message တွေ တသီတတန်းကြီး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှျံ ... ဘာဖြစ်လို့လဲဟင်၊ စိတ်ပူလိုက်တာ ... နေမကောင်းလို့လား"

"ကိုလှျံ ... ရှဉ်လေး အိပ်လို့မရတော့ဘူး၊ တစ်ယောက်တည်း အခန်းထဲမှာ တစ်ခုခု ဖြစ်နေပြီလား"

"ဖုန်းပိတ်လိုက်တယ်ဆိုတော့ ဘာမှမဖြစ်ဘူးဆိုတာ သိလိုက်လို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ရှဉ်လေး စိတ်ပူနေတုန်းပဲ"

မကြာပါ။ သူမဆီက ဖုန်းဝင်လာသည်။ သူ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ကိုလှျံ ... ညက ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ၊ ဘာလို့ ဖုန်းပိတ်ထားတာလဲ၊ ဒီမှာ စိတ်ပူလို့ တစ်ညလုံး အိပ်မရဘူး"

"sorry ပါကွာ၊ ညက သူငယ်ချင်းတွေနဲ့တွေ့ပြီး သောက်ဖြစ်သွားလို့ပါ၊ အာလေး လျှာလေးနဲ့ ရှဉ်လေးနဲ့ ဖုန်းမပြောချင်လို့ ကိုယ်တို့ ခွင့်လွှတ်ပါ"





"အင်းပါ ... အကျိုးအကြောင်းပြောရင် ဒီကလည်း နားလည်ပါတယ်၊ အခုတော့ ဘာမှန်းညာမှန်း မသိနဲ့"

"ပြောရဦးမယ် ရှဉ်လေး၊ ကိုယ် အလုပ်ကိစ္စတစ်ခုနဲ့ ခရီးထွက်ဖို့ရှိတယ်၊ ရေ့အပတ်ထဲ"

"ဘယ်ကိုသွားမှာလဲ ကိုလှျံ"

"**စင်ကာပူကို**လေ၊ ပြန်လာရင် ရှဉ်လေးအတွက် အထူးစပါယ်ရှယ် လက်ဆောင်ပေးမှာပါ"

"မလိုပါဘူး ကိုလှျံရယ်၊ ကိုလှျံ အဆင်ပြေ ကျန်းမာပျော်ရွှင်ခြင်းသာ ရှဉ်လေးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်ပါ"

"ရှဉ်လေးက ရုပ်လေးချောရုံသာမက အပြောလေးလည်း ကောင်းတယ်နော်၊ ဒီရုပ်လေး၊ အပြောလေးတွေနဲ့ အသည်းနှလုံး ဘယ်လောက်များများ အရည်ပျော်အောင် ပြုစားခဲ့သလဲ မသိဘူး"

ဒီနေ့ သူ့လေသံကို ခံစားပြီး နားဆင်အပြီးမှာ ရှင်မင်း သိလိုက်ရတာက သူ ခြေလှမ်းစ,ပြီမှန်း။ တစ်နေ့ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်ခုကို စိုးရိမ်တကြီး စောင့်စားနေတဲ့ ရှင်မင်းရဲ့ဘဝကား ကြိုးမိန့်ပေးခံရတဲ့ အပြစ်သားထက် ပိုပြီးဆိုးခဲ့ပါတယ်။

"ဟော့ ... ဘာလဲ၊ ဒီကာစ,နေတာ စိတ်ဆိုးသွားပြီလား"

"ဟင့်အင်း ... ရှဥ္ဇလေး ပြောရင် ယုံမလား၊ ကိုလျှံ့ကို ရှဥ္ဇလေး လုံးဝစိတ်မဆိုးပါဘူး၊ မုန်းလည်း မုန်းမှာမဟုတ်ဘူး၊ ထာဝရအတွက် ပြောတာပါ"

"ဟားဟ ... စကားတွေ အကုန်မပြောပါနဲ့ ကောင်မလေးရယ်၊ စကားကျွံရင် နုတ်မရဘူးကွ"

"ရှဥ္ဇလေး တကယ်ပြောနေတာပါ၊ အချိန်ကာလက သက်သေပြမှာပါ ကိုလျှံ"

"Ok ... ကောင်းပြီလေ၊ ကိုယ် စင်ကာပူက ပြန်လာရင် ရှဥ္ဇလေး အရမ်းသိချင်တဲ့အကြောင်းကို ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ၊ ကိုယ့်ရဲ့အရုပ်ဆိုး အကျည်းတန်တဲ့ နာကျင်ကြေကွဲဖွယ်ရာကောင်းတဲ့ အတိတ်ဆိုးတစ်ခု အကြောင်းပေါ့"

သေချာပြီဆိုတဲ့ အတွေးလေး ရှင်မင်းဆီ ဝင်ဝင်ချင်းမှာပဲ ဆောက်တည်ရာ မရနိုင်လောက်အောင် တုန်လှုပ်မိ





သည်။ ထာဝရဝေးရတော့မယ်ဆိုတဲ့ အသိက ရှင်မင်းနှလုံးသားကို အဆက်မပြတ် ထိုးနှက်နေကြသည်။ ဇာတ်သိမ်းခန်းကို သိနှင့်နေပေမယ့်လည်း တကယ်ကြုံရတော့ ခံနိုင်ရည်အား မရှိလှပါ။ ရှင်မင်းအတွက် အချိန်တွေက သိပ်ကိုနည်းပါးတိုတောင်းလွန်းနေသည်လေ။ ရှင်မင်းညို အားယူပြီး ပြုံးလိုက်ကာ ...

"ဝမ်းသာပါတယ် ကိုလျှံ၊ ရှဥ္ဇလေးလည်း နားထောင်ချင်ပါတယ်"

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



# ၄ ၁ ၆

မိန်မလာတောင်းသည့် လျှံတိုးဝေဆိုတဲ့ သူ့မျက်နှာမှာ ရင်နုန်ပျော်ရွှင်ခြင်းတို့ ပျောက်ဆုံးနေပြီး လေးနက်တည်ငြိမ်လွန်းနေတာ အသက်အရွယ်ကြောင့်လို့ မျက်စိစုံမှိတ်ပြီး ယုံကြည်လိုက်ချင်ပါသော်လည်း ပန်းသွေး သူ့ရင်အတွင်းပိုင်း တစ်နေရာကို ဖောက်ထွင်းမြင်မိပြီမို့ နာနာကျင်ကျင်လေး ခံစားနေရသည်။ မကြာခင်မှာ ပန်းသွေးချစ်တဲ့ သူ့ကို ပိုင်ဆိုင်ရတော့မှာ၊ မခွဲနိုင်လောက်အောင် ချစ်မိတဲ့ သူ့ကို ပိုင်ဆိုင်ရတော့မှာလေ။ အနာအဆာလေးပါရင်တော့ ဒီလိုပဲ လျှစ်လျူရှုပစ်ရမှာပေါ့။





မင်္ဂလာရက်ကို သတ်မှတ်နေကြတုန်း လျှံ မျက်ဝန်းတွေက ငေးရီရီနဲ့ မှုန်မှိုင်းနေကြတာ မြင်လိုက်ရတာမို့ ပန်းသွေး မသက်မသာ ခံစားလိုက်ရပါသည်။ ကဲ ... မကျေနပ်ရင် သူ့ကို စွန့်လွှတ်လိုက်ဖို့ နင့်မှာ သတ္တိရှိသလား။ နင် စွန့်လွှတ်လိုက်တော့ ရော သူ ရှင်မင်းညီဆီ သွားလို့မှ မရနိုင်တဲ့ အခြေအနေပဲဟာကို။ ပန်းသွေးနီ တစ်ယောက်လည်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းတွေ ထုတ်လိုက် ဖြေလိုက်နှင့် ပင်ပန်းလို့နေပါသည်။

"လျှံ ... ဟိုတစ်ယောက်နဲ့ကိစ္စ ပြတ်ပြီလား"

ပန်းသွေးရဲ့ ခပ်တိုးတိုးအမေးစကားကို သူ ခေါင်းခါပြရင်း ...

"မပြတ်သေးဘူး၊ ကိုယ်တို့မင်္ဂလာဆောင်တဲ့နေ့မှ ပြတ်မှာ"

"အဲဒီအချိန်အထိ ဆွဲထားမလို့လား လျှံ၊ အဲဒါဆို သူ သိပ်ပြီးခံစားသွားရလိမ့်မယ်၊ လျှံတို့ကြားမှာ ဖြစ်ပျက်ခဲ့တာတွေ ပန်းသွေး သိပါတယ်၊ ဒါပေမဲ့ မိန်းမချင်းတော့ ကိုယ်ချင်းစာမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လျှံတိုးဝေဏ ခြံထဲက ချိုချဉ်ရောင်နှင်းဆီတစ်ပွင့်ကိုခူးပြီး ပန်းသွေးနီရဲ့ စုစည်းထားတဲ့ ဆံပင်အရင်းနားကပ်ပြီး ပန်ပေးနေသည်။

"ကိုယ့်တာဝန်ကို ကိုယ်လုပ်နေတာလေ ပန်း၊ ကိုယ့်ကတိတည်ပါတယ်၊ ကိုယ် လက်ထပ်ပြီး ဘဝတစ်သက်တာ လက်တွဲသွားမယ့် မိန်းကလေးက ပန်းသွေးနီဆိုတဲ့ မိန်းမတစ်ယောက်တည်းပါ"

"လျှံ ... ပန်းကို ချစ်သေးရဲ့လား"

သူ့ကိုမော့ကြည့်ပြီး မပွင့်တပွင့် မေးလာတဲ့ ပန်းရဲ့အမေးစကားကို ချက်ချင်းဖြေဖို့ သူ နှုတ်ဆွံ့နေခဲ့ပါသည်။ ပန်းကို သူ ချစ်ပါသည်။ သူငယ်ချင်းသံယောဇဉ်ကနေတစ်ဆင့် ပေါက်ဖွားလာသော မေတ္တာတရားနှင့် ချစ်ခဲ့တာ။ ရှင်မင်းညိုပေါ်မှာကျတော့ အမုန်းအရင်းခံထားပြီးမှ မျက်လှည့်ပြခံလိုက်ရသလို ဆန်းပြားစွာ ချစ်စိတ်ဝင်လာမိတာ။ မနှိုင်းကောင်းတာ သိပေမင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရှင်မင်းညိုကို ချစ်မိတဲ့ အချစ်မှာ ရသတွေ အပြည့်အဝကို ပျော်ဝင်နေသည်လေ။





"ဟင်း ဟင်း ... လျှံ မဖြေနိုင်တော့ဘူးမှလား၊ ပန်း လျှံ့ကို အပြစ်မဆိုပါဘူး၊ သံယောဇဉ်နဲ့ အသိတရားနဲ့ ပန်းကို ဘဝလမ်းအတွက် အဖော်မွန်ကောင်းအဖြစ် ရွေးချယ်တာကိုပဲ ကျေးဇူးတင်ပါတယ်၊ ဘာလို့လဲဆိုတော့ ပန်း လျှံ့ကို မခွဲနိုင်လောက်အောင် သိပ်ချစ်နေလို့ပါ"

သူ ပန်းရဲ့ခေါင်းလေးကို ခပ်ဖွဖွ ပွတ်သပ်မိပါသည်။ သူ့အပေါ် အစစအရာရာ ကောင်းခဲ့တဲ့ ပန်းသွေးနီကို သူ မဖောက်မပြားဘဲ လင့်ဝတ္တရား ကျေပွန်စွာနဲ့ တစ်သက်လုံးစောင့်ရှောက်သွားမှာပါ။

ဖုန်းမြည်သံကြောင့် လျှံတိုးဝေ အိတ်ထဲကဖုန်းကို ထုတ်လိုက်သည်။ ရှင်မင်းညိုဆီက ဖုန်းမို့ ပန်းရှေ့မှာ ဟန်မပျက်ကိုင်လိုက်သည်။

"........."

"အင်း ... ကြာသပတေးလောက်မှ ပြန်ရောက်မယ်ထင်တယ် ရှဉ်လေး၊ မပြောတတ်သေးဘူး"

"........."



www.burmeseclassic.com

www.burmeseclassic.com



"အခုလား၊ ကိုယ် orchid garden ထဲ ရောက်နေတာ"

သူ့ရဲ့အလိမ်အညာစကားကြောင့် ရှင်မင်းညို မချိတရီ ပြုံးဖြစ်လိုက်သည်။ သူရောက်နေတဲ့အိမ်ရဲ့ မလှမ်းမကမ်းမှာ ရှင်မင်း ရောက်နေခဲ့တာလေ။ သူ မသိတဲ့ အိမ်ကကားတစ်စီးကိုယူပြီး သူ့နောက်က နောက်ယောင်ခံ လိုက်ခဲ့တာ။ သူ ရန်ကုန်မြေကနေ တစ်ဖဝါးမှ မခွာဘဲ ရှင်မင်းကို ပွဲသိမ်းတိုက်ဖို့ အစီအစဉ်တွေ စနစ်တကျ အကွက်ချနေသည်ပဲ။

ကားစတီယာရင်ကို ကိုင်ထားတဲ့ ရှင်မင်းရဲ့လက်တွေ တုန်ခါနေပြီး မျက်ရည်တွေ အတားအဆီးမရှိ စီးဆင်းလာသည်။ ဆုံးရှုံးရခါနီးလာလေ ရှင်မင်း တုန်လှုပ်လာလေပင်။ သူတို့အိမ်ရှေ့ကနေ ရှင်မင်း ကားဘီးလိမ့်ရုံလေး မောင်းလာတော့ ခြံထဲမှာ ပြုံးရွှင်ရယ်မောပြီး စကားပြောနေကြတဲ့ သူတို့စုံတွဲကို လှမ်းတွေ့နေရသည်။

ပွဲပြီးဖို့ အချိန်နီးကပ်လာပြီ ရှင်မင်းညို။ အဲဒီပွဲက အပြတ်အသတ်ရှုံးမယ့်ပွဲ။ မဟုတ်သေးဘူး၊ ပိုသင့်တော်တဲ့စကားအသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် အပြတ်အသတ် အရှုံးပေးရမယ့်





ပွဲပါ။ သူ အားရကျေနပ်အောင် ပြုံးလဲကြေကွဲ ယိုင်နဲ့ပြရမည်။ ဟင်း ဟင်း ... မခက်ပါဘူး။ ဟန်ဆောင်စရာမလိုဘဲ ရင်ထဲက ခံစားချက်အတိုင်း စိတ်ကိုလွှတ်ပေးလိုက်ရုံသာ။

ရှင်မင်း စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း ကားကို ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာသည်။ မျက်ရည်တွေကတော့ ရှင်မင်းရဲ့ပါးပြင်ထက်မှာ အစုထက်ထိ စိုစွတ်နေတုန်း။ သိပ်ချစ်ပါတယ် ချစ်သူရယ်။ ရင်အကွဲခံပြီး ကလဲ့စားချေခွင့် ပေးခဲ့တာတော်ရုံတန်ရုံ မေတ္တာမျိုးနဲ့တော့ ဘယ်လွယ်ပါလိမ့်မလဲ။ ရှင်မင်းညို ရင်ကွဲတာ သေချာကြည့်သွားပါ။ ရှင်မင်းညို အထိနာသွားတာ သေချာကြည့်သွားပါ။ ရှင်မင်းညို စိတ်ကူးယဉ်အိပ်မက်တွေ ပျက်စီးသွားတာ အရသာခံပြီး သေချာကြည့်သွားပါနော်။

ဒါမှ ကိုလျှံ ရင်ထဲကအနာတရတွေ၊ ကိုလျှံရဲ့စိတ်ဒဏ်ရာတွေ အထိုက်အလျောက်တော့ ဖြေပျောက်သွားမှာပါ။ ရှင်မင်းညိုရဲ့နှလုံးသားကို ကြည်ဖြူစွာနဲ့ အပ်နှင်းလိုက်ပါရစေ။

ဖုန်းမြည်သံက ရှင်မင်းရဲ့ အလွမ်းယဉ်ကြောကို ပြတ်တောက်ပစ်လိုက်သည်။ ဖုန်းမှာပေါ်နေတဲ့ နံပါတ်ကို လှမ်းယူကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဇော်ဝဏ္ဏရဲ့ဖုန်း ဖြစ်နေတာမို့ ရှင်မင်း မကိုင်ချင်တာနှင့် ထားလိုက်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မက ခေါ်နေတာမို့ ရှင်မင်း ကောက်ကိုင်လိုက်ရသည်။

"ပြော ... ဝဏ္ဏ၊ ငါ ကားမောင်းနေရင်းမို့ အရေးမကြီးဘူးဆိုရင် ခဏနေမှ ပြန်ခေါ်ပါလား"

"ဟိုဘဲအကြောင်း ရှင်မင်းကို သတင်းပေးချင်လို့၊ ပြီးတော့ ရှင်မင်း သူ့ကို ဘယ်လို lesson ပေးလိုက်သလဲဆိုတာလည်း သိချင်လို့၊ ယောက်ျားတန်မဲ့ စပ်စုတယ်လို့တော့ မထင်လိုက်ပါနဲ့၊ ဟိုးအရင်ကတည်းက ရှင်မင်းရဲ့အရိပ်တို့ ဖြစ်ချင်ခဲ့တာလေ"

ရှင်မင်းညို သက်ပြင်းသဲ့သဲ့ ချမိလိုက်သည်။ ပြီးမှ_

"ပြောပါ ... သူ့အကြောင်း ဝဏ္ဏ ဘာတွေ ထပ်သိထားလဲ"

"သူ့မှာ ပန်းသွေးနီဆိုတဲ့ ချစ်သူတစ်ယောက် ရှိတယ်၊ တွဲတာ တော်တော်ကြာပြီ ဆိုပါတော့"

"အင်း ... ရှင်မင်း သိပါတယ်"





"ဒီတော့ သူ့ရည်ရွယ်ချက်ကြီးက အထင်းသားကြီးပဲလေ၊ အခု ရှင်မင်း သူနဲ့ခွာပြဲသွားပြီ မဟုတ်လား၊ ရှင်မင်း သူ့ကို ဘယ်လိုပညာပေးလိုက်လဲ"

ရှင်မင်းက အသံအက်အက်နှင့် တိုးတိုးရယ်သည်။

"ကစားပွဲပြီးတဲ့အထိ ရှင်မင်းကစားဖို့ စဉ်းစားထားတယ် ဝဏ္ဏ၊ ပွဲအပြီးမှာလည်း အရှုံးပေးဖို့ စိတ်ကူးထားတယ်"

"ဘာ ... ဘာ"

"ဟုတ်တယ်၊ ရှင်မင်းဘဝရဲ့အမည်းစက်ကို ဖျက်နိုင်မယ့် အခွင့်အရေးမို့ လက်မလွှတ်ချင်ဘူး၊ အခု သူနဲ့ ရှင်မင်းနဲ့က ချစ်သူတွေ၊ မိဘတွေကပါ အသိအမှတ်ပြုထားတဲ့ စုံတွဲတစ်တွဲ၊ ရှင်မင်းရဲ့ပတ်ဝန်းကျင်မှာလည်း ဒီအတိုင်းပဲ၊ မကြာခင်မှာ သူ မျက်နှာပြောင်တိုက်ပြီး သူ့ချစ်သူနဲ့လက်ထပ်ပြီး ရှင်မင်းကို သစ်စိမ်းချိုး ချိုးခဲ့မှာလေ ... ဟင်း ဟင်း"

"ဒါ ရယ်စရာမဟုတ်ဘူး ရှင်မင်းညို၊ ကလေးကစားစရာလည်း မဟုတ်ဘူး၊ မင်းရဲ့ဂုဏ်သိက္ခာ၊ မင်းရဲ့ မာနတွေ



www.burmeseclassic.com

www.burmeseclassic.com



သာမက မင်းရဲ့အနာဂတ်ကိုပါ ထိခိုက်နိုင်တယ် ရှင်မင်းညို၊ ရှုးကြောင်ကြောင် အတွေးတွေကို ခေါင်းထဲက ထုတ်ပစ်စမ်းပါ"

"sorry ... ဒါ လျှံတိုးဝေနဲ့ ရှင်မင်းညို ကြားထဲက ပြဿနာပါ၊ စေတနာထားတာ သိပါတယ်၊ ဒါပေမဲ့ ဝင်မစွက်ဖက်ရင် ကောင်းလိမ့်မယ်"

သူ ဘာမှမပြောခင်မှာ ရှင်မင်း ဖုန်းချပြီး စက်ပိတ်ပစ်လိုက်ပါသည်။ အတုံ့အလှည့်ဆိုတာ ရှိတတ်တာပဲ။ အကြီးအကျယ် ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက်မျိုး မပါခဲ့ပေမယ့် ကျော်ဘုန်းသက်ကို အသည်းခွဲဖို့ဆိုတဲ့ စေတနာဆိုးတွေတော့ ပါခဲ့တာပဲလေ။ ဒီအတွက် ရှင်မင်း အသည်းကို ပြန်ခွဲဖို့ ရောက်လာတဲ့သူ့လက်ကနေ ရှောင်ပြေးဖို့ ဆန္ဒမရှိပါဘူး။ မငြူစူဘဲ အမျက်ကင်းကင်းနဲ့ သူ့လက်တွင်းကို ကိုယ့်အသည်းကို ကိုယ်ကိုယ်တိုင်အပ်နှင်းပေးမယ့်သူပါ။

✤ ✧ ✤





( ၂၂ )

"ဟယ် ... သမီးလေးက လှလိုက်တာ"

ရွှေဝါရောင် ပွဲတက်ဝတ်စုံလေးဝတ်ပြီး အပေါ်ထပ်လှေကားအတိုင်း တစ်လှမ်းချင်း ဆင်းလာတဲ့ ရှင်မင်းညိုကို ဧည့်ခန်းထဲက ဧည့်သည်တော်တွေက ပါးစပ်က ထုတ်ဖော်၍လည်းကောင်း စိတ်ထဲကျိတ်ပြီးလည်းကောင်း ချီးမွမ်းကြလေသည်။

ဒီနေ့ ရှင်မင်းညိုနဲ့ လျှံတိုးဝေတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းအတွက် ဂုဏ်သရေရှိ လူကြီးမင်းများကို ဖိတ်ကြားထားခဲ့တာလေ။ အခမ်းနားဆုံးဖြစ်အောင် ပြင်ဆင်ထားသော ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်မင်း ဖွေဝဲကြည့်ရင်း ခပ်လေးလေး ပြုံးမိသည်။ တကယ်တော့ ဒါ စေ့စပ်ခြင်း အခမ်းအနားမှ မဟုတ်တာ၊ ရင်ကွဲအခမ်းအနားတစ်ခုရယ်ပါ။

"ရှင်မင်း ... နင့်လူကို ဖုန်းလေး ဘာလေးဆက်လေ၊ နောက်တောင်ကျနေပြီ၊ တကယ်ဆို သူ စောစောရောက်သင့်တာ မဟုတ်ဘူးလား၊ ဧည့်သည်တွေ အားနာစရာ"

မာမီနဲ့ မမငွေနှင်းက ရှင်မင်းလက်ကိုဆွဲရင်း တီးတိုးပြောဆိုကြသည်။ မလာတော့မယ့် လူတစ်ယောက်ကို ရှင်မင်း ဘယ်လိုခေါ်ပေးရမှာလဲ။ အခုအချိန်မှာ သူက ပန်းသွေးနီနဲ့ Sedona Hotel မှာ မင်္ဂလာပွဲ ဆင်နွှဲဖို့ ပြင်ဆင်နေလောက်ပြီလေ။

"ဟဲ့ ... ရှင်မင်း၊ နင့်ဒက်ဒီ လှမ်းလှမ်းကြည့်နေတာကြာပြီ၊ အခု ဖုန်းဆက်စမ်းပါ"

ရှင်မင်း အားတင်းပြီး ဟန်းဖုန်းယူပြီး သူ့ဖုန်းကို လှမ်းခေါ်လိုက်ပါသည်။ တစ်ညလုံး မျက်ရည်မကျအောင် မျိုသိပ်





ထိန်းချုပ်ထားခဲ့တဲ့ ရှင်မင်း ရင်ထဲမှာ တင်းကျပ်ပိတ်လှောင်လို့နေသည်။

အနှစ်နှစ်အလလက သူ တောင့်တသည့် ဆန္ဒတစ်ခုကို ရှင်မင်း နှလုံးသားနဲ့ရင်းပြီး အရှက်သိက္ခာနဲ့ရင်းပြီး ပေးဆပ်လိုက်ပါပြီ။

ဒီဖုန်းကိုခေါ်တာ သူ့အာသီသ ပြည့်ဝစေဖို့ နောက်ဆုံးလုပ်ဆောင်ခြင်း တစ်ခုရယ်ပါ။

"ဟယ်လို"

"ကိုလွှဲ ... မလာသေးဘူးလား၊ ဒီမှာ လူကြီးတွေအားလုံး ရောက်နေကြပြီ"

"ရောက်နေပြီလား၊ ရောက်နေရင် ပြန်သာလွှတ်လိုက်တော့"

"ဘာရယ်"

"ကြားတဲ့အတိုင်းပါပဲ ရှင်မင်းညို၊ ကိုယ် မင်းနဲ့ဇာစပ်မှာ မဟုတ်တဲ့အတွက် စေ့စပ်ပွဲကို မလာနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလျှံ ဘာတွေပြောနေတာလဲ၊ မနောက်ပါနဲ့"

"ဟား ဟား ... မနောက်ပါနဲ့တဲ့လား၊ နောက်နေတာ မဟုတ်ဘူးကွ၊ အတည်ပြောနေတာ၊ ဒီမှာ နောက်ဆုံးအနေ နဲ့ မင်း သိချင်နေတဲ့ ငါ့ရဲ့အတိတ်အကြောင်းလေး ပြော ပြရဦးမယ်၊ မင်းကြောင့် ကားအက်ဆီးဒင့် ဖြစ်သွားတဲ့ ကျော်ဘုန်းသက်ဆိုတာ ငါ့ညီအရင်းပဲ၊ ဒါတင်မဲလားဆို တော့ မဟုတ်သေးဘူး၊ ငါ့အဖေ ငါ့အမေ နှစ်ယောက်စလုံး ဒီဂယက်ဒဏ်ကြောင့် အသက်ဆုံးခဲ့ရတာ"

"ကိုလျှံ"

သိပြီးသားတွေပေမယ့် သူ့ရဲ့နှုတ်က စိမ်းတောက် မာထန်တဲ့လေသံနဲ့ အပြောတွေက ရှင်မင်းရင်ကို ခပ်ပြင်းပြင်း လာရောက်ရိုက်ခတ်သည်။

"ဒီလောက်ဆို မင်းလည်း သဘောပေါက်လောက်ပြီထင် ပါရဲ့၊ မင်းအနားကို ငါ ရောက်လာခဲ့တာ ငါ့ညီ၊ ငါ့ မိသားစုအတွက် ကလဲ့စားချေဖို့ သက်သက်ပဲ၊ ငါခံစားခဲ့





ရတာနဲ့ယှဉ်ရင် မင်း အခုခံစားရမှာ ခပ်ပါးပါးလေးပါ၊ hotel တစ်ခုမှာ ခမ်းခမ်းနားနား စေ့စပ်ပွဲမလုပ်ဖို့ ငါပြင်း ဆန်တာကိုပဲ မင်း ကျေးဇူးတင်စမ်းပါ ရှင်မင်းညို"

ရှင်မင်း စိတ်လျှော့ပြီး မျက်ရည်တွေရှေ့က တင်း ခံနေတဲ့ တံခါးတစ်ချပ်ကို ဖွင့်လှစ်ပစ်လိုက်ပါသည်။

"ဟား ဟား ... မင်း ငိုနေတာလား ရှင်မင်းညို၊ မငိုပါနဲ့ အကြွေးဆိုတာ ကြေအောင်ဆပ်ရတတ်တယ်"

"ရှဉ်လေး ... အားလုံးနားလည်သွားပါပြီ ကိုလျှံရယ်၊ ဒါပေမဲ့ တစ်ခုလောက်တော့ မေးပါရစေ၊ နောက်ဆုံးအနေ နဲ့ပါ"

"မြန်မြန်မေးပါ၊ ဒီနေ့ ငါ့ရဲ့မင်္ဂလာပွဲနေ့မို့လို့ ငါ သိပ် မအားဘူး ရှင်မင်းညို"

"ကိုလျှံ ... ရှဉ်လေးကို ချစ်ခဲ့လားဟင်"

သူမဆီက မမျှော်လင့်တဲ့ မေးခွန်းကို ကြားတော့ သူ ငိုင်တွေသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းညို ... သူ ဘယ်လိုမိန်းမမျိုးလဲ။

မမျှော် လင့်တဲ့အချိန်မှာ မမျှော်လင့်တဲ့ထိုးနှက်ချက်ကို ခံရတဲ့အခါ သူမ shock တွေဖြစ်ပြီး ရူးသွပ်သွားရမယ့် အချိန်မျိုးမှာ သွေးအေးအေးနဲ့ ဒီမေးခွန်းကို မေးနိုင်ခဲ့တာ ဘာကြောင့်များလဲ။

"ငါ့ဘဝတစ်ခုလုံး စုတ်ပြတ်သတ်အောင် လုပ်ခဲ့တဲ့ မင်းလိုမိန်းမမျိုးကို ငါက ချစ်စရာလား ရှင်မင်းညို၊ မနေ့က အထိ ငါ့ရဲ့ပြုမူဆောင်ရွက်ချက်တိုင်းဟာ အားလုံး မာယာတွေချည်းပါပဲ"

"ကျေးဇူးတင်ပါတယ် ကိုလျှံ၊ အခုလို ဖြေကြားပေးတဲ့ အတွက်၊ အခု ကိုလျှံ ကျေနပ်ပြီလားဟင်၊ ရှင်မင်း အားလုံးကို ကြိုပြီးသိခဲ့ပါတယ် ကိုလျှံ၊ ဒီနေ့ ဝန်းသွေးနီနဲ့ မင်္ဂလာဆောင်မှာကိုရောပေါ့"

"ဘာ"





လျှံတိုးဝေက သူ့နားကိုတောင် သူ မယုံနိုင်။ ကြိုပြီးသိနေတဲ့ ရှင်မင်းညိုလို မိန်းမတစ်ယောက်က သူမရဲ့သိက္ခာနဲ့ မာနတရားတွေကို အချိုးဖွဲ့ခံပါ့မလား။

"ရှဥ်လေး ပြောခဲ့ဖူးပါတယ်၊ ရှဥ်လေးဘဝက အမည်းစက်သာ ပျောက်မယ်ဆိုရင် ဘာတွေပဲပေးဆပ်ရ ပေးဆပ်ရလို့၊ ဒီကိစ္စတွေကို ကိုလျှံကို အဖြေပေးပြီး တစ်ပတ်အကြာ တည်းက ရှဥ်လေး သိခဲ့တာပါ၊ ဒါပေမဲ့ ရှဥ်လေးလေ ကိုလျှံကို အရမ်းချစ်တယ်၊ ကိုလျှံရဲ့နာကျင်ခံစားမှုတွေကို ပ,ပျောက်သွားစေချင်တယ်၊ ကိုလျှံရဲ့ ကလဲ့စားချေမှုကို လိုလိုလားလား ခံယူချင်မိတယ်၊ ဒါကြောင့် ... ဒါကြောင့်"

ရှင်မင်းညို စကားဆက်မပြောနိုင်ဘဲ တသိမ့်သိမ့် ငိုရှိုက်နေမိသည်။

ဖုန်းထဲကနေ ပြောနေတဲ့ သူမရဲ့စကားနဲ့ ရှိုက်သံ အကြားမှာ သူ့ရင်ဘတ်ပွင့်ထွက်သွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလျှံ ကျေနပ်လိုက်ပါတော့နော်၊ ရှည်လေး ကိုလျှံတို့ မင်္ဂလာပွဲကို လာမနှောင့်ယှက်ပါဘူး၊ ရှည်လေးဘက်က လှုပ်တွေကိုလည်း ထိန်းထားလိုက်ပါမယ်၊ ရှည်လေး ဒီလောက မှာ ခေါင်းမဖော်ရဲလောက်အောင် အရှက်ရမှာ မှန်ပေမယ့် မမှုပါဘူး၊ ကိုလျှံ ရှည်လေးပေါ်မှာ အာဃာတ အငြိုးအတေး မထားရင်ဘဲ ကျေနပ်ပါပြီ၊ ရှည်လေးကို မမုန်းပါနဲ့တော့ နော်၊ ရှည်လေးရဲ့နှလုံးသားနဲ့ အရှက်သိက္ခာကိုပေးပြီး အကြွေးဆပ်လိုက်ပါပြီ"

"ရှင်မင်းညို"

သူ လုံးဝမမျှော်လင့်ထားတဲ့ လူမရဲ့သဘောထားနဲ့ ခံယူချက်ကိုကြားတော့ ရင်ထဲဆို့တက်သွားမိသည်။

"နောက်ဆုံးအနေနဲ့ ရှည်လေး ပြောခဲ့ပါရစေ၊ ရှည်လေး ကိုလျှံကို အရမ်းချစ်တယ်၊ နောက်ဘဝ ရှည်လေးတို့ဆုံကြ ရင် ရှည်လေးကို အခုလို မမုန်းပါနဲ့နော်၊ ကိုလျှံနဲ့ မပန်း သွေးနီတို့ ဘဝခရီးလမ်း ပျော်ရွှင်အေးချမ်းပါစေ"





"ရှည်လေး ... ရှည်လေး"

ဖုန်းချပြီး ဖုန်းပိတ်သွားတဲ့ ရှင်မင်းညိုကို သူ တကြော်ကြော် အော်ခေါ်နေမိသည်။ ပြီးတော့ ဖုန်းကိုချပြီး သူ ရှိက်ကြီးတငင် ငိုကြွေးနေမိသည်။ ငါကို ဘာလို့ အဲဒီလောက် ချစ်ရတာလဲ ရှည်လေးရယ်။ ဘာကြောင့် အဲဒီလောက် ချစ်ရတာလဲ။

မနေ့က သူ ပြန်ခါနီး သူ့လက်တွေကို မလွှတ်ဘဲ အကြာကြီး ဆုပ်ကိုင်ထားပြီး သူ့မျက်နှာကို မျက်တောင်မခတ် ကြည့်နေတဲ့ သူမမျက်လုံးလေးတွေ သူ ပြန်မြင်ယောင်နေမိသည်။ သူ့မျက်နှာအနှံ့ကို ခပ်ဖွဖွ နမ်းရှိုက်ရင်း ...

"ရှည်လေးရဲ့ ဒီအနမ်းလေးတွေကို ကိုလျှံ ဘယ်တော့မှ မမေ့ဘဲ သိမ်းထားပါနော်"

ဆိုတဲ့ စကားသံလေးတွေ။ ရှင်မင်းညို မင်းကိုလာ သတ်တဲ့ကောင်ရဲ့ လက်ထဲကို မင်းအသက်ကို ရဲရဲဝံ့ဝံ့ ထည့်ခဲ့ တယ်နော်။ ငါ ... ငါ ... လေ ... မင်းကို သိပ်ချစ်ပါတယ်၊ ရှည်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"လျှံ ဘယ်လိုဖြစ်တာလဲ"

hotel ကိုသွားဖို့ လုပ်ပစ္စာပြင်ဆင်ထားတဲ့ မင်္ဂလာကားနားမှာ ငိုရှိုက်နေတဲ့ လျှံ့ကိုတွေ့တော့ ပန်း တိတ်ထိတ်ပျာယျာ ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ လျှံ ... ဘာဖြစ်တာလဲ"

"ပန်းရယ် ... ရှဥ့်လေး သူကိုယ်ကလွဲစားချေမှာကို အစောကြီးတည်းက သိနေခဲ့တယ်၊ ပြီးတော့ ဒီနေ့ ကိုယ်တို့မင်္ဂလာဆောင်မှာလည်း ကြိုသိနေခဲ့တယ်၊ သိသိနဲ့ သူ့အရှုံးပေးခဲ့တယ်၊ ကိုယ် ... ကိုယ် ... ဘယ်လိုဖြေသိမ့်နိုင်တော့မလဲ ပန်းရယ်"

"လျှံရယ်"

ပန်းသွေးနီ တစ်ယောက် လျှံတိုးဝေရဲ့ နာကျင်မှုကို ဘယ်လိုနှစ်သိမ့်ပေးရမလဲ မသိအောင် စကားတွေပျောက်ဆုံးနေသည်။ ရှင်မင်းညို ဆိုတဲ့ ကောင်မလေးအတွက်လည်း ရင်ထဲမှာ နင့်နင့်နဲနဲ ခံစားနေရသည်။





"မင်္ဂလာချိန်တော် နီးနေပြီ၊ သမီးတို့ ဘာလုပ်နေကြတာလဲ"

အိမ်ထဲကနေ အသံကြားလိုက်တာမို့ ပန်းသွေးနီ တစ်ရှူးယူပြီး လျှံ မျက်နှာကို တို့သုတ်ပေးရင်း ...

"စိတ်ထိန်းပါ လျှံ၊ လူကြီးတွေ တွေ့သွားရင်မကောင်းဘူး၊ သွားကြရအောင်ပါ"

ခပ်လေးလေး ခြေလှမ်းတွေနဲ့အတူ သူ ကားတံခါးဖွင့်ဝင်လိုက်သည်။ မျက်နှာမကောင်းလှတဲ့ ပန်းကိုကြည့်ပြီး သူ့စိတ်တွေကို တည်ငြိမ်အောင်လို့ ကြိုးစားထိန်းချုပ်လိုက်သည်။

အခု သူ မငိုတော့ပါ။ သူ့ရင်ဘတ်ထဲမှာသာ မျက်ရည်မိုးတို့ကိုသာ ရွာသွန်းဖြိုးသော ဥတုတစ်မျိုးတည်းသာ ရာသက်ပန်ကြီးစိုးသွားတော့သည်။

တရိပ်ရိပ်ဖြတ်ပြေးလာတဲ့ ကားထဲမှာ ရာသက်ပန်ဘဝခရီးတစ်ခု အတူလက်တွဲဖို့ ဆုံးဖြတ်ပြီးကြတဲ့ မင်္ဂလာစုံတွဲ တိတ်ဆိတ်ငြိမ်သက်စွာနှင့် လိုက်ပါလာ၏။ သူတို့နှစ်ယောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အတွေးထဲမှာတော့ ရှင်မင်းညို ဆိုတဲ့ အသည်းကွဲလိပ်ပြာ မလေးတစ်ကောင်က လူးလာခေါက်တုံ့ ဝဲပျံလျက် ...။

အသင်

၂-၅-၁၄

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com